# အောင်မြတ်ဦး

# မြန်မာ့နိုင်ငံရေးလောကကို ကိုင်လှုပ်ခဲ့သူများ



ဒို့တာဝန် အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

စိတ်ကူးသစ်စာပေ

# အောင်မြတ်ဦး

# မြန်မာ့နိုင်ငံရေးလောကကို ကိုင်လှုပ်ခဲ့သူများ



စီစဉ်သူ ။ ကိုတင်ထွန်း

■

ပုံနှိပ်ခြင်း

ပထမအကြိမ် ။ ၂၀၁၃၊ ဧပြီလ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ မြတ်မင်းဟန်
ကွန်ပျူတာစာစီ ။ *Maw Maw*
အတွင်းဖလင် ။ *Quality*

■

ပုံနှိပ်သူ

ဒေါ်ယဉ်ယဉ်မွန် (မြူးဝေလျှံပုံနှိပ်တိုက်) (၀၀၆၅၉)
ဆန်စက်အပိုပစ္စည်းစက်ရုံဝန်း။ အထက်ပုဇွန်တောင်လမ်း။ စက်ဆန်း။
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

■

ထုတ်ဝေသူ

ဦးတင်ထွန်း (မြဲ)(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊ အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း။
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

■

တန်ဖိုး – ၂၅၀၀ ကျပ်

၀၁၈. ၀၄

အောင်မြတ်ဦး၊
မြန်မာနိုင်ငံရေးလောကကိုကိုင်လှုပ်ခဲ့သူများ/အောင်မြတ်ဦး။
–ရန်ကုန်။
စိတ်ကူးသစ်စာပေ၊ ၂၀၁၃။
၂၂၈–ဓာ ၊ ၁၃ စင်တီ × ၂၀. ၅ စင်တီ။
(၁) မြန်မာနိုင်ငံရေးလောကကိုကိုင်လှုပ်ခဲ့သူများ

# မာတိကာ


■ နိဒါန်း သို့မဟုတ် မြန်မာ့နိုင်ငံရေးလောက အသင်္ချေများသည် ၁

၁။ ဦးလွန်း (ဆရာကြီးသခင်ကိုယ်တော်မှိုင်း) သို့မဟုတ် မျိုးချစ်စာဆို ၅

၂။ သမ္မတဦးချစ်လှိုင် (သို့မဟုတ်) ပြည်သူ့ဆန္ဒသမ္မတအဖြစ် ထင်ရှားသူ ၂၇

၃။ ဗိုလ်မှူးဘဒေသ ဦးစိုးသိန်း (သို့မဟုတ်) နိုင်ငံရေးလူကြမ်းမင်းသား ၃၇

၄။ ဦးထွန်းရှိန် (သို့မဟုတ်) နိုင်ငံရေးအတွက် အရာရာစွန့်လွှတ်ခဲ့သူ ၅၃

၅။ ဘကြီးဘဒေ (ခေါ်) ဦးဘဒေ (သို့မဟုတ်) သုံးရာသီ နိုင်ငံရေးသမား ၆၁

၆။ ဒေါက်တာဘမော် (သို့မဟုတ်) သမ္မာရှိသော နိုင်ငံရေးသမား ၇၅

၇။ ဝဏ္ဏဆရာစံ (သို့မဟုတ်) နယ်ချဲ့တိုက်ပွဲလှန် အညွှန့်ခံခဲ့သူ ၉၇

၈။ သခင်မိုးလှကြီး (သို့မဟုတ်) အာဇာနည် ၁၀၅

၉။ သခင်အောင်ဆန်း (ဗိုလ်ချုပ်အောင်ဆန်း) (သို့မဟုတ်) နိုင်ငံသစ်မွေးဖွားပေးခဲ့သူ ၁၁၇

၁၀။ ရဲဘော်ဗိုလ်ချုပ်ကြီးဟောင်း ဆာမောင်ကြီး (သို့မဟုတ်) တပ်မတော်နိဒါန်းပုံရိပ်တွင်ခဲ့သူ ၁၃၇

၁၁။ နန်းရင်းဝန်ဟောင်း ဦးစု (သို့မဟုတ်) နိုင်ငံရေးမှလွဲ၍ ၁၄၉

၁၂။ ဝဏ္ဏဦးစော (သို့မဟုတ်) ထုံးစံခြင်းနှင့် ထုံးမှားခဲ့သူ ၁၆၁

၁၃။ သခင်ဗစိန် (သို့မဟုတ်) ထုံကြည်ချက်ခြင်းထန်သူ ၁၇၉

၁၄။ သခင်ဗစိန်နှင့် အောင်ဆန်း-အင်္ဂလိပ်စာချုပ် နောက်ဆက်တွဲပြဿနာ ၁၈၄

၁၅။ သခင်နုမောင် (ဗိုလ်ချုပ်ကြီးနေဝင်း) (သို့မဟုတ်) နိုင်ငံရေးသမားဖြစ်သည့် စစ်ဗိုလ်ချုပ် ၁၉၇

၁၆။ သမ္မတဦးသိန်းစိန် (သို့မဟုတ်) မြန်မာနိုင်ငံ၏ ဒီမိုကရေစီပုံတိုင်ရှင် ၂၀၇

၁၇။ ငြိမ်းချမ်းရေးနိုဗယ်ဆုရှင် အောင်ဆန်းစုကြည် (သို့မဟုတ်) ဒီမိုကရေစီသူမ ၂၁၅

၁၈။ နိဂုံး (သို့မဟုတ်) မြန်မာ့နိုင်ငံရေးသမိုင်းစဉ်နှင့် စွမ်းဆောင်ရှင်တို့အား မှတ်တမ်းတင်ခြင်း ၂၃၁

■ ကျမ်းကိုးစာရင်း

ရတနာမြတ်သုံးပါး

အနန္တောအနန္တငါးပါး ဦးထိပ်ထား၍

ဘဝတစ်ကွေ့တွေ့ခဲ့ရသည့်

ထမင်းတစ်လုတ် ကျွေးခဲ့ဖူးသူ

ရေတစ်မှုတ် တိုက်ခဲ့ဖူးသူ

စကားတစ်ခွန်း ညွှန်းဆိုခဲ့ဖူးသူနှင့်

ချစ်သူ၊ မုန်းသူ တို့အား

ထာဝရ ဂါရဝဖြင့်

အောင်မြတ်ဦး

၁-၁၂-၂၀၁၂

## နိဒါန်း
## သို့မဟုတ်
## မြန်မာ့နိုင်ငံရေးလောက အထင်ကရများမှသည်

❑

လူသည် နိုင်ငံရေးသတ္တဝါ ဖြစ်သကဲ့သို့ နိုင်ငံရေးသတ္တဝါလူသား များ စုစည်းနေထိုင်သည့်နေရာတွင် နိုင်ငံရေးသည် ရှိနေကြ၏။

ထိုသူများစုဝေးနေသည့် လောကသည် နိုင်ငံရေးလောကဖြစ်သည်။ ထိုလောက၌ နိုင်ငံရေးသမား အနအရင့်ရှိသည်။ နိုင်ငံရေး အရောင်အသွေးလည်း စုံသည်။

ထိုသို့စုံသော နိုင်ငံရေးသမားများတွင် မျိုးချစ်နိုင်ငံရေးသမားများ ပါဝင်သလို အတ္တနိုင်ငံရေးသမား၊ နိုင်ငံရေးစားဖား၊ ကိုယ်ကျိုးရှာ နိုင်ငံရေး သမား စုံသည်။

အချို့က နိုင်ငံရေးသမားဟု ကိုယ့်ကိုယ်ကိုယ် ခံယူကြသော်လည်း ကိုယ်က အမျိုးသားနိုင်ငံရေး လုပ်သူလား၊ ပါတီနိုင်ငံရေးလုပ်သူလား ဆိုသည်ကို မသိကြ။

ဒါမျိုးတွေက ကမ္ဘာအရပ်ရပ်မှာရှိသည်။ နိုင်ငံတိုင်းမှာရှိသည်။ ကျွန်တော်တို့နိုင်ငံမှာလည်း ရှိသည်။ ကျွန်တော်တို့နိုင်ငံတွင် နိုင်ငံရေးမတည်ငြိမ်မှု ဖြစ်ရသည့်အကြောင်းရင်းများကို လေ့လာလျှင် နိုင်ငံရေးသမားများ မိမိပါတီ အာဏာရရေး၊ အောင်နိုင်ရေးအတွက် အမျိုးသားရေးကို မငဲ့ကွက်ဘဲ လုပ်ကြ၊ ကိုင်ကြသဖြင့် မဖြစ်သင့်သည်များ ဖြစ်ခဲ့သည်ချည်းပင်။

ဒါက အစမှမဟုတ်။

အတိတ်နိုင်ငံရေးသမိုင်းကို ကြည့်လျှင်လည်း ဒီအတိုင်းပင်ဖြစ်သည်။ တခြားမကြည့်နှင့်။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံခံရသည့်အကြောင်းကို ပြန်ကြည့်လျှင်ပင် နိုင်ငံရေးအရှုပ်အထွေးကြောင့်ဖြစ်သည်ကို တွေ့ရသည်။

စင်စစ်နိုင်ငံရေးဟူသည် မရှိမဖြစ်သောရှုပ်ထွေးမှု သဘောအမြဲတေဟု ဆိုရသည်ပင်၊ လောကဟု ဆိုရမည်ပင်။

❑

ကျွန်တော်သည် ကျောင်းသားလောက၌ ကျောင်းသားလှုပ်ရှားမှု၊ ကျောင်းသားနိုင်ငံရေးသတ္တဝါပင်။

နောက်ပိုင်း အမျိုးသားနိုင်ငံရေးလောကဝန်းကျင်သို့ ရောက်ရှိသွားသည်။ ထို့နောက် သုတေသီစာရေးဆရာဘဝ။

မည်သို့ဆိုစေ နိုင်ငံရေးဝိညာဉ်က ကျွန်တော့်နှလုံးသားတွင် ကပ်ငြိနေသည်။ မိမိကိုယ်တိုင်နိုင်ငံရေးအား ထဲထဲဝင်ဝင် မလုပ်ဖြစ်သော်လည်း နိုင်ငံရေးအား မျက်ခြည်မပြတ် လေ့လာဖြစ်ခဲ့သည်။

မြန်မာပြည်တွင် နိုင်ငံနှင့် လူမျိုးအတွက် ကိုယ်ကျိုးစွန့်ကာ နိုင်ငံအကျိုးသယ်ပိုးသည့် နိုင်ငံရေးသမားတို့အကြောင်းအား စာတစ်စောင်၊ ပေတစ်ဖွဲ့ပြုစုရန်ဖြစ်သည်။

ကျွန်တော်၏ မူလရည်ရွယ်ချက်အတိုင်းပင် လက်လှမ်းမီသလောက် ကျွန်တော် ရေးသားခဲ့သည်။

အမြဲတမ်း အခွင့်သင့်လျှင် သင့်သလို ရေးမည်ဟုလည်း ဆုံးဖြတ်ပြီး မြန်မာ့ဂုဏ်ဆောင်သည့် မြန်မာ့နိုင်ငံရေးလောကမှ မြန်မာ့နိုင်ငံရေးသမားတို့အကြောင်းအား ရေးသားခဲ့သည်။

ယခုပရိသတ်လက်သို့ ရောက်ရှိနေပြီဖြစ်သည့် ဤစာအုပ်သည် မြန်မာ့နိုင်ငံရေးသမိုင်းစဉ်တွင် အထင်ကရဖြစ်ခဲ့သည့် မြန်မာ့နိုင်ငံရေးလောကသား နိုင်ငံရေးသမားတို့အကြောင်းပင်ဖြစ်သည်။

❏

"နိုင်ငံကိုချစ်သူတိုင်း မြန်မာ့နိုင်ငံရေးအား နားလည်သင့်သည်"

ဟု ကွယ်လွန်သူ အမျိုးသားစာဆို ဆရာကြီးသခင်ကိုယ်တော်မှိုင်းက ဆိုခဲ့သည်။ နိုင်ငံရေးသည် ကျယ်ပြန့်သကဲ့သို့ နိုင်ငံရေးသမားတို့ အကြောင်းသည် အကောင်းနှင့်အဆိုး ခွန်တွဲနေသည်ဖြစ်၏။

စင်စစ်မှ အကောင်းနှင့်အဆိုးသည် အဓိကမဟုတ်ပါ။ အဓိကသည် သူတို့၏ အရှုပ္ပတ္တနှင့် သူတို့၏ လုပ်ဆောင်ချက်ဖြစ်သည်။

ဤအကြောင်းများက နိုင်ငံရေးစိတ်ဝင်စားသူတို့အတွက် အနှစ်သာရဟု ဆိုရမည်။ ယူသင့်သည်ကိုယူပြီး ပယ်သင့်သည်ကို ပယ်ရမည်ဖြစ်သည်။

မည်သို့ဆိုစေ ဤအကြောင်းများသည် နိုင်ငံရေးအား စိတ်ဝင်စားသူတို့အတွက် အကျိုးအနန္တဟု ဆိုရမည်။

သင်သည် ဤစာအုပ်အား ဖတ်၍ အကျိုးတစ်စုံတစ်ရာရသည် ဆိုပြားအံ့ ရေးရကျိုးနပ်ပြီဟု ဆိုရမည်။

⇐∞∞⇒

စာဖတ်သူများရဲ့
(အောင်မြတ်ဦး)
၁၄-၁၁-၂၀၁၂



ဦးလွန်း (ဆရာကြီးသခင်ကိုယ်တော်မှိုင်း)

သို့မဟုတ်

မျိုးချစ်စာဆို

စိတ်ကူးသစ်စာပေ

## [ ၁ ]

❑

ဆရာကြီး သခင်ကိုယ်တော်မှိုင်းကား မြန်မာနိုင်ငံသာမက ကမ္ဘာ့ကပါ ငြိမ်းချမ်းရေးသမား၊ မျိုးချစ်စာဆိုဟု သိကြသည်။

ဆရာကြီး၏ ငြိမ်းချမ်းရေးစိတ်ဓာတ်၊ ငြိမ်းချမ်းရေးလှုပ်ရှားမှုများကြောင့် ဆရာကြီးသခင်ကိုယ်တော်မှိုင်းအား ငြိမ်းချမ်းရေးဖခင်ဟု တင်စားခဲ့သလို၊ ကမ္ဘာ့ငြိမ်းချမ်းရေး လီနင်ဆုရခဲ့သည့် မျိုးချစ်စာဆိုအဖြစ် ထင်ရှားခဲ့သည်။

ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ ငယ်အမည်သည် မောင်လွန်း (ဦးလွန်း) ဖြစ်၏။ ဆရာကြီးသည် ယခု ပဲခူးတိုင်းဟုခေါ်တွင်သည့် ပြည်ခရိုင်၊ ရွှေတောင်နယ်ရှိ ဝါးလယ်ရွာဇာတိဖြစ်သည်။

ဆရာကြီး၏မိဘများမှာ အဘ ဦးစံဒွန်း၊ အမိ ဒေါ်အုန်းဖြစ်သည်။ ၁၂၃၇ ခုနှစ်၊ တံပေါင်းလပြည့်ကျော် (၁၄)ရက် (သက္ကရာဇ် ၁၈၇၅ ခုနှစ်၊ မတ်လ ၂၃) တွင် မီးရှူးသန့်စင် ဖွားမြင်ခဲ့သည်။

ကျွန်တော် ကျောင်းသားဘဝ စမ်းချောင်းတွင်နေစဉ်က ကျွန်တော် နှင့် သန်းထွန်း (ကထိကဆရာ သီလာယုပ၊ ယခု ဂျူပိတာ ဦးလှင်ထွန်း) သည် ဆရာကြီးအိမ်သို့ မကြာခဏ ရောက်ကြ၏။

ဆရာကြီးက စေတနာမေတ္တာပြည့်ဝသူပီပီ လူငယ်တို့နှလုံးသားတွင် မျိုးချစ်စိတ်ဓာတ် ရင့်သန်စေရန် အစဉ်သွန်သင်၏။

ဆရာကြီးငယ်စဉ် မောင်လွန်းဘဝက ရွှေတောင်ကျီးသဲလေးထပ် ဆရာတော်ထံတွင် ပညာသင်ကြားခဲ့၍ ငယ်ဆရာလည်းဖြစ်၏။ သီပေါမင်း ပါတော်မမူမီ မြတောင်ကျောင်း၌ ပညာဆက်လက်သင်ခွင့်ရခဲ့သည်။

ဆရာကြီးက...

"ဆရာကြီး အမြဲတမ်း မှတ်မိနေတာက ၁၂၄၇ ခုနှစ် သီပေါအရှင် နယ်ချဲ့အင်္ဂလိပ်လက် ပါသွားစဉ်က အသက် ၁၀ နှစ်သာ ရှိသေးပေမယ်။ ဒါပေမဲ့ မင်းနဲ့မိဖုရားနှစ်ပါး နယ်ချဲ့အင်္ဂလိပ်လက် ပါသွားတာကို မျက်ဝါးထင်ထင် မြင်ခဲ့ရတယ်။ ပြည်သူပြည်သားတွေ ယူကျုံးမရဖြစ်ခဲ့သလို ဆရာကြီး မျက်ရည်မဆည်နိုင်ခဲ့ဘူး"

ဟု ပြောပြတတ်၏။


သို့နှယ်ပင် ဆရာကြီးက...

"အဲဒီတို့အရှင် မင်းနဲ့မိဖုရားနှစ်ပါး ပါတော်မူသွားတာကို ကိုယ်တွေ့ မျက်မြင် မြင်တွေ့ခဲ့ရသလို စိတ်ထဲမှာလည်း မခံချင်စိတ်နဲ့ မျိုးချစ်စိတ်ဓာတ်တွေ တဖွားဖွား ပေါ်ပေါက်ခဲ့တယ်"

ဟု ပြော၏။

ဆရာကြီး သခင်ကိုယ်တော်မှိုင်းသည် ယင်းသို့ မခံချင်စိတ်နှင့် မျိုးချစ်စိတ်ဓာတ်တို့ ထက်သန်ခဲ့သလို စိတ်တွေလေသွားသည်ဟု ပြော ရမည်လားမသိ။

သီပေါမင်း ပါတော်မူပြီး မြန်မာ့ထီးနန်း ကွယ်ပျောက်သွားခဲ့ချိန်မှ စ၍ ဆရာကြီး သခင်ကိုယ်တော်မှိုင်းသည် မြတောင်ကျောင်း၌ အတည် တကျ ပညာသင်ယူခြင်း မရှိတော့။ ချောင်းဦး၊ အလုံ၊ မုံရွာ၊ ကြေးမုံ၊ ဘုတလင်



စသည့်အရပ်ဒေသများသို့ လှည့်လည်ကာ ကိုရင်ဘဝနှင့် စာပေလှည့်လည် သင်ကြားခဲ့သည်။

"မျိုးချစ်စိတ်ဓာတ်နဲ့ တိုင်းပြည်ကိုချစ်ရင် ကိုယ့်ကိုယ်ကိုယ် ပညာရည်မြင့်သူဖြစ်အောင် ကြိုးစားရမယ်။ အချိန်မဖြုန်းရဘူး"

ဟု သွန်သင်ခဲ့သည်ကို မမေ့။ ဆရာကြီးသည် ထိုစဉ် ကိုရင်ဘဝနှင့် လှည့်လည်စာပေသင်ကြားနေချိန်၌ပင် မေတ္တာစာ၊ မှာတမ်းများ ရေးသားခဲ့ပြီဟု အမှတ်အသားရှိသည်။

# [၂]

❑

ဆရာကြီး သခင်ကိုယ်တော်မှိုင်းသည် မိမိကိုယ်မိမိ ပညာရည်မြင့်သူအဖြစ် ရပ်တည်နိုင်ရန် အချိန်မဖြုန်းဘဲ ကြိုးစားခဲ့၏။ အချိန်ရှိခိုက်လုံ့လစိုက်ဟူသော စကားနှင့်အညီ ဆရာကြီးသည် အလုံ၊ မုံရွာ၊ ဘုတလင်စသည့် ဒေသများတွင်တစ်လှည့်၊ မန္တလေးတွင်တစ်လှည့် ပြေးလွှားစာပေသင်ကြားခဲ့သည်မှာ အသက် ၁၉ နှစ်အရွယ်အထိဖြစ်သည်။

"ဒီအချိန်ဟာ ဆရာကြီးအတွက် သောကပင်လယ်ဝေရတဲ့အချိန်ဖြစ်သလို၊ ဘဝလမ်းကြောင်း အပြောင်းအလဲဖြစ်ခဲ့ရချိန်ဆိုလည်း မမှားဘူး"

ဟု ပြောဖူး၏။

မှန်သည်။ ဆရာကြီး သခင်ကိုယ်တော်မှိုင်းသည် အသက် ၁၉ နှစ်အရွယ်၌ ဖခင်ဖြစ်သူ ဦးစံဒွန်း ကွယ်လွန်ခဲ့၏။ ဒါက ဆရာကြီးအတွက် ရွှေတောင်ကြီး ပြိုလဲခြင်းဆိုလျှင် မမှားပါ။

ထိုမျှမက ထိုနှစ်၌ပင် ဆရာကြီး၏ ငယ်ဆရာဖြစ်သည့် ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီးလည်း ဘဝနတ်ထံ ပျံလွန်တော်မူခဲ့သည်တည်း။

ယင်းသို့ ဖခင်ဓသာ၊ ငယ်ဆရာ ပျံလွန်တော်မူခဲ့သလို၊ ဆရာကြီး၏ ဘဝလမ်းကြောင်း အပြောင်းအလဲတစ်ခုကလည်း ဘွားခနဲ ပေါ်ပေါက်ခဲ့၏။ အခြားမူမဟုတ်ပါ။

ဖခင်ဖြစ်သူ မရှိတော့သဖြင့် နိုကိုးရာမဲ့ဖြစ်နေသည့် မိခင်ကြီးအား ပြုစုလုပ်ကျွေးရန် တာဝန်ဖြစ်၏။

ယင်းသမ္မိ ဆရာကြီးသည် ကိုရင်ဘဝဖြင့် စာပေလှည့်လည်သင်ကြားနေသည့် အလုပ်အား စွန့်လွှတ်လိုက်ရသည်။ မူလရည်ရွယ်ချက်ဖြစ်သည့် ကိုရင်ဘဝမှ ရဟန်းဘောင်သို့ ကူးပြောင်းရန် အစီအစဉ် ဖျက်လိုက်ရသည်။

ကိုရင်ဘဝမှ လူထွက်ပြီး ရန်ကုန်သို့ဆင်းကာ အလုပ်ရှာရတော့သည်။ ရန်ကုန်သို့ရောက်လျှင် ဆူးလေဘုရားအနီးရှိ ဇမ္ဗူကျက်သရေ စာပုံနှိပ်တိုက်၌ စာစီအလုပ် ဝင်လုပ်ခဲ့ပြီး လုပ်ငန်းခွင်ဝင်ရပြီ။

ဆရာကြီး၏ အချိန်တန်ဖိုးထားခြင်း၊ ကြိုးစားခြင်းတို့ကြောင့် သာမန်စာစီသမားဘဝမှ စာပြင်အယ်ဒီတာအဖြစ် တိုးမြှင့်ပေးခြင်း ခံခဲ့ရ၏။

"လူတစ်ယောက်ဟာ ကြိုးစားဖို့လိုသလို၊ ဘဝတက်လမ်းအတွက် လမ်းသစ်လည်း ထွင်နိုင်ဖို့လိုတယ်"

ဆရာကြီးက စာပြင်အယ်ဒီတာတာဝန်အား ကျေပွန်စွာထမ်းဆောင်ရင်း မိမိတတ်စွမ်းသည့် စာပေပညာဖြင့် ကလောင်စမ်းသည့်အလုပ်အားလည်း စလုပ်ခဲ့သည်။

ထိုအချိန် စပါးဈေးတက်သည့်အချိန်အခါနှင့် ကြုံကြိုက်နေသဖြင့် ပြည်သူများ၏လက်ထဲ၌ ငွေရွှင်ချိန်ဖြစ်သည်။ ထို့နယ်ပင် ထိုအချိန်က ဇာတ်သဘင်များလည်း ခေတ်စားနေချိန်ဖြစ်သဖြင့် ဆရာကြီးသည် ခေတ်နှင့်အညီ ပြဇာတ်စာအုပ်များအား စတင်ရေးသားခြင်းပြုခဲ့သည်။

ထိုစဉ်က ဆရာကြီး၏ ကလောင်အမည်သည် ရွှေတောင်ဆရာလွန်းဖြ^၏။

---

စိတ်ကူးသစ်စာပေ

ဆရာကြီး၏ ပြဇာတ်များအား ရုပ်သေးဦးဖိုးညို၊ ဇာတ်ဆရာ ဦးစိန်ခေါင်းတုံး၊ ဦးအောင်ဗလ၊ ဦးတိုးခန့်တို့ ခင်းကျင်းပြသခဲ့သည်။

ဆရာကြီးရေးသားသည့် သိရိမ္ဗာသောကဇာတ်၊ မဟောသဓဇာတ်၊ ဥပကဆာဝါဇာတ် စသော ပြဇာတ်ပေါင်းများစွာအနက် ရွှေတိဂုံဘုရားကုန်းတော်ပေါ်သို့ ကျားတက်ဖူးခြင်းပြဇာတ်သည် အအောင်မြင်ဆုံး၊ အရောင်းရဆုံးဖြစ်သည်။

၀၀၀

[၃]

❑

နဖူးစာ ရှာလည်ဟူသော စကားနယ် ဆရာကြီး ဇမ္ဗူကျက်သရေ
တိုက်၌ အလုပ်လုပ်ကိုင်နေစဉ် ကြည့်မြင်တိုင်သူ မရှင်နှင့် အကြောင်းပါခဲ့
သည်။

ဇမ္ဗူကျက်သရေတိုက် အကြောင်းကြောင်းကြောင့် စိတ်လိုက်ရ
သောအခါ ဆရာကြီးသည် ရန်ကုန်တိုင်းသတင်းစာသို့ ပြောင်းရွှေ့ကာ
မြန်မာစာအယ်ဒီတာအဖြစ် လုပ်ကိုင်ခဲ့၏။

ထိုအချိန်တွင် ဆရာကြီး၏ အစွမ်းအစနှင့် ကြိုးစားအားထုတ်မှု
အား သိသဖြင့် စာတော်ပြန်ဌာနမှ အလုပ်ခန့်ခဲ့၏။ ဆရာကြီး လက်မခံခဲ့။
ခေါင်းခါခဲ့၏။

"ကျွန်တော် စာတော်ပြန်မြို့အုပ်တွေနဲ့ တွဲမလုပ်ချင်ဘူး"

ထိုစဉ် ဆရာကြီးလုပ်နေသည့် ရန်ကုန်တိုင်းသတင်းစာတိုက်
သည် အစိုးရထံမှ ကန်ထရိုက်ယူထားသည့် ပုလိပ်ဂေးဆက်သတင်းစာ
ရပ်လိုက်သည့်အခါ ရန်ကုန်ကို စွန့်ခဲ့သည်။

မော်လမြိုင်မြို့ရှိ မြန်မာတိုင်းသတင်းစာ၌ အယ်ဒီတာလုပ်ခဲ့သလို "မောင်သမာဓိ" ဟူသောအမည်ဖြင့် ကဗျာများ၊ ဆောင်းပါးများအား စတင်ရေးသားသည့် အမှတ်အသားများ တွေ့ရသည်။

ထိုအချိန်က ရေးသားသည့်စာများနှင့် ပတ်သက်၍ "ထိုစဉ်က ရေးသားသည့်စာများသည် ထူးခြားမှုမရှိ" ရေးရိုးရေးစဉ် နတ်တော်လဘွဲ့၊ တန်ခူးလဘွဲ့၊ ကဆုန်လဘွဲ့ စသည် သမရိုးကျများသာဖြစ်သည်ဟု မှတ်ချက်ပြုထားသည်ကို တွေ့ရ၏။

သို့သော် ထိုအထဲ၌ မော်လမြိုင်ရာဇဝင် ကဗျာသာရမဉ္ဇူသာကျမ်း၊ မော်လမြိုင်နတ်လမ်းညွှန် စသည်တို့အား ထူးခြားစွာ ရေးသားခဲ့သည်ကို တွေ့ရ၏။

❑

၁၉၁၁ ခုနှစ် (မြန်မာသက္ကရာဇ် ၁၂၇၇ ခုနှစ်) တွင် ရန်ကုန်မြို့၌ သူရိယသတင်းစာဟူ၍ သတင်းစာတစ်စောင် ပေါ်ပေါက်ချိန် ဆရာကြီး သခင်ကိုယ်တော်မှိုင်းသည် မြန်မာတိုင်းသတင်းစာမှ အလုပ်ထွက်ပြီး ဝါသနာပါသည့် အဋ္ဌိရဝဲကို ဖင်းကျိုက်တောင်၌ ထိုး၍ အနားယူနေချိန်ဖြစ်သည်။

ထို့နောက် ဆရာကြီးသည် မွေးရပ်မြေ ရွှေတောင်သို့ ပြန်ခဲ့သည်။

သို့သော် ဆရာကြီးသည် မွေးရပ်မြေ၌ အရှည်ကြာမြင့်စွာနေခွင့် မကြုံခဲ့။ သူရိယသတင်းစာတိုက်အား ထူထောင်သူတစ်ဦးဖြစ်သည့် ဦးလှဖေမှ ဆရာကြီးအား သူရိယသတင်းစာတိုက်တွင် အယ်ဒီတာအဖြစ် ဝင်ရောက်လုပ်ကိုင်ရန် ခေါ်ယူခဲ့သောကြောင့်ဖြစ်သည်။

ဆရာကြီးသည် သူရိယသတင်းစာတိုက်၌ အယ်ဒီတာလုပ်ရင်း မြန်မာ့နည်း မြန်မာ့ဟန်ဖြင့် လက်မှုပညာဖော်ထုတ်သည့် လက်မှုပညာ ဋီကာကျမ်းအား ရေးသားခဲ့ကြောင်း မှတ်သားရ၏။

[၄]

❑

ဆရာကြီး သခင်ကိုယ်တော်မှိုင်း သူရိယသတင်းစာတိုက်၌ အလုပ်လုပ်ချိန်က ဆရာကြီးဘဝအတွက် ဘဝအပြောင်းအလဲဖြစ်တည်ရန် အကြောင်းဖန်ခဲ့သည်ဟု ဆိုရမည်။

စင်စစ်မူ ထိုအချိန်က မြန်မာနိုင်ငံတွင် ဝံသာနုလုပ်ငန်းများ စတင် လှုပ်ရှားနိုးထစပြုချိန်ဖြစ်၏။

ဆရာကြီးသည် ငယ်ရွယ်နုပျိုသည့် ၁၀ နှစ်အရွယ်က အရှင် သီပေါပါဝင်တော်မူသွားသည်ကို ကိုယ်တွေ့မျက်မြင် မြင်ခဲ့ဖူးသူဖြစ်သဖြင့် ရင် ထဲမှာ ဖုံးကွယ်နေသည့် မျိုးချစ်စိတ်ဓာတ်များ ပြန်လည်နိုးထလာခဲ့သည်။

"ဒီအချိန်မှာ မျိုးချစ်စိတ်နဲ့ ကလောင်ကို မြဲမြဲစွာ ကိုင်ခဲ့တယ်" မှန်သည်။

ဆရာကြီးသည် ကလောင်အား သာမန်စွဲကိုင်ခြင်းမဟုတ်ဘဲ မျိုး ချစ်စိတ်ဓာတ်အပြည့်နှင့် ကလောင်ကို စွဲကိုင်ခဲ့ပြီ။

ဘဝအား မျိုးချစ်စိတ်နှင့် ရပ်တည်ဖော်ဆောင်မည်ဟုလည်း ဆုံး ဖြတ်လိုက်သည်။

ဆရာကြီး သခင်ကိုယ်တော်မှိုင်း အသက် ၄၀ အရွယ်၌ ဇနီးဖြစ်သူ ခေါ်ရှင် ကွယ်လွန်ပြီး သားသမီး (၅)ယောက် ကျန်ခဲ့၏။ သားသမီး (၅)ဦး အနက် အကြီးဆုံးသမီးက (၁၁) နှစ်အရွယ်သမီးဖြစ်ပြီး၊ အငယ်ဆုံးက (၁၁) လသာရှိသေးသဖြင့် ဆရာကြီးသည် စာရေးခြင်းတစ်ဖက်၊ သားသမီး ထိန်းကျောင်းရခြင်းတစ်ဖက်နှင့် ဘဝကို ဆင်းရဲပင်ပန်းစွာ ရုန်းကန်ခဲ့ရ၏။

ထိုအကြောင်းနှင့်ပတ်သက်၍ ပြောတိုင်း ဆရာကြီးက . . .

"ပြောရရင် ဒီအချိန်ဟာ ပင်ပန်းဆင်းရဲဆုံးအချိန် ဖြစ်ပေမယ့် ဒီအချိန်ဟာ စာအရေးနိုင်ဆုံးအချိန်လည်း ဖြစ်ခဲ့တယ်"

ဟု ဖွင့်ဟာ၏။

ထိုအချိန်များ၌ ဆရာကြီးသည် "ကြက်ဋီကာ"၊ "ဗိုလ်ဋီကာ" ဆောင်းပါးများနှင့် မှာတော်ပုံဝတ္ထုဆန်းအားလည်း ရေးဖြစ်ခဲ့သည်ကို တွေ့ ရ၏။

ဆရာကြီးသည် "ဗိုလ်ဋီကာ" ဆောင်းပါး၊ ကဗျာများရေးစဉ်က စ၍ မိမိ၏ကလောင်အမည်အား "မစ္စတာမောင်မှိုင်း" ဟူသောအမည်ကို စတင် သုံးစွဲခဲ့သည်။

ယင်းသို့ ဆရာကြီးသုံးစွဲခဲ့သည်မှာ အင်္ဂလိပ်အခေါ် "မစ္စတာ" အား နှစ်သက်ဂုဏ်ယူခြင်းမဟုတ်၊ ပညာတတ် မြန်မာအသိုင်းအဝိုင်းကြားတွင် နာမည်ရှေ့၌ မစ္စတာတပ်ကာ ဂုဏ်တင်ခေါ်ဝေါ်ကြသောကြောင့်ပင်။

စင်စစ် ဆရာကြီးသည် ထိုအပြုအမူ အသုံးအနှုန်းများအား ရွံ့ရှာ မုန်းတီး၏။ ယခင်းသို့ ရွံ့ရှာမုန်းတီးသည့်အလျောက် "ချဉ်ပေါင်ရွက်သည် မောင်မှိုင်း" ဝတ္ထုမှ ဇာတ်လိုက်ဖြစ်သည့် "လူရှုပ်၊ လူပွေ၊ လူယုတ်မာ မောင် မှိုင်း" အမည်အား ယူ၍ သရော်သည့်အနေနှင့် မစ္စတာတပ်ကာ "မစ္စတာ မောင်မှိုင်း" အမည်အား ခံယူခဲ့ခြင်းဖြစ်သည်။

ဆရာကြီး၏ ဘဝဖြတ်သန်းမှုသမိုင်းအား ကြည့်လျှင် ဆရာကြီး သည် သူရိယသတင်းစာ၌ ၁၉၂၁ ခုနှစ်အထိ မြန်မာဘက်ဆိုင်ရာအယ်ဒီတာ အဖြစ် ဆောင်ရွက်ခဲ့ခြင်းကို တွေ့ရသည်။

---

ဆရာကြီးသည် သူရိယသတင်းစာ၌ အလုပ်ဆောင်ရွက်စဉ် နိုင်ငံရေးဆောင်းပါးများ၊ လူမှုရေးဆောင်းပါးများ၊ ပညာရေးဆောင်းပါးများ စသဖြင့် ဆောင်းပါးများ ရေးခဲ့ရုံမက နိုင်ငံရေးရုပ်ပြောင် ဆုံးမစန်း၌လေးကြီးကြီးများနှင့် ရေးစပ်သီကုံးခဲ့၏။

ပထမကမ္ဘာစစ်အပြီး၌ "သပြေနုရိုက် ဇေပုရိုက်" ဟု နိုင်ငံရေးလောက၌ ထင်ရှားသည့် နိုင်ငံရေးသမားများဖြစ်သည့် ဦးဘဖေ (ဘကြီးဘဖေ)၊ ဦးပု၊ ဦးထွန်းရှိန်တို့သည် ဘိလပ်ဟုခေါ်သည့် လန်ဒန်သို့ ဟုမ္မရူးရလိုမှုအတွက် မြန်မာ့ကိုယ်စားလှယ်အဖြစ် သွားကြသည့်အခါ ဆရာကြီးသည် "ဒေါင်းဋီကာသစ်" မည်သည့်ဆောင်းပါးများအား ရေးသားခဲ့သည်ကို တွေ့ရ၏။

နိုင်ငံရေးအရ ဗြိတိသျှအစိုးရသည် မြန်မာတို့တောင်းဆိုသည့် ဟုမ္မရူးအား ပေးခြင်းမရှိ။ ဒိုင်အာခီအုပ်ချုပ်ရေးသာ အတင်းပေးလိုက်သဖြင့် ဆရာကြီးသည် ဗြိတိသျှအင်္ဂလိပ်တို့အပေါ်၌ အလွန်တရာ အယုံအကြည်ဘင်းမဲ့ခဲ့၏။ စိတ်လည်း ကွက်ခဲ့၏။ ဇာတိသွေး၊ ဇာတိမာန်သည် ပိုမိုတက်ကြွခဲ့သည် ဆိုရမည်။

ooo

## [၁]

❑

၁၉၂၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ် ပထမကျောင်းသားသပိတ်ကြီး ပေါ်ပေါက်ခဲ့၏။

အမျိုးသားပညာရေးကောင်စီအား ဖွဲ့စည်းပြီးနောက် ဗဟန်းရပ်ရွှေကျင်ကျောင်းတိုက်တွင် ရန်ကုန်တက္ကသိုလ်နှင့်အပြိုင် အမျိုးသားကောလိပ်ကျောင်းအား တည်ထောင်ခဲ့၏။

ထိုအမျိုးသားကျောင်း၌ မြန်မာစာပေနှင့် ရာဇဝင်ပို့ချရန် ဆရာကြီး အား ပင့်ဖိတ်သည့်အခါ သူရိယသတင်းစာတိုက်မှ အလုပ်ထွက်ပြီး စိတ်ရောကိုယ်ပါ သွားရောက်အားပေးဆောင်ရွက်ခဲ့သည်။

ဆရာကြီးသည် အမျိုးသားရေးကိစ္စများအား ရှောင်လွှဲသူမဟုတ်။ ကျောင်းသားများအား စိတ်ရောကိုယ်ပါ မြန်မာရာဇဝင်အား သင်ကြားပို့ချခဲ့သည်။

ယင်းသို့ပို့ချသည့်နေရာတွင်လည်း တသင်သားများ၏ စိတ်၌ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိမာန် ထက်သန်စေရန် အထူးသဖြင့် သွင်းပေးခဲ့၏။

ဆရာကြီးသည် ယင်းသို့ ပို့ချသင်ကြားနေစဉ်အတွင်း နယ်ကျောင်းသားများအတွက် မှန်နန်းရာဇဝင်ချုပ်အား ပြုစုစီရင်၍ အမျိုးသားကောလိပ်ကျောင်းများအတွက် "မှန်နန်းရာဇဝင်တော်ကြီး" အား တည်းဖြတ်ပုံနှိပ်ထုတ်ဝေခဲ့သည်။

---

စိတ်ကူးသစ်စာပေ

မအားလပ်သည့်ကြားမှပင် "မျောက်ဋီကာ" အားလည်းကောင်း၊ "ဘွိုင်းကောက်ဋီကာ" အားလည်းကောင်း ရေးသားခဲ့သည်။

ဆရာကြီးသည် ၁၉၂၃ ခုနှစ်၊ ဗဟန်းအမျိုးသားကောလိပ်ကျောင်း ဖျက်သည့်အခါ ဒဂုန်မဂ္ဂဇင်းတိုက်၌ အယ်ဒီတာအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့၏။

ဆရာကြီးက ထိုဒဂုန်မဂ္ဂဇင်းတိုက်၌ အလုပ်လုပ်နေစဉ်အတွင်း "စစ်ကိုင်းပြန်မှာတော်ပုံ" ဆောင်းပါးရှည်ကြီးအား ရေးသားခဲ့၏။

ဆရာကြီးက အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားစေရေးအတွက် ဓမ္မစေတီဝတ္ထု၊ အိမ်နောင်နန်းတွင်း ဇာတ်သစ်တို့အား စကားပြေနှင့် လေးချိုးရာစပ်ကာ ရေးသားပြီး မျိုးချစ်စိတ်၊ ဇာတိမာန် တက်ကြွရေး အား အားပေးခဲ့၏။

ထိုစဉ် ဦးဘဖေဦးစီးသည့် (၂၁) ဦး ဂိုဏ်းသားများဖြစ်သည့် ဒိုင်အာခီဂိုဏ်းသားများနှင့် မူလကျိစ်ဘီအေ ဝံသာနုဂိုဏ်းသားများတို့ မညီမညွတ်ဖြစ်ကြောင်း သိတော့ စိတ်မချမ်းမမြေ့ ဖြစ်ရ၏။

"နွားကွဲရင် ကျားကိုက်တတ်တယ်။ ညီညွတ်ဖို့ လိုတယ်" ဟု အမြဲပြောခဲ့သလို ထိုပုဂ္ဂိုလ်များ အသိတရားရစေရန်အလို့ငှာ "ဗန္ဓုလဂျာနယ်" ၌ "ခွေးဋီကာ" ဆောင်းပါး ရေးသား၍ စေတနာနှင့် ညွှန်ပြခဲ့၏။


သို့သော် ဆရာကြီးဖြစ်စေချင်သလို မဖြစ်ခဲ့။

ညီညွတ်စည်းလုံးရမည့်အစား ဝေးကွဲနေသဖြင့် ဝံဒစွဲသမားတို့အား ရှုံ့ရှာသလို ခံစားခဲ့ရပြန်၏။ မည်သူ့ကိုမျှလည်း အားထားအားကိုးချင်စိတ် မရှိတော့။

မိမိယုံကြည်သည့် လမ်းစဉ်နောက်သို့သာ ကိုယ်စိတ်နှလုံး သုံးပါးစလုံးနှစ်ကာ လိုက်တော့မည်ဟု ဆုံးဖြတ်ခဲ့၏။

ဆရာကြီးယုံကြည်သည့်လမ်းစဉ်က အခြားမဟုတ်။ လုံးဝလွတ်လပ်ရေး လမ်းစဉ်သာဖြစ်၏။

ထိုစဉ် ဂျွန်ဆရာစံဦးဆောင်သည့် တောင်သူလယ်သမားတော်လှန်ရေး ပေါ်ပေါက်လာခဲ့ရာ ဆရာကြီးသည် ဂျွန်ဆရာစံအား အားပေးချီးမြှောက်သည့်အနေဖြင့် "ဂျွန်ပျံ ဒီပနီ" ရေးသားဂုဏ်ပြုခဲ့၏။



**ဗဟန်းကြားတောရလမ်း၊**

**ဦးအရိယကျောင်းတိုက်(အမျိုးသားကောလိပ်ကျောင်း)**

ယင်းကဲ့သို့ပင် ဆရာကြီးသည် မျိုးချစ်စိတ်ဓာတ် ထက်သန်စေရေးအတွက် တိုးတက်ရေးမဂ္ဂဇင်း၌ ရာဇဝင်နီတိ ဆောင်းပါးများအား ရေးသားခဲ့၏။

သို့သော် ဆရာစံ၏ လယ်သမားတော်လှန်ရေးသည် မရှည်ကြာခဲ့။ စခန်းသိမ်းသွားခဲ့ပြန်၏။

သို့စေကာမူ တစ်ခုကျေနပ်စရာကောင်းသည်က "တို့ဗမာအစည်းအရုံး (ခေါ်) လူငယ်အသင်းတစ်သင်း" ပေါ်ပေါက်ခဲ့ခြင်း ဖြစ်သတည်း။

[၆]

❑

"တို့ဗမာအစည်းအရုံးရဲ့ဝါဒဟာ နစ်သက်စရာကောင်းတဲ့ ဝါဒပဲ၊ စိတ်နဲ့တွေ့တဲ့ဝါဒဆိုလည်း မမှားဘူး။ ပြီးတော့ လူငယ်တွေရဲ့ဖွဲ့ သဏ္ဍာန်ဟာလည်း ချီးကျူးစရာပဲ"

ဟု ဆို၏။

ထို့ကြောင့် ဆရာကြီးသည် ၁၂၉၆ ခုနှစ် (သက္ကရာဇ် ၁၉၃၄ ခုနှစ်) ဘပေါင်းလ၌ တို့ဗမာအစည်းအရုံးသို့ လူသိရှင်ကြားပင် ရင်ကော့ခေါင်းမော့ဝင်ခဲ့၏။

ဆရာကြီးသည် တို့ဗမာအစည်းအရုံးဝင် ဖြစ်သည့်အခါ သုံးစွဲနေသည့် "မစ္စတာ မောင်မှိုင်း" ဟူသည့် ကလောင်အမည်ကို ဖြုတ်ကာ "မစ္စတာ" အစား "သခင်ကိုယ်တော်" တပ်၍ သခင်ကိုယ်တော်မှိုင်းဟူသည့် အမည်အား ခံယူခဲ့သည်။

ထို့အတူ တဆိုပိပိ "ရဲရဲတောက်ဋီကာ"၊ "ကချာ" များအား ရေးသားခဲ့သည်။

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ခဲ့ပြီ။

ဒုတိယကမ္ဘာစစ်ဖြစ်လာသည့်အခါ ဆရာကြီးနှင့် "တို့ဗမာအစည်းအရုံးဝင်" တို့သည် နိုင်ငံရေးအား ပေါ်ပေါ်ထင်ထင် ဆောင်ရွက်မရတော့။ ထိုခေတ်မှာ ဆောင်ရွက်ခဲ့ရသည်။

သည့်အခါ ဆရာကြီး သခင်ကိုယ်တော်မှိုင်း ကိုယ်တိုင်လည်း အသက်ကြီးကာမှ နိုင်ငံရေးဝရမ်းပြေးသဖွယ် ရှောင်တိမ်းနေရပြန်၏။

စုံထောက်များအား မျက်ခြည်ဖြတ်ထားရ၏။

စုံထောက်များကလည်း မျက်ခြည်ပြတ်မခံ၊ ချောင်းမြောင်းကြ၏။

ဆရာကြီးသည် ရန်ကုန်မှ ပဲခူး၊ ပဲခူးမှ သထုံ စသည်ဖြင့် ရှပ်ဖျက်ကာ ရှောင်တိမ်းနေရသဖြင့် စိတ်ပင်ပန်းပြီး ဒုက္ခများသည်ဟု ဆိုရမည်။

ဆရာကြီးကမူ အပြုံးမပျက်။

"ဒီလို အနေဆင်းရဲ အစားဆင်းရဲခံ၊ ရှပ်ဖျက်နေပေမဲ့ စိတ်မပျက်ဘူး။ ဒါဟာ လွတ်လပ်ရေးအတွက်လေ။ သဘောကျစရာပါ"

ဟု ဆို၏။

ဗြိတိသျှတို့ မြန်မာပြည်မှ ထွက်ခွာသွားသည့်အခါ ဆရာကြီး ရန်ကုန်သို့ ပြန်လာခဲ့၏။

သို့သော် ဆရာကြီးသည် မငြိမ်းချမ်းခဲ့။

ဂျပန်ခေတ်တစ်လျှောက်လုံးလည်း ဆရာကြီးသည် သခင်များနှင့်အတူ တိမ်းရင်းရှောင်ရင်း နေခဲ့ရ၏။ ဂျပန်များ မြန်မာပြည်သူလူထုအား နှိပ်စက်ညှဉ်းပန်းသည်ကို မြင်ရသည့်အခါ ဆရာကြီးစိတ်ထဲ၌ ယူကျုံးမရဖြစ်ခဲ့ရ၏။

နောက်ဆုံး ခံစားမှုအား မျိုသိပ်မထားနိုင်သဖြင့် ဗိုလ်ချုပ်အောင်ဆန်းနှင့်တွေ့ကာ . . .

"ကဲဟေ့ . . . မောင်အောင်ဆန်း၊ မင်းတို့ပင့်လာတဲ့ ဘုရားတွေကို ပြန်ပို့စမ်းပါဦးကွာ"

ကရုဏာဒေါသော ပြောခဲ့သည်။

ဗိုလ်ချုပ်ကိုယ်တိုင်သည် ဆရာကြီးကို မည်သို့မျှ သဘောမထားခဲ့၊ ကရုဏာသက်ကာ ရှိသေသမှုပင် ပြုခဲ့၏။

⇐၀၀၀⇒

❑

၁၉၄၇ ခုနှစ်သို့ ရောက်သောအခါ ဆရာကြီး အားအထားရဆုံးဖြစ်သည့် ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံခံခဲ့ရ၏။ ဗိုလ်ချုပ်ကျဆုံးသည့်အခါ ခြေမဆည်နိုင် ဖြစ်ရ၏။ ကြေကွဲ ဝမ်းနည်းရ၏။

သို့စေကာမူ ဆရာကြီးသည် ဝမ်းနည်းကြေကွဲမှုကြားမှ "အာဇာနည်ဝိမာန်ဋီကာ" အား ရေးသားကာ ဂုဏ်ပြုမှတ်တမ်းတင်ခဲ့သည်။

နောက်ပိုင်းတွင်မူ ဆရာကြီးသည် ဇရာ၏နှိပ်စက်ခြင်းကို ခံခဲ့ရ၏။ အသက်ကလည်း (၇၀) ကျော်ပြီဖြစ်သဖြင့် အိုမင်းမစွမ်းဖြစ်ကာ စာရေးလည်း ကျဲလာ၏။

သွားတွေလည်း မကောင်းသဖြင့် ကွမ်းကိုပင် ဆုံနှင့်ထောင်းစားရသည့်အခြေသို့ ရောက်ခဲ့ပြီ။

ဆရာကြီးသည် စာရေးခြင်းဝါသနာကြီးသဖြင့် ရေးသားခဲ့ရာ ၁၉၅၀ ခုနှစ်၌ ထုတ်ဝေသည့် "အိပ်မက်ဒိဋ္ဌိဋီကာ" သည် နောက်ဆုံးရေးဖြစ်သည့် လက်ရာဖြစ်သည်။

သို့သော် ဆရာကြီးသည် စာပေသမား၊ ငြိမ်းချမ်းရေးသမားပီပီ၊ ဖွဲ့ဟန်မှု မလျော့ခဲ့။ ဆရာကြီးသည် ပြည်တွင်းငြိမ်းချမ်းရေးအတွက်လည်းကောင်း၊ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက်လည်းကောင်း အသက်အရွယ်နှင့်မမျှ အပင်ပန်းခံခဲ့၏။

လှည့်လည် ဆောင်ရွက်ခဲ့၏။

ယင်းသို့ ဆောင်ရွက်ရင်းပင် ဝါသနာအလျောက် “ဖက်ဆစ်ငြီကာ မဟာနီဒါန်းကဗျာ”၊ “ကမ္ဘာ့ငြိမ်းချမ်းရေးကဗျာ”၊ “သခင်ကိုယ်တော်မှိုင်း၏ မေတ္တာ ပဋ္ဌာနာကဗျာ” စသည်တို့အား ကြိုကြားကြိုကြား ရေးသားခဲ့၏။

ထို့အတူ ဆရာကြီးသည် ငြိမ်းချမ်းရေးအတွက် ဥရောပသို့လည်းကောင်း၊ တရုတ်နိုင်ငံသို့လည်းကောင်း လှည့်လည်ခဲ့၏။

၀၁၀၀၀၀

## [၅]

❑

၁၉၅၀ ပြည့်နှစ်၌ ဆရာကြီးအား နိုင်ငံတော်အစိုးရမှ "အလင်္ကာကျော်စွာ" ဘွဲ့ ချီးမြှင့်ခဲ့သည်။

၁၉၅၅ ခုနှစ်၌ ဆိုဗီယက် ရုရှားနိုင်ငံက "ကမ္ဘာ့ငြိမ်းချမ်းရေးဆု" အား ချီးမြှင့်ခဲ့၏။

ကမ္ဘာ့ငြိမ်းချမ်းရေးဆုနှင့်အတူ ဆုငွေအဖြစ် မြန်မာငွေ ကျပ်ဘစ်သိန်းကျော် ရရှိခဲ့၏။

ဆရာကြီး၏ ဘဝတစ်လျှောက်လုံးတွင် ဥစ္စာပစ္စည်းနှင့်ပတ်သက်၍ အာသာငမ်းငမ်း လိုလားသူမဟုတ်သဖြင့် ဆရာကြီးသည် ရရှိသောဆုဘစ်သိန်းအနက်မှ ငွေကျပ် ရှစ်သောင်းအား လှူဒါန်းခဲ့၏။

၁၉၆၀ ပြည့်နှစ်၌ ဆရာကြီးအား အရှေ့ဘာလင်ဟမ်းဘတ် ဘတ္တာသိုလ်မှ ဂုဏ်ထူးဆောင်ပါရဂူဖြစ်သည့် ဝိဇ္ဇာဝိဒ်ချီဘွဲ့အား ချီးမြှင့်ခဲ့၏။

ဆရာကြီးဘဝသမိုင်းတွင် ဆရာကြီးသည် စာပေအား ရေးသားပြုစုရုံမက အချိန်ရသမျှ စာစုံအား အထူးလေ့လာဖတ်ရှုကြောင်း တားနပ်ကြည့်ပိဋကတ်တိုက်တွင်ရှိသည့် စာအုပ်စာတမ်းများသည် ဖတ်ဖူးကြည့်ဖူးသည့် စာများဖြစ်ကြောင်း မှတ်တမ်းပြုထားသည်ကိုလည်း တွေ့ရ၏။

ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏အမည်နှင့် စာများသည် အထူးကျော်ကြားလှ၏။ ပီးရှူးတန်ဆောင်ပမာ ထိန်လင်းခဲ့၏။

ဆရာကြီးသည် ဤဤဤမျှ နာမည်ကြီးသောသူ ဖြစ်စေကာမူ စိတ်ကြီးဝင်သူမဟုတ်။

ပတ်ဝန်းကျင်လောက၌ အပြစ်ကိုမြင်သော်လည်း အပြစ်တင်သူမဟုတ်။ သနားကြင်နာတတ်သူ။

သတ္တိရှိသူကို ချစ်တတ်သူ။

ဆရာကြီးကိုယ်တိုင်ကလည်း အရွယ်နှင့်မမျှအောင် သတ္တိရှိသူဖြစ်သည်။

ရတနာသုံးပါးအား အထူးကြည်ညိုသူလည်း ဖြစ်၏။ ဘာသာရေးကိုင်းရှိုင်း၏။

ဆရာကြီးသည် ဇနီးသည် ဒေါ်ရှင်ဆုံးတော့ အသက် (၄၀) သာရှိသေးသော်လည်း တစ်အိုးတစ်အိမ် မထူထောင်ခဲ့။ ကာမဂုဏ်အာရုံအားစက်ဆုပ်သူလည်းဖြစ်သည်။

ဆရာကြီးသည် ခေတ်အဆက်ဆက် လှုပ်ရှားပါဝင်ခဲ့သူဖြစ်၏။

ဆရာကြီးသည် မြန်မာသက္ကရာဇ် ၁၃၂၆ ခုနှစ် (၁၉၆၄ ခုနှစ်၊ ဇူလိုင် ၂၃ ရက်) ဒုတိယဝါဆိုလဆန်း (၁၄)ရက်နေ့၊ အသက် (၈၉) နှစ်အရွယ်တွင် နေထိုင်ရာ စမ်းချောင်း၊ ချမ်းသာလမ်းနေအိမ်၌ ကွယ်လွန်အနိစ္စရောက်ခဲ့၏။

ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ ရုပ်ကလာပ်အား တစမ်းတနားမွမ်းမံပြင်ဆင်ပြီး ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်ခြေရင်း ရွှေတိဂုံဘုရားလမ်းနံဘေး ဦးဉတ္တမပန်းခြံ (ယခင်ကန်တော်မင်ပန်းခြံ) တွင် ဂူသွင်းသင်္ဂြိုဟ်ခဲ့သည်။

ကိုး:

မြန်မာ့စွယ်စုံကျမ်း

အတွဲ - ၁၂ ပထမအကြိမ် ၁၉၇၂



သမ္မတဦးချစ်လှိုင်
(သို့မဟုတ်)
ပြည်သူ့ဆန္ဒသမ္မတအဖြစ် ထင်ရှားသူ

စိတ်ကူးသစ်စာပေ

## [၁]

❑

သူက မြန်မာ့နိုင်ငံရေးသမိုင်းစဉ်ထဲ၌ ချန်လှပ်ထား၍ မရသူ။ သူသည် မြန်မာ့နိုင်ငံရေးသမိုင်းစဉ်တွင် သမ္မတဦးချစ်လှိုင်ဟု ထင်ရှား၏။

မှန်သည်။

သူက မြန်မာ့နိုင်ငံရေးသမိုင်းစဉ်တွင် ထင်ရှားသည့် ခေါင်းဆောင်တစ်ဦးလည်းဖြစ်သည်။

ဦးချစ်လှိုင်သည် မော်လမြိုင်မြို့သစ်ကုန်သည် သူဌေးဦးဘသည့်နှင့် ဒေါ်ရင်တို့၏ ဒုတိယသားဖြစ်သည်။

ဦးချစ်လှိုင်အား ၁၂၄၀ ခုနှစ်၊ နယုန်လပြည့်ကျော် (၆) ရက်၊ တနင်္လာနေ့တွင် မီးရှူးသန့်စင် ဖွားမြင်ခဲ့၏။

သူနှင့်ပတ်သက်၍ . . .

"ဦးချစ်လှိုင်ငယ်စဉ်က ခေါင်းဆေးမင်္ဂလာပြုတော့ ရှေးတာဆိုအတိုင်း ကြီးကျယ်ခမ်းနားစွာ ပြုခဲ့တာ။ မော်လမြိုင်မှာတော့ အထင်ကရပါပဲ"

ဟု မျက်မြင်တွေ့သူများက ပြော၏။

ဦးချစ်လှိုင်က ရွှေလင်ပန်းနှင့် အရိုးခေဆေးသူပီပီ ငယ်စဉ်ကလည်း အကောင်းဆုံးကျောင်း၌ ပညာသင်ရ၏။ ဦးချစ်လှိုင် အသက် (၂၀) အရွယ်သို့ရောက်လျှင် အင်္ဂလန်သို့ ပညာသွားသင်ခဲ့သလို ဝတ်လုံပညာဘွဲ့ရခဲ့၏။

နိုင်ငံရပ်ခြားတွင် အနေကြာသော်လည်း အမိနိုင်ငံချစ်သူဖြစ်၏။ အမျိုးဂုဏ်၊ ဇာတိဂုဏ်အား စောင့်ထိန်း၏။

ဝတ်လုံဘွဲ့ရ၍ မြန်မာနိုင်ငံသို့ ပြန်ရောက်လျှင် ဝိုင် - အမ် - ဘီ - အေ (ခေါ်) ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (Y.M.B.A) Young Men's Buddhist Associations အသင်းကြီး ရေရှည်တည်တံ့နိုင်မြဲရန်အလို့ငှာ ခွေအား၊ လူအားဖြင့် ပံ့ပိုးကူညီခဲ့သူ။

ခရစ်သက္ကရာဇ် ၁၉၀၇ ခုနှစ်မှစ၍ မော်လမြိုင်မြို့ဝိုင် - အမ် - ဘီ - အေ အသင်း၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့၏။

"မြန်မာတိုင်းဟာ အမျိုးဂုဏ်၊ ဇာတိဂုဏ် စောင့်ထိန်းပြီး၊ မျိုးချစ်စိတ်ဓာတ်အပြည့်နဲ့ အမျိုးဘာသာ သာသနာကို စောင့်ရှောက်ရမယ်"

ဟု သူကပြော၏။

ဦးချစ်လှိုင်၏ တက်ကြွမှု၊ အမျိုးဘာသာ သာသနာအား စောင့်ထိန်းမှုတို့ကြောင့် လူအများ၏ ကြည်ညိုလေးစားခြင်းအား ခံခဲ့ရသည်။

၁၉၁၉ ခုနှစ်၊ ပုသိမ်မြို့၌ ကျင်းပသည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ဝိုင် - အမ် - ဘီ - အေ နှင့် အသင်းသူအသင်းသားများ အစည်းအဝေး၌ ဦးချစ်လှိုင်အား ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခြင်း ခံခဲ့ရ၏။

ထို့နောက် နောက်နှစ် ပြည်မြို့၌ ကျင်းပသည့် အစည်းအဝေးမှ ဆုံးဖြတ်ခဲ့သည့်အတိုင်း ဂျီ - စီ - ဘီ - အေ (ခေါ်) မြန်မာ့အသင်းချုပ် (General Council Burmese Associations) (G.C.B.A) ကြီးပေါ်ပေါက်လာသည့်အခါ ဦးချစ်လှိုင်အား ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရပြန်၏။

ဦးချစ်လှိုင်က ကိုယ်ကျိုးကြည့်သူ၊ အတ္တဝါဒမဟုတ်။ ဦးချစ်လှိုင်သည် မိမိ၏ ဥစ္စာပစ္စည်းများအား အဆုံးရှုံး အနစ်နာခံ၍ မြန်မာ့နိုင်ငံရေးအတွက် စွန့်လွှတ်စွန့်စားစိတ်ဖြင့် ရဲဝံ့စွာ ခေါင်းဆောင်မှုပေးခဲ့သူလည်း ဖြစ်၏။

ဧ၁၀၀၉ဇ

[၂]

❑

ဦးချစ်လှိုင်သည် မျိုးချစ်နိုင်ငံရေးသမား ဖြစ်သဖြင့် နယ်ချဲ့ဗြိတိသျှ အစိုးရ၏ စောင့်ကြည့်ခံ၊ အငြိုးထားခံရသူလည်း ဖြစ်၏။

"မြန်မာလူမျိုးအရေးကို လုပ်နေသူမို့ ဘာမျှမမှုဘူး"

ဟု အမြဲပြောကြောင်း မှတ်သားရ၏။

အင်္ဂလိပ်ဝေလမင်းသားသည် ၁၉၂၁ ခုနှစ်၌ တိုင်းခန်းလှည့်ခဲ့ရာ ရန်ကုန်မြို့သို့မရောက်မီ နယ်ချဲ့ဗြိတိသျှအစိုးရက ဦးချစ်လှိုင်အား တခြားထင်ရှားသည့် မြန်မာ့နိုင်ငံရေးခေါင်းဆောင်များနှင့်အတူ ဖမ်းဆီးခံခဲ့ရ၏။

အကျယ်ချုပ်ဖြင့် ချုပ်နှောင်ခံခဲ့ရ၏။

ဦးချစ်လှိုင်သည် နိုင်ငံရေးနှင့်ပတ်သက်၍ ကိုယ်ကျိုးစွန့်၍ လုပ်သူ ဖြစ်သည်။ အမျိုးသားအကျိုးစီးပွားအား အစဉ်ရှေ့ရှုသူဖြစ်သဖြင့် ပြည်သူ လူထု၏ လေးစားကြည်ညိုမှုကို ခံစားရသူဖြစ်သည်။

ထို့ကြောင့် ဦးချစ်လှိုင်သည် ၁၉၂၂ ခုနှစ်နှင့် ၁၉၂၄ ခုနှစ်အတွင်း သရက်၊ ပေါင်းတည်မြို့များ၌ ကျင်းပပြုလုပ်သည့် ပြည်လုံးကျွတ်ညီလာခံကြီး၌ ဦးချစ်လှိုင်အား ပြည်သူများက "သမ္မတဘွဲ့" အပ်နှင်းခဲ့၏။

ထိုအချိန်မှစ၍ သမ္မတဦးချစ်လှိုင်ဟု တွင်ခဲ့သည်။

ထို့အတူ ထိုအချိန်က ဦးချစ်လှိုင်အား ပြည်သူပရိသတ်တို့က သူရဲဇွဲမဆောင်းရသော မြန်မာနိုင်ငံ၏ဘုရင်ဟု ခေါ်တွင်ကြ၏။

၀၀၀

❑

ဦးချစ်လှိုင်သည် ပြည်သူက ရှိသေလေးစား ကြည်ညိုသကဲ့သို့ ဦးချစ်လှိုင်၏ ဘုန်းကံအရှိန်အဝါကလည်း အံ့သြခမန်းဟု ဆိုရမည်။

ဦးချစ်လှိုင်သည် နယ်လှည့်တရားဟောတတ်သူဖြစ်၏။ ယင်းသို့ လှည့်လည်တရားဟောရာ နေရာတိုင်းတွင် ပြည်သူများက သောင်းသောင်း ဖြဖြ ကြိုဆိုကြ၏။

အရှိန်ဘွဲ့ အမျိုးသားများက ရွှေထီးဆောင်း၍ ကြိုဆိုခြင်း၊ ထီးဖြူ မိုး၍ ကြိုဆိုခြင်း ပြုရုံမက အမျိုးသမီးများက ဆံပင်များဖြန့်ခင်းကာ ကြိုဆို ခြင်း၊ ကရဝိတ်ဖောင်များဖြင့် ကြိုဆိုခြင်းအထိ ရှိခဲ့သည်ဟု မှတ်သားရ၏။

⇐000⇒

[၃]

❑

၁၉၂၂ ခုနှစ်သည် မြန်မာပြည်နိုင်ငံရေးအတွက် အမှတ်ရစရာနှစ်ဖြစ်ခဲ့သည်။

အဘယ့်ကြောင့်ဆိုသော် ထိုနှစ်တွင် မြန်မာနိုင်ငံအား အုပ်ချုပ်နေသည့် ဗြိတိသျှအစိုးရက မြန်မာနိုင်ငံအုပ်ချုပ်ရေးအတွက် ဒိုင်အာခီအုပ်ချုပ်ရေးအား ပေးသောအခါ လက်ခံသင့်၊ မခံသင့် စသည်ဖြင့် ညှိနှိုင်းဆွေးနွေးကြရင်း ဂျီ-စီ-ဘီ-အေ နှစ်ခြမ်းကွဲခဲ့သည်။

ထိုအချိန်တွင် ဦးချစ်လှိုင်သည် သပိတ်မှောက်ဝံသာနု ဂျီ-စီ-ဘီ-အေ၏ ခေါင်းဆောင်ဖြစ်သည်။

ဦးချစ်လှိုင်သည် မြန်မာပြည်ရေးရေးနှင့် ပတ်သက်၍ ကျင်းပသည့် ဘီလပ် မျက်နှာစုံညီ အစည်းအဝေးများသို့ ၁၉၃၁ ခုနှစ်၊ နိုဝင်ဘာလမှာ တစ်ကြိမ်၊ ၁၉၃၃ ခုနှစ်၊ အောက်တိုဘာလမှာ တစ်ကြိမ် ၂ကြိမ်တိုင်တိုင် တက်ရောက်ခဲ့သူဖြစ်သည်။

ဦးချစ်လှိုင်သည် မြန်မာပြည်နိုင်ငံရေးနှင့် ပတ်သက်၍ အစဉ်ရေ
မျက်စိဖွင့်ထားသူဖြစ်သဖြင့် ၁၉၃၅ ခုနှစ် ရွေးကောက်ပွဲများ၌ အိန္ဒိယပြည်
နှင့် တွဲရေးခွဲရေး ပြဿနာများ ပေါ်ပေါက်လာသည့်အခါတွင် တွဲရေးဘက်မှ
အရွေးခံခဲ့သူဖြစ်၏။

ဦးချစ်လှိုင်သည် ဗြိတိသျှခေတ်၌ ဥပဒေပြုကောင်စီတွင် ဥက္ကဋ္ဌ
တာဝန်အား ၁၉၃၂ ခုနှစ်၌တစ်ကြိမ်၊ ၁၉၃၅ ခုနှစ်၌တစ်ကြိမ် နှစ်ကြိမ်တိုင်
တိုင် ရွေးချယ်တင်မြှောက်ခံရသူဖြစ်သည်။

ထို့အတူ ဦးချစ်လှိုင်သည် ၁၉၃၇ ခုနှစ်၌ အောက်လွှတ်တော်
ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရ၏။

ယင်း ၁၉၃၇ ခုနှစ် အင်္ဂလန်ပြည်၊ လန်ဒန်မြို့၌ ကျင်းပသည့် ဆဋ္ဌမ
မြောက် ဧကရာဇ်ဘုရင် နန်းတက်ပွဲသို့ တက်ရောက်ခဲ့ရသူလည်း ဖြစ်သည်။

ဦးချစ်လှိုင်၏ နိုင်ငံရေးသမိုင်းအား လေ့လာလျှင် နိုင်ငံရေးဆောင်
ရွက်ရာ၌အပြင် ဦးပု၊ ဦးထွန်းအောင်ကျော်တို့နှင့် တွဲ၍ လှိုင်၊ ပု၊ ကျော် ပါတီ
တည်ထောင်၍လည်းကောင်း၊ တစ်ဖန် ဦးမြတ်သာထွန်း၊ ဆာပေါ်ထွန်းတို့
နှင့်အတူ လှိုင်၊ မြတ်၊ ပေါ် ပါတီအားလည်းကောင်း ဖွဲ့စည်းတည်ထောင်ခဲ့
သည်ကို တွေ့ရ၏။

ယင်းမျှမကသေး၊ ဦးချစ်လှိုင်သည် စစ်အတွင်း ဂျပန်ပေးသည့်
လွတ်လပ်ရေးခေတ် ၁၉၄၃ ခုနှစ်၊ ဩဂုတ်လ (၅) ရက်နေ့၌ အဓိပတိ
ဒေါက်တာဘမော်၏ အတိုင်ပင်ခံအမတ်အဖြစ်လည်း အရွေးခံရသေး၏။

ဦးချစ်လှိုင်က နိုင်ငံချစ်သူ မျိုးချစ်နိုင်ငံရေးသမားပီပီ ဒုတိယကမ္ဘာ
စစ်အပြီး လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံခေတ်၌လည်း ဦးချစ်
လှိုင်သည် နိုင်ငံရေးသဗ္ဗဝါဒအဖြစ် ရပ်တည်ခဲ့သည်။

စိတ်ကူးသစ်စာပေ

နိုင်ငံရေး၌ မွေ့လျော်ခဲ့သည်။

မွေးရပ်မြေ မော်လမြိုင်မြို့မှ ရွေးကောက်ပွဲတွင် ဝင်၍ ယှဉ်ပြိုင်ခဲ့ရာ အရွေးခံ အနိုင်ရခဲ့သူဖြစ်၏။

နိုင်ငံရေးနှင့်ပတ်သက်၍ သူ့အား သိမှိသူများက . . .

"သမ္မတဦးချစ်လှိုင်ဟာ နိုင်ငံရေးလက်ဟောင်းအိုကြီး ဖြစ်ပေမဲ့ လူငယ်တွေနဲ့ ယှဉ်ပြိုင်အရွေးခံပြီး အနိုင်ယူနိုင်ခဲ့တဲ့ အာဂနိုင်ငံရေးသမား ကြီးပဲ"

ဟု မှတ်ချက်ပြု ခံရသူဖြစ်သည်။

ဦးချစ်လှိုင်သည် ပါလီမန်ပြည်သူ့လွှတ်တော်၌ အတိုက်အခံခေါင်း ဆောင်တစ်ဦးအဖြစ် ရပ်တည်နိုင်ခဲ့သည်။

ဦးချစ်လှိုင်၏ နိုင်ငံရေးသမိုင်းအား လေ့လာလျှင် ဦးချစ်လှိုင်သည် ၁၉၅၂ ခုနှစ် ဘတ်ဂျက်အစည်းအဝေးအထိ ပါလီမန်ပြည်သူ့လွှတ်တော်သို့ အတက်ရောက်နိုင်ခဲ့သူလည်း ဖြစ်သည်။

ဦးချစ်လှိုင်က ရိုးသားဖြောင့်မတ်သူဖြစ်၏။ အလုပ်အတန်းရက် ရောပြီး ခန့်ညားထည်ဝါသည့် ပုဂ္ဂိုလ်ထူးကြီးဖြစ်သည်။

ကိုယ်ကျင့်တရားကောင်းမွန်ခြင်း၊ နိုင်ငံရေးလုပ် အမြတ်ထုတ်သူ မဟုတ်ခြင်း၊ စေတနာသဒ္ဓါ ကောင်းခြင်းတို့ကြောင့် ဦးချစ်လှိုင်သည် ထီးဆောင်းမင်းတစ်ပါးကဲ့သို့ ထင်ရှားခဲ့၏။

ဦးချစ်လှိုင်အား ကြည်ညိုသူများသလို ဦးချစ်လှိုင်ကိုယ်တိုင် နိုင်ငံရေးကိုချစ်ခင်သူဖြစ်သဖြင့် နောက်ဆုံးထွက်သက်ထိ နိုင်ငံရေးဆောင်ရွက် ခဲ့သူလည်းဖြစ်၏။

ဦးချစ်လှိုင်သည် နိုင်ငံရေးဆောင်ရွက်ရင်း ၁၉၅၂ ခုနှစ်၊ အောက်

တိုဘာ (၃၁)ရက် ၁၉၁၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁၄) ရက် နံနက် (၆း၃၀) အချိန်တွင် ဘောင်ဒရီလမ်း အမှတ် (၁၈၅) နေအိမ်၌ ကွယ်လွန်အနိစ္စရောက်ခဲ့သည်။

ကွယ်လွန်ချိန်တွင် အသက် (၇၃)နှစ်အရွယ်ရှိပြီး ဇနီးတော်ဒေါ်အိနှင့် သမီးနစ်ယောက် ကျန်ရစ်ခဲ့သည်။

တကိုး -

မြန်မာ့စွယ်စုံကျမ်း အတွဲ (၂)

ဒုတိယအကြိမ် ၁၉၇၃။



ဂျီစီဘီအေ ဦးစိုးသိန်း
(သို့မဟုတ်)
နိုင်ငံရေးလူကြမ်းမင်းသား

စိတ်ကူးသစ်စာပေ

# [၁]

❑

သူက မြန်မာ့နိုင်ငံရေးလောကတွင် ထင်ရှားသူဖြစ်သည်။ မျိုးချစ်စိတ်ပြင်းထန်ပြီး နိုင်ငံ့အရေးနှင့် ပတ်သက်လာလျှင် ရဲရင့် ခွန့်စားရဲသူဖြစ်သည်။

နိုင်ငံရေးနှင့်ပတ်သက်၍ ရင်ဆိုင်ရဲသူ။

သူက ဂျီစီဘီအေ ဦးစိုးသိန်းဖြစ်သည်။

ဦးစိုးသိန်းအား မြန်မာသက္ကရာဇ် ၁၂၄၇ ခုနှစ်၊(သက္ကရာဇ် ၁၈၈၅ ခုနှစ်)၊ သီတင်းကျွတ်လတွင် ရေနံချောင်းမြို့တွင် ဖွားမြင်သည်။

မိဘနှစ်ပါးမှာ ဖခင်ဖြစ်သူ ဦးအောင်မြတ်၊ မိခင် ဒေါ်မေတို့၏ ရင်နှစ်သည်းချာ သားလှရတနာဖြစ်သည်။

ဦးစိုးသိန်းက တွင်းစားမျိုးရိုးဖြစ်၏။ သူ၏မိဘများသည် တွင်းစားများဖြစ်သည်။

ဦးစိုးသိန်း၏ ပညာရေးဘဝသည် ငါးနှစ်အရွယ်မှစ၏။ ဦးစိုးသိန်းသည် ရေနံချောင်းမြို့ ဝက်ချျပ်ဆရာတော်ထံ၌ (၆)နှစ်ခန့် ပညာရည်နို့ သောက်စို့ခဲ့၏။

၁၂၅၉ ခုနှစ်မှ ၁၂၆၅ ခုနှစ်အထိ ပြည်မြို့ အထက်တန်းကျောင်း၌ ပညာသင်ကြားခဲ့၏။

၁၂၆၆ ခုနှစ်မှ ၁၂၆၈ ခုနှစ်အတွင်းတွင် မန္တလေးမြို့ စိန့်ပီတာ အထက်တန်းကျောင်း၌ ပညာသင်ခဲ့၏။ ဦးစိုးသိန်းပညာသင်ကြားသည့် ကျောင်းနှစ်ကျောင်းစလုံးသည် အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာသင်ကျောင်းများဖြစ်သဖြင့် သင်ကြားခွင့်ရခဲ့၏။

ထို့နောက်တွင်မူ ဦးစိုးသိန်းသည် ရေနံချောင်းမြို့သို့ ပြန်လာခဲ့၏။ ထိုနှစ်က ၁၂၆၉ ခုနှစ်ဖြစ်၏။ ဦးစိုးသိန်းသည် ဘီအိုစီကုမ္ပဏီ၌ လုပ်ငန်းခွင်ဝင်ခဲ့၏။

[၂]

❑

၁၂၄၇ ခုနှစ် (၁၉၁၂ ခုနှစ်) တွင်မှ ဦးစိုးသိန်းသည် ဂျပန်နိုင်ငံသို့ သွားရောက်ကာ ပညာသင်ကြားခဲ့၏။ အစက ဦးစိုးသိန်းသည် သိပ်စိတ်မပါခဲ့။

သို့သော် ဦးစိုးသိန်း ဂျပန်သို့ရောက်ပြီး မကြာမီ ဆရာတော် ဦးဥတ္တမနှင့်တွေ့ပြီး ဦးဥတ္တမ၏ အားပေးတိုက်တွန်းမှုကြောင့် ဂျပန်တွင် (၃)နှစ်ခန့် ပညာသင်ကြားခဲ့၏။

ဦးစိုးသိန်းသည် ရည်ရွယ်ချက်ကြီးမားသူ ဖြစ်သဖြင့် အမေရိကန်ပြည်ထောင်စု၊ ကာလီဖိုးနီးယားပြည်နယ်၊ ဆန်ဖရန်စစ္စကိုမြို့သို့ သွားရောက်ပြီး ပ ညာသင်ကြားခဲ့သည်။

ထို့နောက် ဦးစိုးသိန်းသည် လော့ဂ်အင်ဂျလိမြို့၌လည်းကောင်း၊ စတန်းဖို့တက္ကသိုလ်၌လည်းကောင်း ပညာသင်ကြားခဲ့သည်။

ဦးစိုးသိန်းသည် သတ္တုတွင်းဆိုင်ရာ ဘူမိဗေဒပညာရပ်နှင့် မဟာဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။

ဦးစိုးသိန်းသည် ပညာရေးအား ကြိုးစားသင်ယူသကဲ့သို့ အချိန်နှင့်အမျှ ဗဟုသုတလည်း ရှာဖွေသူဖြစ်၏။ အထူးသဖြင့် ဦးစိုးသိန်းသည် ဒေသန္တရဗဟုသုတ ရှာမှီးရန် ဝါသနာထုံ၏။

ထို့ကြောင့် ဦးစိုးသိန်းသည် ဒေသန္တရ ဗဟုသုတအလို့ငှာ ဩစတြေးလျ၊ ကနေဒါနိုင်ငံ၊ ဟာဝါရီကျွန်းစု၏မြို့တော် ဟိုနိုလူလူ စသည်များသို့လည်းကောင်း၊ အင်္ဂလန်၊ စကော့တလန်၊ အိုင်ယာလန်၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ ဟော်လန်၊ ဆွစ်စလန်၊ ဘယ်လ်ဂျီယံ စသည့်မြို့များသို့လည်းကောင်း၊ အီဂျစ်၊ အိန္ဒိယ၊ သီဟိုဠ် (သီရိလင်္ကာ)၊ ယိုးဒယား (ထိုင်း)၊ မလာယုကျွန်းဆွယ်တို့လည်းကောင်း စသည်ဖြင့် အာရှတိုက်နိုင်ငံများသို့လည်းကောင်း ခရီးလှည့်လည် ဗဟုသုတရှာခဲ့သည်။ ဦးစိုးသိန်းက နေရာဒေသအနှံ့ ခြေဆန့်သူလည်းဖြစ်သည်။

ယင်းသို့ ခရီးလှည့်လည်ခဲ့သည့် ဦးစိုးသိန်းသည် ၁၂၈၄ ခုနှစ် (၁၉၂၂) ခုနှစ်၌ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့သည်။

ဦးစိုးသိန်း၏ ထူးခြားချက်မှာ ဦးစိုးသိန်းသည် နေရာဒေသအနှံ့သို့ လှည့်လည်သွားရောက်ခဲ့သော်လည်း အခြားတိုင်းပြည်နှင့် အခြားယဉ်ကျေးမှုအပေါ် စိတ်ညွှတ်သာယာခြင်း မရှိခဲ့။

ဦးစိုးသိန်းသည် မြန်မာလူမျိုးပီပီ မြန်မာနိုင်ငံနှင့် မြန်မာ့ယဉ်ကျေးမှုကို မြတ်နိုးခဲ့၏။ ဦးစိုးသိန်းက ဇာတိသွေး ဇာတိမာန် ထက်သန်သူလည်းဖြစ်သည်။

ဇာတိသွေး ဇာတိမာန်လည်း လျှော့ပါးမသွားခဲ့။ မျိုးချစ်စိတ်နှင့် ဇာတိမာန် ပို၍ ထက်သန်ခဲ့၏။

မှန်သည်။

ဦးစိုးသိန်းက မျိုးချစ်စိတ် ဇာတိမာန်နှင့် ဝံသာနုစိတ်ဓာတ် ပြင်းထန်သူဖြစ်သဖြင့် မြန်မာပြည်သို့ ပြန်ရောက်သည်နှင့် တစ်ပြိုင်နက် အခြားအခြားသော အဝတ်အစားများကို မဝတ်တော့ဘဲ ပင်နီအင်္ကျီဝတ်၍ ခေါင်းပေါင်းအစား ပင်နီဦးထုပ်ဆောင်းခဲ့သည်။

တိုင်းရင်းဖြစ်ကို အားပေးခဲ့၏။ အစားအသောက် စားသည့်နေရာတွင်လည်း ယွန်းအစ်နှင့် ထမင်းစား၏။

အိမ်ကိုလည်း မိုးရာသီရောက်လျှင် ထန်းရွက်အား စနစ်တကျဖြတ်လိုး၍ မိုးနေ၏။

ဦးစိုးသိန်းနှင့် သိကျွမ်းသူများက "ဦးစိုးသိန်းဟာ မျိုးချစ်စိတ်ပြင်းထန်ပြီး စဉ်ဆက်မပြတ် မြန်မာဆန်ဆန်နေခဲ့သူဖြစ်တယ်" ဟု ဆို၏။

ထိုကဲ့သို့ပင် ဦးစိုးသိန်းသည် မြန်မာနိုင်ငံသို့ ပြန်ရောက်သည်နှင့် တစ်ပြိုင်နက် ရေနံချောင်းဆရာတော် ဦးတေဇိန္ဒဆရာတော်အား လျှောက်ထားပြီး ဆရာတော်၏ကျောင်း၌ စက်မှုလက်မှုကျောင်းတစ်ကျောင်း ဖွင့်လှစ်ခဲ့၏။

ကျောင်းသားကျောင်းသူ (၈၀) ကျော်အား ကိုယ်တိုင် ကျောင်းအုပ်ကြီးအဖြစ်နှင့် ကြပ်မတ်သင်ကြားပေးခဲ့၏။

<<<>>>

## [၃]

❑

သက္ကရာဇ် ၁၂၈၆ ခု (၁၉၂၃၊ ၁၉၂၄) ခုနှစ်လောက်တွင် အမျိုးသားပညာရေးကောင်စီသည် မြန်မာနိုင်ငံ၏ အမျိုးသားကျောင်းများအတွက် အစိုးရအထောက်အပံ့ခံယူရန် သင့်သည်ဟု ဆုံးဖြတ်ခဲ့သည်။

သည်အခါ ဦးစိုးသိန်းလည်း အထောက်အပံ့ခံယူရန် မသင့်သေးသောအခါဟူသော အကြောင်းပြချက်နှင့် အမျိုးသားပညာရေးဘုတ်အဖွဲ့၌ ပါဝင်အားပေးခဲ့သည်။

စင်စစ် ဤသည်မှာ ဦးစိုးသိန်း နိုင်ငံရေးလောကတွင်းသို့ ပါဝင်လာရန် ဖိတ်ခေါ်ခြင်းတစ်ရပ်ဟု ဆိုရမည်ဖြစ်သည်။

ဦးစိုးသိန်းသည် ယင်းသို့ အမျိုးသားပညာရေး ဘုတ်အဖွဲ့၌ ပါဝင်ဆောင်ရွက်ရင်း ဂျီစီဘီအေအသင်းတွင် အရေးပါအရာရောက်သူနှင့် အဆက်အသွယ်ပြုဖြစ်ခဲ့သည်။ ပြုနိုင်ခဲ့သည်။

ဦးစိုးသိန်းသည် မျိုးချစ်စိတ်ဓာတ် အပြည့်အဝရှိပြီး ရိုးသားသူဖြစ်သောကြောင့် အချိန်တိုတိုအတွင်း လူချစ်လူခင်ပေါများသူဖြစ်ခဲ့သည်။

ထိုကာလဟုဆိုရသည့် ၁၂၈၆ ခုနှစ်၌ ဦးချစ်လှိုင်၏ ဂျီစီဘီအေ
သည် နှစ်ခြမ်းကွဲခဲ့၏။

ယင်းသို့ ဂျီစီဘီအေ နှစ်ခြမ်းကွဲသည့် ကာလ၌ ဦးစိုးသိန်းအား
ကြည်ညိုလေးစားသူများက ဦးစိုးသိန်းအား ဂျီစီဘီအေ ဥက္ကဋ္ဌအဖြစ် တင်
မြှောက်ရန် စီစဉ်ကြသည်။

ထိုအစီအစဉ်အတိုင်းပင် ၁၂၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် (၁၀)
ရက်နေ့ ရွှေဘိုမြို့၌ ကျင်းပပြုလုပ်သည့် (၁၂)ကြိမ်မြောက် အစည်းအဝေး
၌ ဦးစိုးသိန်းအား ဥက္ကဋ္ဌအဖြစ် တင်မြှောက်ကြ၏။

ဦးချစ်လှိုင်အား သမ္မတဟုခေါ်တွင်သည့် အစဉ်အလာအတိုင်း
ဦးစိုးသိန်းအား သမ္မတအဖြစ် ခေါ်ခဲ့၏။

⌣သသ⌣

❑

မေးအစ်လာသည့်တာဝန်အား ကျေပွန်စွာ ထမ်းဆောင်ခဲ့သည့် ဦးစိုးသိန်း၏ ဝိညာဉ်အတိုင်း ဂျီစီဘီအေအသင်း၏ သမ္မတအဖြစ် ၁၂၉၁ ခုနှစ်၊ တန်ခူးလဆန်း (၁၀) မှ (၁၃)ရက်နေ့အထိ တောင်ငူမြို့၌ကျင်းပသည့် အစည်းအဝေးအထိ ထမ်းဆောင်သည်။

ဦးစိုးသိန်းသည် ရိုးသားသူဖြစ်သည်နှင့်အညီ နိုင်ငံရေးအား သူ့အမြင်အတိုင်း တည့်မတ်ဖြောင့်တန်းစွာ လုပ်ခဲ့သည်။

အမှန်တရားအတွက်လည်း ရဲဝံ့စွာ ရင်ဆိုင်တိုက်ခိုက်သည်။ အချို့က ဦးစိုးသိန်းအား နိုင်ငံရေးလူကြမ်းကြီးဟု ခေါ်ဆိုကြ၏။ ယင်းသို့ခေါ်ဆိုသည်မှာ အပြစ်မြင်၍ ခေါ်ဆိုခြင်းမဟုတ်။ ချစ်စနိုး ခေါ်ဆိုကြခြင်းဖြစ်၏။

ထို့အတူ ဦးစိုးသိန်းအား ရိုးသားဖြောင့်မတ်သည့် နိုင်ငံရေးသမားဟု ဆို၏။

ဦးစိုးသိန်း၏ ထူးခြားချက်မှာ ဦးစိုးသိန်းသည် ဝံသာနုခေါင်းဆောင်တစ်ဦးဖြစ်ဖြစ် ဆင်းရဲသားများနှင့် တစ်ပြေးညီ ဆက်ဆံ၏။

သူက အစိုးရနှင့် ဆက်ဆံခြင်း မပြု။

နိုင်ငံရေးသည် နိုင်ငံရေးအတွက်သာ ဖြစ်ရမည်ဟူသည့် ဝါဒအား ဆွဲကိုင်ခဲ့သည်။

ထို့ကြောင့် ၁၂၈၈ ခုနှစ်၌ မင်းဘူးတွင်ကျင်းပသည့် (၁၅)ကြိမ် မြောက် ကွန်ဖရင့်တွင် အဖွဲ့ဝင်နောက်လိုက်အင်အားများသူဟုထင်ရှားခဲ့၏။

[၄]

❑

ဦးစိုးသိန်းနောက်တွင် နောက်လိုက်အင်အား များလာသကဲ့သို့ ဦးစိုးသိန်းသည် တိုင်းပြည်အကျိုးအတွက် ပြုလုပ်ရာတွင် ရဲဝံ့ပြတ်သားစွာ ည်ကိုင်သူဖြစ်သဖြင့် ဦးစိုးသိန်းအား နိုင်ငံရေးမားအကြမ်းဖက်သောဝါဒ နှင့် လုပ်ကိုင်သူဟု ဝေဖန်သံများ ထွက်ခဲ့သည်။

စွပ်စွဲမှုများ ရှိလာခဲ့သည်။

ယင်းသို့ စွပ်စွဲရရန်အတွက် အကြောင်းတစ်ခုသည် ဦးစိုးသိန်း သမိုင်းကြောင်း၌ ရှိခဲ့သည်။

အခြားမှုမဟုတ်။

သာယာဝတီနယ်မှ ပေါ်ပေါက်ခဲ့သည့် တောင်သူလယ်သမား အရေးတော်ပုံတွင် ဦးစိုးသိန်းနှင့် ဂျီစီဘီအေအဖွဲ့ဝင်များစွာ ပါဝင်ခဲ့ကြသော ကြောင့်ဖြစ်သည်။

ဂဠုန်ဆရာစံသည် ခရစ်သက္ကရာဇ် ၁၉၃၀ ပြည့်နှစ်၊ ဒီဇင်ဘာ ၂၃ ရက်နေ့၌ နယ်ရဲ့ဗြိတိသျှတို့အား ပုန်ကန်ခြားနားခဲ့သည်။ ၁၉၃၁ ခုနှစ်၊ နိုဝင်ဘာလ (၂၉) ရက်နေ့၌ သာယာဝတီထောင်၌ သေဒဏ်အပေးခံခဲ့ရ

သည်။ ထိုစဉ်အခါက တော်လှန်ရေးသမားများအား ချိုးနှိမ်သည့် နယ်ချဲ့ ဗြိတိသျှတို့သည် တော်လှန်ရေးသမားတို့အား လွန်စွာ ချိုးနှိမ်လိုသည့် သဘောရှိသည့်အတွက် တော်လှန်ရေးသမားတို့၏ စာရင်းကို ပြုစုခဲ့သည်။

ထိုပြုစုထားချက်များအား ကိုးကား၍ ဆရာစံ၏ရဲဘော် တော်လှန်ရေးသမားတို့အား ရုံးတင်စစ်ဆေးသည့်အခါ ပြတ်သားစွာပင် ဦးစိုးသိန်းသည် အကြမ်းဖက်စနစ်အား ဆုပ်ကိုင်ပြီး တော်လှန်ရေးသမားတို့အား လှုံ့ဆော်ခဲ့သူအဖြစ် အနိုင်အမာ စွပ်စွဲခဲ့၏။

တော်လှန်ရေးသမားတို့အား စီရင်သည့်တစ်ချိန်လုံး ဦးစိုးသိန်းအား ဗြိတိသျှအစိုးရသည် ဖမ်းဆီးခြင်း မပြုခဲ့ပေ။

မည်သို့ပင် ဗြိတိသျှနယ်ချဲ့တို့က အကြောင်းရှာ၍ ဦးစိုးသိန်းအား စွပ်စွဲကြသော်လည်း ၁၉၃၁ ခုနှစ်၊ ဒီဇင်ဘာ (၃၁)ရက်နေ့က ဘီလပ်၌ ကျင်းပသည့် မြန်မာပြည်အတွက် မျက်နှာစုံညီအစည်းအဝေး၌ သာယာဝတီဦးပုက ဂျူန်ဆရာစံနှင့် ဦးစိုးသိန်း မပတ်သက်ခဲ့ကြောင်း အနိုင်အမာ ပြောခဲ့ပြီးပြီ။

အမှန်သည် တကယ်ပင် ဦးစိုးသိန်းနှင့် ဆရာစံ ပတ်သက်ခြင်း မရှိခဲ့ပါ။

သို့သော် တရားရုံး၌ ဦးစိုးသိန်းက . . .

"ကျွန်တော်ဟာ ဆရာစံနဲ့ မသိဘူး၊ ဒါကို သာယာဝတီဦးပုလည်း ပြောခဲ့တာပါ။ ပြောရရင် ဆရာစံဟာ ဂျီစီဘီအေဥက္ကဋ္ဌဖြစ်သော မိမိအား အသိမပေးခဲ့။ ထွက်ပြီး လျှို့ဝှက်အသင်းကို တည်ထောင်ခဲ့တာပါ"

ဟု ဖွင့်ဟပြောခဲ့၏။

ယင်းသို့ တရားဝင်ဖွင့်ဟ၍ ပြောခဲ့သောကြောင့် နယ်ချဲ့ဗြိတိသျှအစိုးရသည် သာယာဝတီတော်လှန်ရေးသမားတို့ထဲ၌ ဦးစိုးသိန်းပါဝင်ခြင်း မရှိသည်ကို သိ၍ စွပ်စွဲခြင်းမပြုတော့။ မစွပ်စွဲနိုင်တော့။

ထို့ကြောင့် မြန်မာ့နိုင်ငံရေးရာဇဝင်အား ရေးသားသည့် ဇေဘီရမ် ဦးဘခိုင်က . . .

---

စိတ်ကူးသစ်စာပေ

"ဦးစိုးသိန်းကဲ့သို့ နိုင်ငံခြားရောက်သူ ခေါင်းဆောင်တစ်ယောက်သည် လက်ရုံးသက်သက် မြန်မာများအား စက်သေနတ်အသုံးပြုသည့် အစိုးရအား အကြမ်းဖက်၍ တိုက်ခိုက်ရန် တိုက်တွန်းသည်ဆိုသည်မှာ ဖြစ်နိုင်မည်မထင်"

ဟု မှတ်ချက်ချခဲ့ခြင်း ဖြစ်ဟန်တူသည်။

ဦးစိုးသိန်းနှင့်အတူ နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်တို့ကလည်း ဦးစိုးသိန်းဂျိစ်ဘီအေအား နယ်ချဲ့ဗြိတိသျှအစိုးရမှ မတရားအသင်းအဖြစ် ကြေညာခဲ့သော်လည်း ဘိလပ်တွင် ကျင်းပသည့် မြန်မာပြည်အရေးအစည်းအဝေး၌ မြန်မာခေါင်းဆောင်တို့က ရှင်းပြလိုက်သဖြင့် မတရားအသင်း ကြေညာခြင်းမှ ကင်းလွတ်ခဲ့သည်။

သို့စေကာမူ တောင်ငူမြို့၌ကျင်းပသည့် ဂျိစ်ဘီအေ ကွန်ဖရင့်၌ ဆရာတော်အချို့နှင့် လူပုဂ္ဂိုလ်အချို့က ကွန်ဖရင့်၌တင်သွင်းသည့် အခွန်မပေးရေးနှင့် အာဏာဖီဆန်ရေးအဆိုမှာ အစိုးရအား တော်လှန်ရန်အဆိုများဖြစ်သည်ဟုဆိုကာ ဦးစိုးသိန်းအား ထောက်ခံခြင်းမပြုဘဲ နေခဲ့ကြသည်။

ယင်းကွန်ဖရင့်၌ ဂျိစ်ဘီအေဥက္ကဋ္ဌအဖြစ် ဦးစုအား ရွေးချယ်ပြီး ဦးပုသမ္မတဖြစ်လာခဲ့သည်။

ထို့ကြောင့် ဦးစိုးသိန်း ဂျိစ်ဘီအေနှင့် ဦးစုဂျိစ်ဘီအေဟူ၍ နှစ်ခြမ်းကွဲပြန်၏။

ထိုခေတ်က နိုင်ငံရေးအရ ကွဲခဲ့ကြသည်မှာ -

၁။ ဦးချစ်လှိုင်ဂျိစ်ဘီအေ၊

၂။ ဦးစိုးသိန်းဂျိစ်ဘီအေ၊

၃။ ဦးစုဂျိစ်ဘီအေ

စသဖြင့် (၃)ကွဲ ကွဲခဲ့ကြောင်း မှတ်သားရ၏။

ထို့နောက် ၁၉၂၂ ခုနှစ်၌ မြန်မာပြည်အား အိန္ဒိယပြည်မှ ခွဲထုတ်ရန် ဗြိတိသျှအစိုးရက ဆုံးဖြတ်လိုက်၏။

သည့်အခါ မြန်မာ့နိုင်ငံရေးတွင် ခွဲရေး၊ တွဲရေးပြဿနာ ဝင်ရောက်ခဲ့ပြန်၏။

သည့်အခါတွင်မူ ဦးစိုးသိန်းသည် နိုင်ငံရေးမှ အနားယူလိုက်ပေပြီ။ ယင်းနောက် ဦးစိုးသိန်းသမိုင်းတွင် နိုင်ငံရေးနှင့်ပတ်သက်၍ မှတ်တမ်းတင်ဖွယ် မရှိတော့ပြီ။

ဦးစိုးသိန်း၏ အိမ်ထောင်ရေးဘဝအား လေ့လာလျှင် ဦးစိုးသိန်း၏ ပါရမီဖြည့်ဖက်ဇနီးမှာ ပြည်မြို့သူ ဒေါ်သော့ဖြစ်ကြောင်း မှတ်သားရ၏။

ဒေါ်သော့က ပါရမီဖြည့်ဖက်ကောင်း ပီသသူတည်း။ ဒေါ်သော့က ငယ်စဉ်ကပင် ဂျပန်သို့လိုက်ကာ ပညာသင်ကြားခဲ့သူ၊ ပညာသင်ဖက်တစ်ဦးဖြစ်၏။

ပညာသင်ကြားပြီး နိုင်ငံရပ်ခြား တိုင်းပြည်များအား လေ့လာရန်ထွက်တော့လည်း အတူတကွရှိခဲ့သည်။

ဦးစိုးသိန်းနှင့် ဒေါ်သော့တွင် သားထောက် သမီးခံ မရှိခဲ့။

ဦးစိုးသိန်းသည် ၁၃၀၆ ခု (၁၉၄၄) တွင် ရန်ကုန်မြို့၌ ကွယ်လွန်ပြီး ဇနီးဒေါ်သော့က ၁၃၀၇ ခုနှစ်၌ ရန်ကုန်မြို့၌ပင် ကွယ်လွန်ခဲ့၏။

သူတို့ဇနီးမောင်နှံမှာ ရှင်စဉ်က မခွဲသလို၊ သေတော့လည်း တစ်နှစ်ပြီးတစ်နှစ် ကွယ်လွန်ခဲ့သည်တည်း။

⇐❍❍❍⇒

ကျမ်းကိုး -

- မြန်မာ့စွယ်စုံကျမ်း၊ အတွဲ (၃)
  ပထမအကြိမ် ၁၉၅၆
- ဦးဘညိမ်း (ဓာတ်ယန်)
  မြန်မာ့နိုင်ငံရေးရာဇဝင်



ဦးထွန်းရှိန်

(သို့မဟုတ်)

နိုင်ငံရေးအတွက် အရာရာစွန့်လွှတ်ရဲသူ

စိတ်ကူးသစ်စာပေ

## [၁]

❑

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းအား လေ့လာလျှင် "သပြေနုချိန် ဖေ၊ ပု၊ ရှိန်" ဟူသည်မှာ အထင်ကရရှိခဲ့သည်။

"ဖေ" သည် ဦးဘဖေ၊ ဘကြီးဘဖေဖြစ်ပြီး၊ "ပု" သည် ဦးပုဖြစ်၍ "ရှိန်" သည် ဦးထွန်းရှိန်ဖြစ်သည်။

သူက တစ်ခေတ်တစ်ခါ ထင်ရှားကျော်ကြားခဲ့သည့် နိုင်ငံရေးသမားတစ်ဦးလည်းဖြစ်၏။

ဦးထွန်းရှိန်အား မြန်မာသက္ကရာဇ် ၁၂၅၂ ခုနှစ်၊ ပြာသိုလဆန်း (၄) ရက်နေ့တွင် မွေးဖွားသန့်စင်ခဲ့သူ။ ပုသိမ်မြို့ဇာတိဖြစ်သည်။

မိဘနှစ်ပါးမှာ ဦးမောင်ကြီး၊ ဒေါ်ခင်ဖြစ်သည်။ ဦးထွန်းရှိန်တွင် မွေးချင်းပေါက်ဖော် ခုနစ်ဦးရှိပြီး စတုတ္ထမြောက်ပင်ဖြစ်သည်။

ဦးထွန်းရှိန် ငယ်ဘဝ မောင်ထွန်းရှိန်ဘဝ အသက် (၃)(၄) နှစ်က ဦးထွန်းရှိန်အား "မောင်တာရဲ" ဟုခေါ်သည်။

ထိုအခါက မောင်ထွန်းရှိန် (ခေါ်) မောင်တာရဲမိဘများသည် ပုသိမ်မြို့မှ ငါးသိုင်းချောင်းမြို့သို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။

မောင်တာရဲခေါ် မောင်ထွန်းရှိန် (၇) နှစ်သားအရွယ်၌ ဖခင်ဖြစ်သူ ဦးမောင်ကြီးသည် ငါးသိုင်းချောင်းမြို့၌ ကွယ်လွန်သည်။

ထို့ကြောင့် မိခင်ဖြစ်သူ ဒေါ်ခင်သည် သားသမီးများက အုပ်ထိန်းလျက် ပုသိမ်မြို့သို့ ပြန်လည်ပြောင်းရွှေ့ခဲ့သည်။

မောင်ထွန်းရှိန်သည် ပုသိမ်အစိုးရ အထက်တန်းကျောင်း၌ ပညာသင်ကြားသည်။ ထိုကျောင်း၌ သတ္တမတန်းစာမေးပွဲအား ဝင်ရောက်ဖြေဆိုရာ ချောမောပြေပြစ်စွာ အောင်မြင်ခဲ့သည်။

ယင်းစာမေးပွဲ၌ ဦးထွန်းရှိန် ပညာရည်ထူးချွန်မှုပင်ရကြောင်း မှတ်သားရ၏။ ပညာသင်ဆုရခဲ့၏။ ထို့နောက် မောင်ထွန်းရှိန်သည် ဆဋ္ဌမတန်းနှင့် နဝမတန်းအား တစ်ပြိုင်တည်း တစ်နှစ်တည်း ဖြေဆိုရာ အောင်မြင်ခဲ့သည်။

မောင်ထွန်းရှိန်သည် အသက် (၁၇) နှစ်အရွယ် (၁၂၆၉ ခုနှစ်) ၌ ရန်ကုန်တက္ကသိုလ်ကျောင်းတွင် ပညာဆက်လက်သင်ယူခဲ့သည်။

သူ့အသက် (၂၁) နှစ်အရွယ်တွင် ဝိဇ္ဇာတန်း အောင်မြင်ခဲ့သည်။ မောင်ထွန်းရှိန်သည် ဝါသနာအလျောက် တက္ကသိုလ်တက်နေစဉ် ရန်ကုန်မြို့၌ အပျော်တမ်း လက်နက်ကိုင်အဖွဲ့အစည်းသို့လည်း ဝင်ခဲ့ဖူး၏။

မှတ်တမ်းများအရ မောင်ထွန်းရှိန် အမှုထမ်းခဲ့သောတပ်သည် ဂျီတပ်စုဖြစ်သည်။ ယင်းဂျီတပ်စုမှာ ဥရောပတိုက်သားများသာ ဝင်ခွင့်ရသည့် တပ်ဖြစ်သည်။ မောင်ထွန်းရှိန် ဝင်ခွင့်ရခဲ့သည်မှာ ဥရောပတိုက်သားအဖြစ် အမည်ခံ၍ ဝင်ခဲ့သောကြောင့်ဖြစ်သည်။

[၂]

❑

ဦးထွန်းရှိန်သည် အတွေးမြင့်ရှိသူဖြစ်သည်။ သူသည် ကျန်းမာရေးနှင့် ကိုယ်လက်ကြံ့ခိုင်ရေး၊ အရေးကြီးသည်ဟု ခံယူသူဖြစ်သဖြင့် ငယ်စဉ်က ကိုယ်လက်ကြံ့ခိုင်ရေး လိုက်စားခဲ့သည်။

သူသည် ကစားခုန်စားအမျိုးမျိုးအား ဝါသနာကြီးသူလည်း ဖြစ်သည်။

ဦးထွန်းရှိန်သည် လက်ဝှေ့ထိုးခြင်းကိုလည်း ဝါသနာထုံ၏။ ကျွမ်းကျင်၏။

သူနှင့် ကျွမ်းဝင်သူများက "မောင်ထွန်းရှိန် နိုင်ငံရေးကို ဝါသနာပါတာက ဝိဇ္ဇာနောက်ဆုံးနှစ်ကျမှာပါ" ဟု ပြောကြ၏။

မှန်သည်။ မောင်ထွန်းရှိန်သည် ဝိဇ္ဇာနောက်ဆုံးနှစ်၌ နိုင်ငံရေးအား စတင်လိုက်စားခဲ့သည်။ ဦးထွန်းရှိန်သည် ရန်ကုန်တက္ကသိုလ် ဗုဒ္ဓဘာသာအသင်း၌ အမျိုးသားဆိုင်ရာ တရားများဟောပြောလေ့ရှိသည်ဟု ဆို၏။

ယင်းသို့ ဟောပြောမှုများကြောင့် ဦးထွန်းရှိန်အား လူသိများလာသည်။ ထင်ရှားလာသည်။

ဦးထွန်းရှိန်သည် ကျောင်းဆရာလည်း ဖြစ်ခဲ့ဖူး၏။ မှန်သည်။ ဦးထွန်းရှိန်သည် တက္ကသိုလ်မှ ထွက်ပြီးနောက် ရန်ကုန်မြို့ အထက်တန်းကျောင်းတစ်ကျောင်း၌ တစ်နှစ်ခန့် ကျောင်းဆရာဝင်လုပ်ခဲ့၏။

ထို့နောက်တွင်မှ ဦးထွန်းရှိန်သည် မန္တလေးမြို့ "ဗုဒ္ဓသာသနာ့နုဂ္ဂဟကျောင်းကြီး"၌ ကျောင်းအုပ်ဆရာကြီးအဖြစ် ချီးမြှင့်တာဝန်ပေးခြင်းခံရ၏။ မန္တလေးသို့ ပြောင်းရွှေ့နေထိုင်ရသည်။

ဦးထွန်းရှိန်သည် မန္တလေး၌နေစဉ် ဗုဒ္ဓသာသနာ့နုဂ္ဂဟအသင်းကြီးအား ကြီးပွားတိုးတက်အောင် ဆောင်ရွက်ခဲ့သည်ဟု အမှတ်အသားရှိ၏။

ထို့အပြင် ဦးထွန်းရှိန်သည် မန္တလေး၌နေစဉ် မန္တလေးကျောင်းဆရာအသင်း၏ အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ဝိုင်အမ်ဘီအေအသင်းကြီး၏ အထွေထွေအတွင်းရေးမှူးအဖြစ်လည်းကောင်း၊ မြန်မာလူငယ်များ ပေါင်းသင်းဆက်ဆံရေးအသင်း၏ ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဗုဒ္ဓသာသနာ့နုဂ္ဂဟ ကျောင်းသားဟောင်းများအသင်း (ဗုဒ္ဓသာသနာအား ချီးမြှင့်အားပေးသည့်ကျောင်း) ၏ တည်ထောင်ကြည့်ရှုသူ ပုဂ္ဂိုလ်ကြီးအဖြစ်လည်းကောင်း၊ သုခသိတယုဝအသင်းအား အားပေးကြည့်ရှုသူ ပုဂ္ဂိုလ်ကြီးအဖြစ်လည်းကောင်း၊ နေ့မနား ညမအား စိတ်စေတနာအပြည့်နှင့် လုပ်ကိုင်ဆောင်ရွက်ခဲ့သည်။

ဦးထွန်းရှိန်သည် ၁၂၇၇ ခုနှစ်၊ တပို့တွဲလ၌ သံတော်ဆင့် ဦးဘိုးကြည်၊ ဒေါ်ခင်ခင်နှစ်တို့၏ သမီးဖြစ်သူ ခင်ခင်ညွန့်နှင့် လက်ထပ်ထိမ်းမြားခဲ့သည်။

ဦးထွန်းရှိန်သည် ဒေါ်ခင်ခင်ညွန့် သားသမီးလေးယောက် မွေးဖွားခဲ့သော်လည်း အဖတ်မတင်ခဲ့။

ထိုအတူ အိမ်ထောင်ရေးသည်လည်း မခိုင်မာခဲ့။ (၄)နှစ်ခန့်ပေါင်းသင်းပြီး နဖူးစာမင်ရည်ကျဲ၍ ကွဲခဲ့ရ၏။

ဒေါ်ခင်ခင်ညွန့်နှင့်ကွဲပြီး တစ်နှစ်အကြာ၌ မသန်းညွန့်နှင့် အိုးသစ်အိမ်သစ် တည်ထောင်ခဲ့သည်။

၀၀၀

## [၃]

❑

မည်သို့ဆိုစေ ဦးထွန်းရှိန်သည် နိုင်ငံရေးဝါသနာကြီးသူဖြစ်သဖြင့် ၁၉၁၈ ခု (၁၂၈၀ ပြည့်နှစ်) တွင် အိန္ဒိယပြည် အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲရန် မွန်တေဂူချမ်းစဖို့စီမံကိန်း ရေးဆွဲလေသည်။

ထိုစီမံကိန်းကို အသေအချာလေ့လာလျှင် မြန်မာပြည်အတွက် ဘာမျှမပါသည်ကို တွေ့ရမည်ဖြစ်သည်။ သို့သော် ဤစီမံကိန်းတွင် မြန်မာပြည်အတွက် မပါသည်မှာ မြန်မာပြည်အတွက် မြန်မာပြည်ဘုရင်ခံ ဆာရေယ်ဂျိနယ်ကရက်ဒေါက်ရေးဆွဲနေသည်ဟု ဆို၏။ အမှန်လည်း ရေးဆွဲခဲ့၏။

သို့တစေ ထိုစီမံကိန်းအား မြန်မာတို့အနေနှင့် လက်မခံနိုင်ခဲ့။ ထို့ကြောင့် မြန်မာတို့က ကန့်ကွက်ဆန္ဒပြကြ၏။

ထို့ကြောင့် ၁၉၁၉ ခုနှစ် (၁၂၈၁ ခုနှစ်)၊ မေလ (၁၈)ရက်နေ့တွင် ဝိုင်အမ်ဘီအေ အသင်းကြီးက ဆန္ဒကျင်အရေးဆိုရန် ဦးဘဖေ (ဘကြီးဘဖေ)၊ ဦးပု၊ ဦးထွန်းရှိန်တို့သုံးဦးအား အင်္ဂလန်သို့သွား၍ အရေးဆိုရန် ဆုံးဖြတ်ကြသည်။

ယင်းဆုံးဖြတ်ချက်အတိုင်းပင် ၁၉၁၉ ခု၊ ဇူလိုင် (၇)ရက် (၁၂၈၁) ခု၊ ဝါဆိုလဆန်း (၁၁) ရက်နေ့တွင် ဦးဘဖေ၊ ဦးပု၊ ဦးထွန်းရှိန်တို့သည် အင်္ဂလန်နိုင်ငံသို့ ထွက်ခွာခဲ့၏။

ထိုအချိန် ဆရာကြီး သခင်ကိုယ်တော်မှိုင်းကလည်း "သပြေနုမှိန် ...ရှိန်" ဟု ကဗျာနှင့် မှတ်တမ်းတင်ဂုဏ်ပြုခဲ့သလို ဖေပုရှိန်အမည်သည် ...ည်း မြန်မာပြည် နိုင်ငံရေးလောက၌ ထင်ရှားရေပန်းစားခဲ့၏။

ဇ၀၀၀ဇ

❑

ထိုအချိန်၌ ဦးထွန်းရှိန်မှာ ပြဿနာတစ်ခု ကြုံတွေ့ခဲ့၏။ အခြားမှု ...တ်။ ဦးထွန်းရှိန် အင်္ဂလန်မှာရှိစဉ် ပညာမင်းကြီး မတ်ဟန်းတားက ...

"ဦးထွန်းရှိန် ... နိုင်ငံရေး စွန့်လျှင်စွန့်၊ မစွန့်လျှင် ကျောင်းအုပ်ကြီး ...ဖြစ်မှ နုတ်ထွက်ရမည်"

ဟု ရာဇသံပေးခဲ့၏။

ဦးထွန်းရှိန်က ကျောင်းအုပ်ကြီးအဖြစ်မှ နုတ်ထွက်မည်ဟု ပြတ် ...ွာ တုံ့ပြန်ခဲ့သလို၊ နိုင်ငံရေးအား အထူးဝါယမစိုက်လုပ်ရန် ဆုံးဖြတ်ခဲ့ ...ည်။

နိုင်ငံရေးလောကတွင်းသို့ ခြေစုံပစ်ဝင်ခဲ့သည်။

အမှန်ဆိုသော် ဦးထွန်းရှိန်သည် ဇွဲ၊ ဝီရိယကောင်းသူဖြစ်၏။ ...ုပ်တစ်ခုကို လုပ်ပြီဆိုလျှင် ဖြစ်မြောက်အောင်မြင်အောင် ကြိုးစားလုပ် ...ိုင်သတ်သူဖြစ်၏။

ဦးထွန်းရှိန်က ထူးခြားသူလည်းဖြစ်၏။

ဦးထွန်းရှိန်သည် စကားပြောကောင်း၏။ မည်သည့်ကိစ္စကိုမဆို ...ှင်းလင်းစွာ ပြောဆိုတတ်၏။ သူက သူတစ်ပါး၏အတင်းအဖျင်းကို မပြော ...ူ နာ းမထောင်လိုသူ ဖြစ်သကဲ့သို့ အပေါင်းအသင်းလည်း ကောင်း၏။

အထူးသဖြင့် ဦးထွန်းရှိန်သည် စေတနာသဒ္ဓါတရားထက်သန်
ကိစ္စတစ်ခုအား ရဲရဲပြတ်သားစွာ စွမ်းဆောင်နိုင်သည့် သတ္တိထူးရှိသူဖြ
သည်။

ဦးထွန်းရှိန်ပါဝင်သည့် ဖေ၊ ပု၊ ရှိန် ကိုယ်စားလှယ်အဖွဲ့သည်
အင်္ဂလန်၌ (၇)လကြာခဲ့၏။

ယင်းသို့ (၇)လကြာအောင် လုပ်ရသဖြင့် သာမန်မဟုတ်။ အခ
အခဲပြွန်းသောအလုပ်ဟု ဆိုရမည်။ ခက်သည်က ဖေ၊ ပု၊ ရှိန်အဖွဲ့သည် ကြိ
စားပမ်းစား ဆွေးနွေးခဲ့သော်လည်း အောင်မြင်မှု မရခဲ့။ ကိစ္စမပြီးပြတ်ခဲ့။

သို့သော် အရေးကြီးသည့်ကိစ္စဖြစ်သဖြင့် တိုင်းပြည်သို့ တိုင်ပင်
မှုလုပ်လျှင် ပိုကောင်းမည်ဟု ဆုံးဖြတ်ပြီး ဖေ၊ ပု၊ ရှိန်အဖွဲ့ မြန်မာပြည်သို့ ပြ
လာခဲ့သည်။

ဦးထွန်းရှိန်တို့အဖွဲ့သားများသည် ၁၉၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ
၆ ရက် (၁၂၈၁ ခု၊ တပို့တွဲလ ၃ ရက်) နေ့၌ မြန်မာပြည်သို့ ပြန်ရောက်ခဲ့၏။

ဦးထွန်းရှိန်တို့ ဖေ၊ ပု၊ ရှိန် အဖွဲ့အား မြန်မာတစ်ဝှမ်းလုံးက ကြီးကျယ်
ခမ်းနားစွာ ကြိုဆိုကြ၏။ ကြိုဆိုသူ ပရိသတ်တို့မှာ ကမ်းလုံးကျွတ်မျှ စည်
ကားနေ၏။

သိမိသူများက ထိုခေတ်၊ ထိုအခါက ဦးထွန်းရှိန်တို့ ဖေ၊ ပု၊ ရှိန်အဖွဲ့
အား ကြိုဆိုသည့်အခမ်းအနားသည် အကြီးကျယ် အခမ်းနားဆုံးဖြစ်သည်
ဟု မှတ်တမ်းပြုထားသည်ကို မှတ်သားရ၏။

တစ်ခုရှိသည်က ဦးထွန်းရှိန် အင်္ဂလန်မှပြန်ရောက်တော့ အလုပ်
လက်မဲ့ဖြစ်နေပြီ။ ထို့ကြောင့် မြန်မာ့အသင်းချုပ်ကြီးမှ တစ်လ (၃၀၀) ကျပ်
ထောက်ပံ့ခဲ့ရ၏။ ထို့နောက် ဦးထွန်းရှိန်သည် နိုင်ငံရေးတရားများအား နိုင်ငံ
အဝှမ်း လှည့်လည်ကာ နိုင်ငံရေးတရားဟောခဲ့၏။

ဦးထွန်းရှိန်၏ နောက်ဆုံးတရားပွဲက ၁၂၈၂ ခုနှစ်၊ နယုန်လဆန်း
(၆)ရက် (၁၉၂၀ ခု) တွင် ကညွတ်ကွင်းမြို့၌ ဟောကြားသည့်တရားပွဲဖြစ်
သည်ဟု အမှတ်အသားရှိ၏။

# [၄]

❑

ဦးထွန်းရှိန်သည် နယုန်လဆန်း (၇)ရက်နေ့တွင် ထူးခြားသည့် ဖြစ်ရပ်တစ်ခု ဖြစ်ခဲ့သည်။ အခြားမှု မဟုတ်။

နေ့မနား ညမနား လှည့်လည်တရားဟောခဲ့သဖြင့် ပင်ပန်းနွမ်းပြီး နယုန်လဆန်း (၇)ရက်နေ့တွင် အပြင်းအထန် ဖျားခဲ့၏။ အဖျားကြီးဖြင့် ဆရာဝန် ဆူဇူကီးဆေးတိုက်သို့တင်ကာ ကုသသော်လည်း အဖျားည် မကျ၊ သက်သာခြင်းလည်း မရှိခဲ့။

ထိုအဖျားရောဂါနှင့်ပင် နယုန်လထဲတွင် ကွယ်လွန်ခဲ့သည်။

ဦးထွန်းရှိန်ကွယ်လွန်တော့ အသက် (၃၀) သာရှိသေး၏။ ဦးထွန်းန်၏ ရုပ်အလောင်းအား ၁၂၈၂ ခုနှစ်၊ နယုန်လဆုတ် (၅)ရက်နေ့တွင် ာအသင်းချုပ်ကြီးမှ ကမကထပြု၍ သင်္ဂြိုဟ်ခဲ့၏။

ဦးထွန်းရှိန်၏ ရုပ်ကလာပ်အား လိုက်ပါပို့ဆောင်သူက လွန်စွာများလှကြောင်း အမှတ်အသားရှိ၏။

---

စိတ်ကူးသစ်စာပေ

ဦးထွန်းရှိန်၏ အိမ်ထောင်ရေးဘဝအား လေ့လာလျှင် ဦးထွန်းရှိ
သည် မကွယ်လွန်မီ တစ်လအလို ၁၂၈၂ ခု၊ ကဆုန်လ၌ မြန်မာညွန့်ကျေ
ပိုင်ရှင် ဦးသန်း၊ ဒေါ်ပွင့်တို့၏သမီးနှင့် ထိမ်းမြားလက်ထပ်ခဲ့၏။

ဦးထွန်းရှိန်သေဆုံးရခြင်းက လက်ထပ်ပြီးတစ်လမပြည့်မီ သေ
ဆုံး ခြင်းဟု ဆိုရမည်။


ဦးထွန်းရှိန်၏ ဈာပနကားအား လန်ဒန်အတ်ဦးအုန်းမောင်က န
ပိုင်းခွဲ၍ ရိုက်ကူးခဲ့ကြောင်း၊ ဦးထွန်းရှိန်အား လေးစား၍ ရိုက်ကူးခြင်းဖြ
ကြောင်း မှတ်သားရ၏။

ယင်းဦးထွန်းရှိန်၏ ဈာပနကားသည် မြန်မာ့ရုပ်ရှင် ဖြစ်ပေါ်လာ
ရန် မျိုးစေ့ချပေးသည့်ကားလည်း ဖြစ်ခဲ့သည်ဟု မှတ်တမ်းပြုထားသည်
လေ့လာတွေ့ရ၏။

ထိုအတူ ဆရာကြီး သခင်ကိုယ်တော်မှိုင်းက ဦးထွန်းရှိန်ကွယ်လွ
လျှင် "ဒေါင်းမြေပြည့်ဖွားပေမေ့၊ ကောင်းပေမေ့သား" ဟု လေးချိုးကြီးစ
ကာ ဂုဏ်ပြုခဲ့သည်တည်း။

တကိုး -

- မြန်မာ့စွယ်စုံကျမ်း၊ တွဲ (၅)
  တတိယအကြိမ် ၁၉၇၀
- ဇေ၊ ပု၊ ရှိန် (သို့မဟုတ်) မြန်မာ့နိုင်ငံရေးအား ကိုင်လှုပ်
  သည့် ထို (၃) ဦး
  (လှကွန်း)
  ၁၉၇၆ ပထမအကြိမ်၊ ဇွန်လ



ဘကြီးဘဖေ (ခေါ်) ဦးဘဖေ
(သို့မဟုတ်)
သုံးရာသီ နိုင်ငံရေးသမား

## [ ၁ ]

❑

သူ့အမည်သည် ဦးဘဇေဖြစ်သော်လည်း လူအများက သူ့အား ဘကြီးဘဇေဟု ခေါ်ကြ၏။ ရာသီသုံးပါးစံ၊ ရေစိမ်ခံ နိုင်ငံရေးသမားဖြစ် သည်။

ဘကြီးဘဇေ (ခေါ်) ဦးဘဇေသည် မြန်မာနိုင်ငံရှိ မြန်မာအမျိုး သားများသာမက အာရှတိုက်နှင့် ဥရောပနိုင်ငံများကပါ သိသော ပုဂ္ဂိုလ်ထူး ကြီးဖြစ်သည်။

ဘကြီးဘဇေ (ခေါ်) ဦးဘဇေသည် မြေပိုင်ရှင် အဖ ဦးအို၊ အမိ ဒေါ်မြှင်တို့၏ ရင်နှစ်သီးခြာ သားလှရတနာဖြစ်၏။

ဘကြီးဘဇေသည် မြန်မာသက္ကရာဇ် ၁၂၄၅ ခုနှစ်၊ ကဆုန်လဆန်း (၁)ရက် (ခရစ်နှစ် ၁၈၈၃ ခုနှစ်၊ ဧပြီ ၁၆ ) ရက်နေ့ဖွား တနင်္လာသားဖြစ် သည်။

ဘကြီးဘဇေ (ခေါ်) ဦးဘဇေ၏ မွေးဇာတိကား ကြို့ပင်ကောက်မြို့ ဖြစ်သည်။

ဘကြီးဘဖေသည် ပညာအရာ၌ ထူးချွန်သူဖြစ်သည်။ အသက် (၁၇)နှစ်အရွယ်၌ အန်းထရန့်စာမေးပွဲအား ဧကောလားရှစ်ဆုဖြင့် အောင်မြင်ခဲ့သူဖြစ်သည်။

ဘီအေစာမေးပွဲအား အသက် (၂၃) နှစ်အရွယ်၌ အောင်မြင်ခဲ့ပြီး ဗိုလ်အမ်ဘီအေ (ခေါ်) ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းကြီးအား စတင်ထူထောင်စဉ်တွင် အဓိကကျ အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်ခဲ့သော ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။

ဘကြီးဘဖေသည် အမျိုးဘာသာ သာသနာအရေး ဦးစားပေးသူဖြစ်သည်။ မျိုးချစ်စိတ်ပြင်းထန်သည်။ ဝံသာနုရက္ခိတစိတ် အပြည့်အဝရှိသည်။

ထို့ကြောင့် ဦးဘဖေ ဘီအေစာမေးပွဲ အောင်သောအခါ နယ်ချဲ့အင်္ဂလိပ်အစိုးရက ဖြူအုပ်ရာထူးပေး၏။ ဦးဘဖေသည် လက်ခံခြင်းမရှိ။

စိန့်ပေါလ်ကျောင်း၌ ကျောင်းဆရာ ဝင်လုပ်ခဲ့၏။

"နယ်ချဲ့ကို ဘုရားထူး၊ မျက်နှာချိုသွေးရတဲ့အလုပ် မလုပ်ဖူး။ နယ်ချဲ့ပေးတဲ့ရာထူးနဲ့ အမျိုးသားချင်း ဒုက္ခမပေးဘူး"

ဟု အမြဲပြော၏။

⊂၀၀၀⊃

## [၂]

❑

ဘကြီးဘဖေ (ခေါ်) ဦးဘဖေ၏ အကြောင်းအား ပြောလျှင် မျိုးချစ်
စိတ်ဓာတ်နှင့်ပတ်သက်၍ ထင်ရှားသည့် အကြောင်းတစ်ခုသည် ဝီပြင်ထင်
ရှားစွာ ရှိခဲ့၏။

ငယ်စဉ်က ဖြစ်ခဲ့သည့်အဖြစ် ဖြစ်သော်လည်း ဇာတိသွေး၊ ဇာတိ
မာန် တက်ကြွစေသော အဖြစ်အပျက်၊ အကြောင်းတစ်ခုဟု ဆိုရမည်။

ဦးဘဖေ၏ငယ်ဘဝ မောင်ဘဖေအရွယ်ကဖြစ်သည်။ မောင်ဘ
ဖေသည် ဟိုက်စကူးကျောင်းသားဖြစ်၏။ တစ်နေ့တွင် မောင်ဘဖေသည်
ကလေးဗီဗီ ကျောင်းသို့လာခဲ့၏။

ထိုစဉ် ပုလိပ်မင်းကြီး "အက်ဒေါနင်" သည် စက်ဘီးစီးလာ၏
မောင်ဘဖေသည် ပုလိပ်မင်းကြီးစက်ဘီးရှေ့မှ ဖြတ်ပြေးခဲ့၏။ ကလေး
အရွယ်ဖြစ်သဖြင့် ဘာမျှလည်း မသိ။

သို့သော် မောင်ဘဖေသည် ပုလိပ်မင်းကြီးရှေ့မှ ဖြတ်ပြေးခဲ့သဖြင့်
ဒဏ်ငွေ (၃) ကျပ် အရိုက်ခံရ၏။

"ကျွန်တော်ဟာ ကလေးပဲ။ ဘာမျှ မသိနားမလည်တဲ့သူပါ။ အဲဒီ ကို မသိနားမလည်တဲ့ ကလေးတစ်ယောက်ကို လူချင်းတူပါရက်နဲ့ နှလိုဒက် ချိုက်တာတော့ မကျေနပ်စရာ၊ ခံပြင်းစရာပဲ"

ဟု ဆိုသည်။

မှန်သည်။ ဦးဘဖေအတွက် ထိုဖြစ်ရပ်သည် ဇာတိမာန်တက်ကြွ များ မျိုးစေ့ချပေးသည့် ဖြစ်ရပ်ဆန်းတစ်ခုလည်း ဖြစ်ခဲ့၏။

"နယ်ချဲ့ကို တော်လှန်ရမယ်။ လူလူချင်း စာနာမှုကင်းတဲ့ လုပ်ရပ် တွေကို မြန်မာတွေသိအောင် ဖော်ပြရမယ်"

ဟု ကြိမ်းဝါးခဲ့သူ။

ထိုထိုသောစိတ်ဓာတ်ကြောင့်ပင် ဦးဘဖေသည် ၁၉၁၁ ခုနှစ်၌ ဦး...ဖေနှင့် တိုင်ပင်ပြီး တစ်ဦးလျှင် ငွေ (၂၅) ကျပ်စီမ,တည်ကာ သူရိယ သတင်းစာထုတ်ဝေရန် စိုင်းပြင်းခဲ့သည်။

ပြည်ကြီးမဏ္ဍိုင်ပုံနှိပ်တိုက်မှ ကြော်ငြာများရိုက်ကာ ဝေငှခဲ့သည်။ ထိုကြော်ငြာ၌ -

"သူရိယသတင်းစာကြီး ထွက်တော့မည်။ ဘာသာရေး၊ နိုင်ငံရေး ...နှင့် ဒိပိသန်ရာ ဖတ်ရမည်"

ဟု ပါရှိလေသည်။ ယင်းသို့ ကြော်ငြာပြီးနောက် နီးစပ်ရာစင်မင် သူများထံမှ အစုရှယ်ယာများ ပါဝင်စေခဲ့သည်။ တစ်ဦးလျှင် (၁၅) ကျပ်နှုန်း ဖြင့် အစုရှယ်ယာများ ပါဝင်စေခဲ့ရာ အစုရှယ်ယာငွေ (၅၀၀၀) ကျပ် ရရှိခဲ့ သည်။

ယင်းသို့ရရှိသည့် အစုရှယ်ယာငွေ (၅၀၀၀) ကျပ်ဖြင့် မ,တည်ကာ သူရိယသတင်းစာကြီးအား စတင်ထုတ်ဝေခဲ့သည်။

ထိုစဉ်က ဦးဘဖေ (ဘကြီးဘဖေ)၏ အသက်သည် (၂၈) နှစ်မျှ သာ ရှိသေး၏။

ဘကြီးဘဖေ ခေါ် ဦးဘဖေသည် ဓနစပ်သေချာပြီး အလုပ်ကြိုးစား သူ အမြော်အမြင်ကြီးသူပီပီ တစ်ဖက်မှ သူရိယသတင်းစာထုတ်ဝေခြင်းလုပ်

ငန်းအား လုပ်ကိုင်ဆောင်ရွက်ရင်း တစ်ဖက်မှ ဝိုင်အမ်ဘီအေခေါ် ဗုဒ္ဓ
ဘာသာ ကလျာဏယုဝအသင်းကြီးအား စတင်တည်ထောင်ခဲ့သည်။

ဝိုင်အမ်ဘီအေ ခေါ် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းကြီးအား
ဘကြီးဘဖေနှင့်အတူ ပူးတွဲတည်ထောင်သူများမှာ -

၁။ ဦးမောင်ကြီး (ဆာမောင်ကြီး)

၂။ ဦးစိန်လှအောင်

၃။ ဦးဘိုးမြေ

၄။ ဦးမှန်း

၅။ ဦးမေအောင်

၆။ ဒေါက်တာဘရင်

၇။ ဦးလှဖေ

၈။ ဦးသိန်းမောင်

စသည့် ခေတ်ပညာတတ် လူငယ်များဖြစ်သည်။ ထိုလူငယ်များ
က ထူးခြားသည့် လူငယ်များလည်း ဖြစ်သည်။ သူတို့က လူငယ်သော်လည်း
စိတ်ထားမြင့်မြတ်သူများ၊ တစ်ဦးနှင့်တစ်ဦး ဖေးမစည်းရုံးသူများဖြစ်သည်။

၀၀၀

[ ၇ ]

❑

ဦးဘဖေက မာန်မာနမရှိ။ ဇာတိသွေး ဇာတိမာန် တက်ကြွသလို ... သည်ကြိုးစားသူလည်းဖြစ်သည်။

ဦးဘဖေသည် သူရိယသတင်းစာလုပ်ငန်းတွင် အယ်ဒီတာတစ်ဦး ... သော်လည်း သူသည် အယ်ဒီတာအလုပ်မှစ၍ အောက်ခြေသိမ်းအလုပ် ... ရှိသည့် တံမြက်လှည်း၊ သတင်းစာခေါက်အလုပ်အထိ အပင်ပန်းခံ၍ ... ခဲ့သူလည်းဖြစ်သည်။

ဦးဘဖေသည် သူရိယသတင်းစာအား သူတကာသတင်းစာများ ... ထက် သတင်းဦး၊ သတင်းထူးအား ဦးစားပေးရေးသားနိုင်ရန် ကြိုးပမ်းခဲ့ ... သည်။

ထို့အတူ ဦးဘဖေသည် သူရိယသတင်းစာ၌ ဝိုင်အမ်ဘီအေ ခေါ် ... သော ကလျာဏယုဝအသင်းကြီး၏ လှုပ်ရှားမှုသတင်းများအား ဦးစား ... ရေးသားခဲ့၏။

သူရိယသတင်းစာသည် အမျိုးသားရေးအမြင် အပြည့်အဝရှိပြီး ... အမျိုးသားရေးရာသတင်းများအား ဦးစားပေး ထည့်သွင်းရေးသားသည့် ... သတင်းစာဖြစ်သဖြင့် စောင်ရေတရိပ်ရိပ်တက်ပြီးထင်ရှားခဲ့သည်။

ထိုအချိန်က အင်္ဂလိပ်မျက်နှာဖြူများသည် လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ အပေါ်သို့ ဖိနပ်စီးတက်နေချိန်ဖြစ်၏။

ဤဖြစ်ရပ်အား ဘကြီးဘဖေ (ခေါ်) ဦးဘဖေ မကျေနပ်၊ မကြည် ရက်သဖြင့် ထိုကိစ္စများအား ကာတွန်းဆရာများနှင့် တိုင်ပင်ကာ ကာတွန်း ရုပ်ပြောင်များဖြင့် ရေးသားပြီး သတင်းစာ၌ ဖော်ပြခဲ့သည်။

သည်အခါ အင်္ဂလိပ်မျက်နှာဖြူများနှင့် အလိုတော်ရိများ၊ မခံမရပ် နိုင်အောင် ဖြစ်ခဲ့သည်။

ဘကြီးဘဖေ (ခေါ်) ဦးဘဖေလည်း ကျေနပ်ခဲ့၏။

ဘကြီးဘဖေ သူရိယသတင်းစာ၌ ဖော်ပြခဲ့သော ကာတွန်းရုပ် ပြောင်မှာ "တောင်ရှည်ပုဆိုးဝတ် ဘုရားလူကြီး၏ ကျောပေါ်တွင် မျက်နှာဖြူ ဖနီးမောင်နံက ဖိနပ်မချွတ်ဘဲ စွစီးထားရင်း စေတီတော်အား လှည့်လည် ကြည့်ရှုနေပုံဖြစ်သည်"

ထိုဖနီးမောင်နံကပင် . . .

"အခုလို ဖိနပ်မချွတ်ဘဲ လှည့်လည်ကြည့်ရသဖြင့် ကျေးဇူးတင် ပါသည်"

ဟူသည့် စကားကိုပင် ဖော်ပြလိုက်သေး၏။ ထိုကာတွန်းအား ရေး ဆွဲပေးသူသည် ကာတွန်းဦးရွှေတလေး ခေါ် ဦးဘကလေးဖြစ်သည်။

ထိုကာတွန်းသည် ထင်ရှား၏။ မြန်မာနိုင်ငံ၌လည်း ပွက်လောရိုက် သွားခဲ့၏။

မှန်သည်။

ထိုကာတွန်းကြောင့် မျက်နှာဖြူပုလိပ်မင်းကြီး "ရပ်တဲလ်ဝပ်(သ်) က ဦးဘဖေ (ခေါ်) ဘကြီးဘဖေအား ခေါ်တွေ့၏။ ယင်းသို့ ခေါ်တွေ့သော် လည်း ပုလိပ်မင်းကြီးသည် မိမိ၏စားပွဲရှေ့မှာ ထိုင်စရာ ကုလားထိုင်ထားခြင်း မရှိ။

ဖျာတစ်ချပ်သာ ခင်းထား၏။

ဦးဘဖေသည် ပုလိပ်မင်းကြီးခေါ်သည်ကို လာတွေ့သော်လည်း ...ခြင်းမပြု၊ ပုလိပ်မင်းကြီးရှေ့၌ တည်ငြိမ်စွာရပ်လျက် ...

"ဂွတ်တမောနင်း ... မစ္စတာရှပ်တဲလ်ဝပ်သ်"

ဟု နှုတ်ဆက်၏။

ပုလိပ်မင်းကြီး၏ မျက်နှာခပ်တည်တည်ဖြင့် ...

"မောင်မင်း ... ဘာကြောင့် ဒီကာတွန်းကို ထည့်တာလဲ"

ဟု သံပြတ်နှင့် မေး၏။

ဦးဘဖေက ပုလိပ်မင်းကြီးမေးသည့် အမေးကို ဖြေကြားခြင်း မပြု၊ ...လိပ်မင်းကြီးအား စေ့စေ့ကြည့်ပြီး ...

"မစ္စတာရှပ်တဲလ်ဝပ်သ် ... ပုလိပ်ဟာ ပုလိပ်အလုပ်ကို လုပ်ပါ၊ ...တင်းစာအလုပ်မှာ ဝင်မရှုပ်ပါနှင့်"

ဟုပြောပြီး မျက်နှာတည်တည်ဖြင့် ကြည့်ပြီး ...

"ဒီမှာ...ဟောကောင်...မင်းငါ့ကိုတမင်ခေါ်ပြီးစော်ကားတာလား။ ...တွေ့ပြီး နေရာမပေးတာက ဘာကြောင့်လဲ၊ ဒီလိုမစော်ကားနဲ့၊ နောက် ...စော်ကားရင်ငါ နောက်တစ်ခါ သည်းခံမှာမဟုတ်ဘူး။ ငါ ပြန်ဆော်မယ် ...ာ သိ"

ဟု ပြော၏။

ထိုအခါ ပုလိပ်မင်းကြီး ရှပ်တဲလ်ဝပ်သ်က မကျေမနပ်နှင့် ကုလား ...ဆဲ၏။ ဒီအခါ ဦးဘဖေက ခေါင်းငုံ့မခံဘဲ ပြန်ဆော်ရန် စားပွဲပေါ်မှ မြင်း ...အား ဆွဲယူသဖြင့် အတူပါလာသည့် ဦးလှဖေက ဆွဲခေါ်သွားရသည်ဟု ...ဖေ မှတ်တမ်းတင်ခဲ့သည်ကို မှတ်သားခဲ့ရ၏။

[၄]

❑

ယင်းကိစ္စသည် သည်မှာ ပြီးဆုံးသွားသည်မဟုတ်။ ပုလိပ်မင်းကြီး နှင့် ဦးဘဖေတို့ ဖြစ်ခဲ့သည့်သတင်းအား ဝိုင်အမ်ဘီအေအသင်းသားတို့ ကြားသောအခါ အသင်းအတွင်း၌ ပွက်လောရိုက်သွားသည်။

ဦးဘဖေ၏သတ္တိနှင့် ရဲရင့်ရင်ဆိုင်ရဲမှုကိုလည်း ချီးကျူးကြ၏။

သို့နှင့် ၁၉၁၉ ခုနှစ်သို့ ရောက်သောအခါ အော့(ဗ်)ဖုန်းကော်မရှင် ၌ မြန်မာတို့၏နစ်နာချက်အား ဖော်ထုတ်ရန်အတွက် ကိုယ်စားလှယ်သုံးဦး အင်္ဂလန်သို့စေလွှတ်ရန် ရွေးချယ်ခဲ့၏။

ယင်းသို့ရွေးချယ်သည့် ကိုယ်စားသုံးဦးမှာ အခြားသူများမဟုတ်၊ ဦးဘဖေ၊ ဦးပု၊ ဦးထွန်းရှိန်မည်သည့် ပုဂ္ဂိုလ်သုံးဦးဖြစ်၏။ ထိုသုံးဦးသည် အတိုကောက်အဖြစ် ဖေ၊ ပု၊ ရှိန်ဟု ရေပန်းစားခဲ့၏။

ထို့အတူ ၁၉၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ၌ ပထမဆုံး တက္ကသိုလ် သပိတ်ကို အားပေးထောက်ခံသူများအနက် ဦးဘဖေသည် ထောက်ခံအား အပေးဆုံး ပုဂ္ဂိုလ်တစ်ဦးလည်းဖြစ်သည်။

ယင်းကဲ့သို့ပင် ဦးဘဖေသည် စီအင်အေခေါ် အမျိုးသားပညာရေး အဖွဲ့ချုပ် ကော်မတီဝင်တစ်ဦးအဖြစ်လည်း ပါဝင်ခဲ့သည်။

ထို့အတူ ၁၉၂၀ ပြည့်နှစ်၌ အင်္ဂလန်သို့ ဒုတိယအကြိမ် မြန်မာပြည် အတွက် အရေးဆိုရန် သွားရလေ၏။ ဒုတိယအခေါက်တွင် ဦးထွန်းရှိန်မပါ သော ဦးဘဖေ၊ ဦးပုနှင့် ဦးသိန်းမောင်တို့ သုံးဦးဖြစ်သည်။

ဒီတစ်ခေါက်သွားရခြင်းသည် မြန်မာပြည်အား အိန္ဒိယနှင့် တန်းတူ အခွင့်အရေးပေးရန်အတွက် သွားခြင်းဖြစ်သည်။

ဦးဘဖေ ဖွဲ့ကောင်းကောင်းနှင့် အမျိုးမျိုးအဖုံဖုံ ကြိုးစားစွမ်းဆောင် မှုများကြောင့် (မွန်တေးဂူ) က ခေါ်ယူပြီး အိန္ဒိယနှင့်တန်းတူ အုပ်ချုပ်ရေး ကို (၁၄) ရက်အတွင်း ပေးမည်ဟု ကတိရခဲ့သည်။

ထိုစဉ်က မြန်မာပြည်၏ ဘုရင်ခံမှာ မြန်မာ့သမိုင်းစဉ်တွင် ထင်ရှား သည့် ကရက်ဒေါက်ဖြစ်သည်။

ဦးဘဖေသည် ဒိုင်အာခီအုပ်ချုပ်ရေးအား (၂၁)ဦးဖြင့် လက်ခံခဲ့ ၏။

၁၉၂၉ ခုနှစ် ရွေးကောက်ပွဲပြုလုပ်သောအခါ ရန်ကုန်အရှေ့ပိုင်းမှ ဝင်ရောက်အရွေးခံရာ အနိုင်ရခဲ့၏။

ထို့နောက် လွှတ်တော်ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။

သို့နှယ်ပင် ဦးဘဖေသည် ၁၃၀၀ ပြည့် ရေနံမြေအရေးတော်ပုံ၌ (၂၁)ဦးကိုယ်စားလှယ်အဖြစ် ပါဝင်ဆောင်ရွက်ခဲ့၏။ ခွဲရေး၊ တွဲရေး၊ (၉၁) ဌာန အုပ်ချုပ်ရေးခေတ်တွင်လည်း သစ်တောရေးရာဝန်ကြီးအဖြစ် ဆောင် ရွက်ခဲ့သည်။

ထိုစဉ်က လခ (၅၀၀၀) စား ဝန်ကြီးဖြစ်၏။

ပြီးလျှင် ဦးဘဖေသည် ၁၉၃၆ ခုနှစ်၌ ပြည်ထဲရေးဝန်ကြီးအဖြစ် ဆောင်ရွက်ခဲ့၏။

ဦးဘဖေ ခေါ် ဘကြီးဘဖေက ဗိုလ်ချုပ်အောင်ဆန်း၏ ကြားဖြတ်

အစိုးရအဖွဲ့၌လည်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီးအဖြစ် ပါဝင်ဆောင်
ရွက်ခဲ့၏။

သီဟို (သီရိလင်္ကာ)ရှိ ကန္ဒီမြို့တွင် သွားရောက်ပြီး ကန္ဒီစာချုပ်အ
လက်မှတ်ရေးထိုးရာ၌လည်း ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ပါဝင်ခဲ့သည်
လွတ်လပ်ရေးအတွက် လွတ်လပ်ရေး အရေးဆိုရန် သွားစဉ်က
လည်း ဘကြီးဘဖေသည် အဖွဲ့ဝင်တစ်ဦးအဖြစ် ပါဝင်ဆောင်ရွက်ခဲ့၏။

ဦးဘဖေ ခေါ် ဘကြီးဘဖေသည် ဝါရင့်နိုင်ငံရေးသမားကြီးဖြစ်
သဖြင့် ပြောသင့်ပြောထိုက်သည့် စကားများကို ဘကြီးဘဖေထံမှ အကြံ
ဉာဏ်ယူခဲ့ရသည်ဟု အဆိုရှိသည်။

ဦးဘဖေ ခေါ် ဘကြီးဘဖေအကြောင်းသည် စာတစ်တန် ပေတစ်
ဖွဲ့ရေးမည်ဆိုလျှင် ရေးသင့်သည်။ ရေးရမည့် ပုဂ္ဂိုလ်ကြီးဖြစ်သည်။

ဘကြီးဘဖေက နိုင်ငံရေးသက်တမ်းရှည်ပြီး အတွေ့အကြုံရင့်
ကျက်သူဖြစ်သည်။ ဘကြီးဘဖေ၏ လုပ်ဖော်ကိုင်ဖက်များကလည်း နည်း
သည်မဟုတ်။

ယင်းပုဂ္ဂိုလ်တို့ကား -

(က) ရဟန်းနှင့် ပုဂ္ဂိုလ်များ

(၁) ဆရာတော် ဦးဉတ္တမ၊

(၂) ဆရာတော် ဦးဝိစာရ၊

(၃) ဦးလာဘ၊

(၄) ဦးကွာဝိန္ဓာဓိပတိ၊

(ခ) လူပုဂ္ဂိုလ်များ -

(၁) ဦးမေအောင်၊

(၂) ဆာမောင်ကြီး၊

(၃) ဆာဘိုးသာ၊

(၄) ဦးချစ်လှိုင်၊

---
စိတ်ကူးသစ်စာပေ

(၅) ဆာဇေဂျေအေမောင်ကြီး၊
(၆) ဦးစု၊
(၇) ဦးစိုးသိန်း၊
(၈) ဦးထွန်းရှိန်၊
(၉) ဦးပု၊
(၁၀) ဦးမြတ်သာထွန်း၊
(၁၁) ဦးမှိုင်း၊
(၁၂) ဆာပေါ်ထွန်း၊
(၁၃) ဦးသိန်းမောင်၊
(၁၄) ဒေါက်တာဘမော်၊
(၁၅) ဦးဘလှိုင်၊
(၁၆) အင်တီပဲတန် ဒေါ်စန်း၊

စသည်တို့အပါအဝင် မြန်မာနိုင်ငံ၏ အထင်ကရခေါင်းဆောင်များ ဖြစ်သည့် ...

(၁) ဗိုလ်ချုပ်အောင်ဆန်း၊
(၂) သခင်တကြီး ဦးနေဝင်း
(မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဥက္ကဋ္ဌ)

တို့နှင့်လည်း လက်တွဲ၍ လုပ်ကိုင်ခဲ့သလို လွတ်လပ်ရေးခေတ် လူငယ်၊ လူရွယ်၊ လူလတ် စသည့် အရွယ်စုံ၊ အလွှာအသီးသီးနှင့်လည်း ဝင်ဆံ့ခဲ့သူဖြစ်သည်။

ဘကြီးဘဖေ ခေါ် ဦးဘဖေသည် မြန်မာနိုင်ငံရေးနိုးကြားစမှ လွတ်လပ်ရေးရသည်အထိ ကဏ္ဍအသီးသီး၊ အခန်းအသွယ်သွယ်မှ ကျရာနေရာတွင် တာဝန်ကျေပွန်သူဖြစ်သည်။ တာဝန်ကျေပွန်စွာ ဆောင်ရွက်ခဲ့သည့် ပုဂ္ဂိုလ်ထူးကြီးလည်းဖြစ်သည်။

ဘကြီးဘဖေ ခေါ် ဦးဘဖေသည် နောက်ဆုံးဆောင်ရွက်ချက်အဖြစ် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီလက်ထက်၌ အမျိုးသားရွေးရတု

သဘင် ကျောင်းပရာ ကျောင်းပရေး ဇဟိုကော်မတီ နာယကကြီးအဖြစ် ဆောင်ရွက်ခဲ့သည်။

ဘကြီးဘဖေ ခေါ် ဦးဘဖေ၏ အိမ်ထောင်ရေးကိုကြည့်လျှင် ဇနီးမယားမှာ ဒေါ်ဖွားမှင်ဖြစ်ပြီး ရိုးမြေကျ လင်မယားဖြစ်သည်။ သားသမီးမထွန်းကားခဲ့ပေ။

ဘကြီးဘဖေ ခေါ် ဦးဘဖေသည် ၁၉၇၁ ခုနှစ်၊ ဇန်နဝါရီလ (၈)ရက် စနေနေ့ နေ့လယ် (၂)နာရီအချိန် အသက် (၈၈)နှစ်အရောက်တွင် ဘကြီးဘဖေနေထိုင်ရာ အမှတ် (၉၁)၊ လူအိုရုံလမ်းနေအိမ်၌ ကွယ်လွန်အနိစ္စရောက်ခဲ့သည်။

ကိုး -
- ဘကြီးဘဖေ အထ္ထုပ္ပတ္တိ၊
(ဦးစံညွှ)
- ဖေ၊ ပု၊ ရှိန် (သို့မဟုတ်)
မြန်မာ့နိုင်ငံရေးကို ကိုင်လှုပ်ခဲ့သူ သုံးဦး
လှကွန့်၊ ပ - အကြိမ် ၁၉၇၆
- ကျွန်တော်နားလည်သော ဘကြီးဘဖေ
(ဝိဇ္ဇိုးမင်း)
လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ
၁၁ - ၁ - ၇၁
- ရွှေဥဒေါင်း
တစ်ချိန်ကထင်ရှားခဲ့သည့် ပုဂ္ဂိုလ်ကြီးများ
စံပယ်ဦးစာပေ ၁၉၈၆။



ဒေါက်တာဘမော်
(သို့မဟုတ်)
သစ္စာရှိသော နိုင်ငံရေးသမား

စိတ်ကူးသစ်စာပေ

## [ ၁ ]

❑

ဒေါက်တာဘမော်က နန်းရင်းဝန်၊ ဂျပန်ခေတ် အဓိပတိအဖြစ် ထင်ရှားသူဖြစ်သည်။ နယ်ချဲ့ဆန့်ကျင်ရေးကာလတွင် "ဗမာ့ထွက်ရပ်ဂိုဏ်း" အား ထူထောင်ခဲ့သူဖြစ်၏။

ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့၏။

ဗိုလ်ချုပ်အောင်ဆန်း၏ ဖက်ဆစ်ဆန့်ကျင်ရေး တော်လှန်ရေး ကာလတွင် ဂျပန်ခေတ် အဓိပတိတစ်ဦးဖြစ်လျက် ဖက်ဆစ်ဆန့်ကျင်ရေး တော်လှန်ရေး အောင်မြင်စေရန် ဗိုလ်ချုပ်အောင်ဆန်းအား ပံ့ပိုးကူညီခဲ့သူ ဖြစ်သည်။

ဒေါက်တာဘမော်အကြောင်းပြောလျှင် "ဘမော်သစ္စာရှိလို့ မင်း တို့ ခုထိ အသက်ရှင်၊ ခေါင်းတွေ မပြုတ်ခဲ့တာ" ဟု ပြောခဲ့သည်ကို အမှတ် ခဲ့၏။

ဤစကားက မျိုးချစ်စိတ်ဓာတ်နှင့် နိုင်ငံရေးသစ္စာစကားဟု ဆိုနိုင် သည်။

ဒေါက်တာဘမော်သည် မအူပင်ဇာတိဖြစ်သည်။

ဒေါက်တာဘမော်၏ မျိုးရိုးသမိုင်းကိုကြည့်လျှင်လည်း ဒေါက်တာဘမော်၏ မျိုးဆက်သည် သမိုင်းရှိသည့် မျိုးဆက်ဖြစ်၏။

ဒေါက်တာဘမော်၏ ဖခင်က (ဦးမောင်မောင်ကျေး) ခေါ် ဦးကျေးဖြစ်၏။

မိခင်မှာ ဒေါ်သိန်းတင်ဖြစ်သည်။ ဒေါက်တာဘမော်အား ၁၈၉၃ ခု၊ ဖေဖော်ဝါရီလ (၈)ရက်နေ့ ၌ မအူပင်မြို့၌ ဖွားမြင်သည်။

ဒေါက်တာဘမော် (၃)နှစ်သားအရွယ်တွင် ဖခင်ဖြစ်သူ ဦးကျေးမှာ ဘျိုကွဲမိနယ်တွင် အင်္ဂလိပ်အစိုးရအား ပုန်ကန်မှုနှင့် ပြည်နှင်ဒဏ် စံခဲ့ရသူဖြစ်၏။

မောင်ဘမော်ဘဝ၌ ခရစ်ယာန်သာသနာပြု ဘုန်းတော်ကြီးကျောင်း၌ အပ်နှံထားခဲ့ရာ ယင်းဘုန်းတော်ကြီး၏ ချစ်ခင် ခင်မင်မှုဖြင့် ရန်ကုန်မြို့ စိန့်ပေါလ်ကျောင်း ယခု ဒိုလ်တထောင် (၆၀) တွင် ပညာသင်ကြားနိုင်ခဲ့၏။

ဒေါက်တာဘမော်က တောက်မည့်မီးခဲ တရဲရဲဆိုသည့်စကားနယ်သောထက်မြက်၏။ ရန်ကုန်တက္ကသိုလ်၌ ပညာဆက်လက်သင်ကြားရာ ၁၉၁၃ ခုနှစ်၌ ဝိဇ္ဇာဘွဲ့(ဘီအေ)ကို ရခဲ့သည်။

ဒေါက်တာဘမော်သည် ဝိဇ္ဇာဘွဲ့ရပြီးလျှင် ရန်ကုန်မြို့ အစိုးရအထက်တန်းကျောင်း၌ ကျောင်းဆရာ ဝင်လုပ်ခဲ့၏။ သို့သော် ထိုကျောင်း၌ ဒေါက်တာဘမော် မမြဲခဲ့။

အဘယ့်ကြောင့်ဆိုသော် ထိုကျောင်း၏ ကျောင်းအုပ်ကြီးသည် ချောက်နာဖြူဖြစ်ပြီး မြန်မာဆရာတို့အား နှိမ်သူဖြစ်၏။ တစ်နေ့ ဒေါက်တာဘမော်အား ကျောင်းတက်ချိန်နောက်မကျဘဲ နောက်ကျသည်ဟုအကြောင်းပြ၍ ပြဿနာရှာခဲ့၏။

"ကျွန်တော်နောက်မကျဘူး . . . ဆရာကြီး၊ ကျွန်တော် နာရီနဲ့အချိန် တိတိကျကျ လုပ်တာ။ ဆရာကြီးနာရီ မြန်နေလို့ဖြစ်မှာ"

ဟု ချေပခဲ့သဖြင့် မျက်နှာဖြူကျောင်းအုပ်ကြီး မကျေနပ်ခဲ့၊ ကျောင်းအုပ်ကြီးက ထုချေလွှာတင်ရန် ဆိုလာ၏။ ဒေါက်တာဘမော်က နယ်ချဲ့မျက်နှာဖြူအစိုးရ ကြီးစိုးသောကာလ ဖြစ်သဖြင့် ထုချေလွှာမတင်ဘဲ ချက်ချင်းနုတ်ထွက်စာတင်ကာ ကျောင်းမှထွက်လိုက်၏။

သို့သော် ဒေါက်တာဘမော်သည် ပညာထက်မြက်သူတစ်ဦး ဖြစ်သဖြင့် ထိုမျက်နှာဖြူကျောင်းအုပ်ကြီးကျောင်းမှ ထွက်လိုက်သော်လည်း (၂)ရက်အကြာ၌ အမေရိကန်သာသနာပြုကျောင်းမှ လခနှစ်ဆတိုးပေးသဖြင့် ကျောင်းဆရာအလုပ်အား ပြန်ရခဲ့သည်။

⇐၀၀၀⇒

[၂]

❑

ဒေါက်တာဘမော်သည် ကျောင်းဆရာအလုပ် လုပ်နေရင်း ပညာရေးအား ဆက်၍လိုက်သူ၊ ဆည်းပူးသူဖြစ်သဖြင့် ၁၉၁၇ ခုနှစ် ကလကတ္တားတက္ကသိုလ်စာမေးပွဲအား ဝင်ရောက်ဖြေဆိုရာ မဟာဝိဇ္ဇာ (အမ်အေ) ဘွဲ့အား ဦးနှစ်၌ ထိပ်တန်းမှ ဆွတ်ခူးနိုင်ခဲ့၏။

ယင်းဘွဲ့ရပြီး ရန်ကုန်တက္ကသိုလ်၌ အင်္ဂလိပ်စာ ကထိကအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့၏။ ထိုစဉ်က ဒေါက်တာဘမော်သည် အင်္ဂလိပ်စာကထိက ပထမဆုံး မြန်မာအမျိုးသားအဖြစ် မှတ်တမ်းဝင်ခဲ့၏။

အင်္ဂလိပ်စာကထိကအဖြစ် ရန်ကုန်တက္ကသိုလ်၌ (၄)နှစ် တာဝန်ယူခဲ့၏။

၁၉၂၀ ပြည့်နှစ် –

ထိုနှစ်တွင် ပထမကျောင်းသားသပိတ် ပေါ်ပေါက်ချိန်၊ ဒေါက်တာဘမော်က ကိန်းဘရစ်တက္ကသိုလ်၌ ဝတ်လုံဘွဲ့အတွက် လုံးပန်းနေသည်။

၁၉၂၃ ခုနှစ်တွင် ကိန်းဘရစ်တက္ကသိုလ်မှပေးသည့် (လန်ဒန်ဂရေးအင်း) ဝတ်လုံဘွဲ့ကို ရရှိခဲ့သည်။

၁၉၂၄ ခုနှစ်၌ ပီအိပ်ချ်ဒီ အဘိဓမ္မာပါရဂူဘွဲ့အား ပြင်သစ်နိုင်ငံ၊ ဆော်ရီးတက္ကသိုလ်မှ ရရှိခဲ့၏။ ယင်းအဘိဓမ္မာပါရဂူဘွဲ့မှာ ဗုဒ္ဓဘာသာနှင့် ဆိုင်သော ကျမ်းကိုးပြုစုသည့်အတွက် ရရှိသော ဘွဲ့ဖြစ်၏။

ဒေါက်တာဘမော်သည် ဥရောပ၌ရှိစဉ်ကလည်း မျက်စိဖွင့်၊ နားစွင့်ထားပြီး နိုင်ငံအသီးသီးမှ နိုင်ငံရေးလှုပ်ရှားမှုများကို လေ့လာဆည်းပူးခဲ့၏။

လေ့လာသူ၊ ဆည်းပူးသူဖြစ်သဖြင့် အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်၊ စပိန်၊ ဟိန္ဒူစကားများကိုလည်း တတ်ကျွမ်းနားလည်ခဲ့သည်။

၁၉၂၄ ခုနှစ်၌ ဒေါက်တာဘမော် မြန်မာနိုင်ငံသို့ ပြန်ရောက်ခဲ့သည်။

ဒေါက်တာဘမော်က မျိုးချစ်စိတ်ရှိသူဖြစ်ပြီး မြန်မာယဉ်ကျေးမှုကို မြတ်နိုးသူဖြစ်သဖြင့် ဥရောပ၌ နှစ်အတော်ကြာ နေခဲ့သော်လည်း ဥရောပတိုက်သားများ၏ ဝတ်စားဆင်ယင်မှုကို အားမကျခဲ့။

ထို့အတူ ဆက်ဆံရေး၌လည်း မြန်မာဟန်၊ မြန်မာမာန်နှင့် ဥရောပသားတို့အပေါ် ဆက်ဆံခဲ့သူဖြစ်သည်။

❦

## [၃]

❑

ဒေါက်တာဘမော်သည် ဝတ်လုံတော်ရအဖြစ်နှင့် နိုင်ငံရေးနယ်ပယ်တွင်းသို့ တစ်စတစ်စ ဝင်ရောက်ခဲ့သူဖြစ်သည်။

ဒေါက်တာဘမော်၏ ထူးခြားချက်က ဒေါက်တာဘမော်သည် နိုင်ငံရေးအား ခေတ်ပေါ်ထွင်လုံးကလေးများဖြင့် နိုင်ငံရေးလှုပ်ရှားမှုများ ခဲ့သူတည်း။

၁၉၃၀ ပြည့်၊ ဒီဇင်ဘာလ၌ သာယာဝတီ ဂဠုန်ဆရာစံနှင့် မျိုးချစ်တော်လှန်ရေးသမားများဘက်မှ အခြေအနေအရ လိုက်ပါဆောင်ရွက်ခဲ့ရင်း ဒေါက်တာဘမော်အမည်သည် တဖြည်းဖြည်း ထင်ရှားလာခဲ့သည်။ လူသိများခဲ့သည်။

၁၉၃၂ ခုနှစ်၊ မြန်မာနိုင်ငံ၌ တွဲရေး၊ ခွဲရေးများ ဝင်ရောက်လာသောအခါ (ထိုစဉ်က မြန်မာပြည်သည် အိန္ဒိယပြည်၏ ပြည်နယ်လေးတစ်ခုအဆင့်သာရှိသည်) ဒေါက်တာဘမော်သည် ဝတ်လုံဦးကျော်မြင့်၊ ရမ်းဗြဲဦးမောင်မောင် စသော ပုဂ္ဂိုလ်ကြီးများနှင့် တွဲရေးဘက်မှ ဆောင်ရွက်ခဲ့သည်။

ထို့အတူ ဒေါက်တာဘမော်သည် "ဝံသာနုဆင်းရဲသားအဖွဲ့"အား တည်ထောင်ခဲ့သည်။ ယင်းအဖွဲ့နှင့် နိုင်ငံရေးလှုပ်ရှားမှုပြုခဲ့သည်။

ဒေါက်တာဘမော်၏ ပေါ်ပင်နိုင်ငံရေးထွင်လုံးအဖြစ် ဆင်းရဲသား ဝါဒအဆင်အဖြစ် လုံရည်အကွက်ဆန်းများထွင်၍ ဝတ်သလို၊ စီးပွားရေး သမားများက လိုက်ပါဝတ်စားဆင်ယင်သည့် အဆင်ဖြစ်ခဲ့သည်။

"ဒေါက်တာဘမော်က ခွဲရေးဘက်မှ ဦးဘဖေ (ခေါ်) ဘကြီးဘဖေ နှင့်ပင် နိုင်ငံရေးစစ်ပြိုင် ပြုနိုင်သူတည်း။

❑

ဒေါက်တာဘမော်သည် ၁၉၃၆ ခုနှစ် ဒိုင်အာခီအုပ်ချုပ်ရေး ကောလ၌ ရမည်းသင်းမြောက်ပိုင်းမှ မင်းတိုင်ပင်အမတ်အဖြစ် ရွေးချယ်တင် မြှောက်ခံရသည်။

ထိုစဉ် ဒေါက်တာဘမော်အား ပညာရေးဝန်ကြီးအဖြစ် အစိုးရက ရာထူးပေးသော်လည်း ဒေါက်တာဘမော် ငြင်းခဲ့သည်။ လက်မခံခဲ့။ အမတ် အဖြစ်သာ နေခဲ့သည်။

သို့သော် ထိုစဉ် မြန်မာပြည် အုပ်ချုပ်ရေးအတွက် စီစဉ်ရန် တွဲ ဘက်အုပ်ချုပ်ရေး စီစဉ်မှုအဖွဲ့ဝင်အဖြစ် အင်္ဂလန်မှ ဖိတ်ခေါ်ခြင်း ခံခဲ့ရ၏။

"အင်္ဂလန်ကိုသွားလိုက်ရတော့ ကျွန်တော့်အတွက် အကျိုးထူးပဲ"

ဟု သူကပြော၏။

ပြီးတော့ ဒေါက်တာဘမော်က ပြောသေး၏။

"အင်္ဂလန်သွားလိုက်ရတဲ့ အကျိုးထူးက အင်္ဂလိပ်တွေရဲ့ပရိယာယ် ကို ကောင်းကောင်းနားလည်လိုက်တာပဲ။ ပြီးတော့ အာဏာရှိမှ တန်ခိုးရှိ မယ်၊ တန်ခိုးရှိမှ အင်အားရှိမယ်၊ အင်အားရှိမှ ကိုယ်လိုသည့်အကျိုးဆောင် ရွက်နိုင်မယ်ဆိုတာ ကောင်းကောင်းနားလည်ခဲ့ပြီ"

ဟုတည်း။

မှန်သည်။ ဒေါက်တာဘမော် အင်္ဂလန်မှ ပြန်လာပြီးနောက် ပညာ ရေးဝန်ကြီးရာထူးအား လက်ခံလိုက်သည်။ သည်အခါ ဒေါက်တာဘမော် သည် ၅၀၀၀/-စား ဝန်ကြီးအဖြစ် ထင်ရှားလာခဲ့သည်။

[၄]

❑

မြန်မာပြည်အား ၉၁ ဌာနဖြင့် လွှဲပြောင်းအုပ်ချုပ်မှုပြုရာတွင်
ဒေါက်တာဘမော်သည် တွဲရေးဘက်မှ ခေါင်းဆောင်ဖြစ်ပြီး ဦးဘဖေက ခွဲ
ရေးဘက်မှ ခေါင်းဆောင်ဖြစ်သည်။

ဒေါက်တာဘမော်လည်း နိုင်ငံရေးကွက်ကျော်ရိုက်မှုတွင်လုံးများ
ဖြင့် ဦးဘဖေအပေါ် အသာစီးရခဲ့သည်။

၁၉၃၇ ခုနှစ် မြန်မာပြည်အတွက် အုပ်ချုပ်ရေးအသစ်ရောက်
လာသောအခါ ယင်းအုပ်ချုပ်ရေးသစ်အား စီမံခန့်ခွဲရန် ပညာရေးဝန်ကြီးချုပ်
ဒေါက်တာဘမော်အား "နန်းရင်းဝန်" အဖြစ် ရွေးချယ်တင်မြှောက်ကြသည်။

"ညွန့်ပေါင်းအစိုးရ" ဟု ခေါ်သည်။

ယင်းသို့ ဒေါက်တာဘမော် နန်းရင်းဝန်အဖြစ် တာဝန်ယူနေစဉ်
၁၃၀၀ ပြည့်နှစ် အလုပ်သမား တောင်သူလယ်သမားအရေးအခင်း၊ ဂျပ်ဆင်
ကျောင်းသား မောင်အောင်ကျော် သေဆုံးရသည့် အရေးအခင်းများနှင့် ကြုံ
ကြိုက်သဖြင့် နန်းရင်းဝန်အဖြစ်မှ ၁၉၃၉ ခုနှစ်၌ ပြုတ်ကျခဲ့၏။

ထို့နောက် မြန်မာနိုင်ငံ၏ နန်းရင်းဝန်အဖြစ် ဦးပု (ရွှေကျင်)၊ ၎င်းနောက် ဂဠုန်ဦးစောတို့ နန်းရင်းဝန်ဖြစ်လာသည်။

ဒေါက်တာဘမော် နန်းရင်းဝန်ဖြစ်သည့်အချိန်က ဆဋ္ဌမမြောက်ဘုရင်၏ (အင်္ဂလိပ်အင်ပါယာရှင်ဘုရင်) ၁၉၃၇ ခုနှစ်၊ မေလ ၁၂ ရက်နေ့တွင် ကျင်းပသော ဘိသိက်ပွဲသို့ အင်္ဂလိပ်လက်အောက်ခံ ပြည်နယ်၊ ကိုယ်စားလှယ်တော်တစ်ဦးအနေနှင့် ဒေါက်တာဘမော် တက်ရောက်ခဲ့ရသည်။

ဒေါက်တာဘမော်သည် တိုင်းရင်းသားဝတ်စုံဖြစ်သည့် မန္တလေးချိတ် တောင်ရှည်ပုဆိုး၊ အပေါ်မှ ပိုးအင်္ကျီအဖြူ၊ ဖက်ဖူးရောင် မောင့်ကျက်သရေခေါင်းပေါင်း၊ မန္တလေး ကတ္တီပါဖိနပ်စီး၍ တက်ရောက်ခဲ့သည်။

ထိုစဉ်က မြန်မာတိုင်းရင်းသားဝတ်စုံနှင့် တက်ရောက်သူမှာ ဒေါက်တာဘမော်တစ်ဦးတည်းသာရှိသည်ဟု အမှတ်အသားရှိ၏။

❊❊❊❊

❑

ယင်းနောက် ဥရောပတလွှား၌ စစ်ခင်းလျက်ရှိ၏။ ထိုအချိန်က ဂျူနီဦးစော နန်းရင်းဝန်ဖြစ်ချိန်ဖြစ်သည်။

ဂျာမန်စစ်အာဏာရှင် ဟစ်တလာ၊

အီတလီဖက်ဆစ် မူဆိုလီနီ၊

စသည့်သူတို့ တန်ခိုးထွားနေချိန်ဖြစ်သည်။ ဂျာမနီက တစ်ပြည်ပြီးတစ်ပြည် သိမ်းယူနေချိန်လည်းဖြစ်သည်။ ပိုလန်၊ ဟော်လန်၊ ပြင်သစ်က ဂျာမနီလက်အောက်သို့ ရောက်ခဲ့ပြီ။

ထို့အတူ ဟစ်တလာက အင်္ဂလန်အား သိမ်းပိုက်ရန် ဟိန်းဟောက်ခြိမ်းခြောက်နေပြီ။ အင်္ဂလိပ်တို့ မျက်နှာဖြူဆိုက်နေချိန်လည်း ဖြစ်၏။

ထို့အတူ အင်္ဂလန်နန်းရင်းဝန် ချိန်ဘာချိန်က လိမ္မာပါးနပ်စွာ အမေရိကန်အား မျက်နှာချိသွေးနေချိန်တည်း။

ထိုအချိန် ဒေါက်တာဘမော်သည် နိုင်ငံရေးပရိယာယ် ကြွယ်ဝသူပီပီ "တို့ဗမာသခင်" လှုပ်ရှားမှုလှုငယ်များနှင့် လက်တွဲကာ လွတ်လပ်ရေးအတွက် "ဗမာ့ထွက်ရပ်ဂိုဏ်း" အား ထူထောင်ခဲ့သည်။

ဒေါက်တာဘမော်က ဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီး ဗိုလ်ချုပ်အောင်ဆန်း (သခင်အောင်ဆန်း) က အထွေထွေအတွင်းရေးမှူးဖြစ်သည်။

ထို့အတူ ဒေါက်တာဘမော်က ၁၉၄၀ ပြည့်နှစ်၊ ဇူလိုင် ၁၂ ရက်နေ့ မန္တလေးမြို့ ဦးကျောင်းပသည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ဆင်းရဲသားဝံသာနု အသင်း အစည်းအဝေး၌ ဒေါက်တာဘမော်အား အာဏာရှင်အဖြစ် ရွေးချယ် တင်မြှောက်ကြ၏။

ဒေါက်တာဘမော်က "အင်္ဂလိပ်တို့ကို တိုက်သောစစ်အား မြန်မာ များ မကူရန်နှင့် လွတ်လပ်ရေး ချက်ချင်းပေး စေသည့် အမိန့် (၇)ချက်" အား အာဏာရှင်ပီသစွာ ထုတ်ပြန်ခဲ့၏။

ယင်းသို့ အမိန့်ထုတ်ပြန်ခြင်းကြောင့် ဒေါက်တာဘမော် ဖမ်းဆီး ထိန်းသိမ်းခြင်း ခံလိုက်ရသည်။ မန္တလေးထောင်နှင့် မိုးကုတ်၌ နေခဲ့ရသည်။

ထိုစဉ် ဒုတိယကမ္ဘာစစ်မီးသည် အနောက်မှအရှေ့သို့ ကူးစက်ပြန့် ပွားခဲ့ပြီ။

ဂျပန်တို့ကလည်း အာရှတစ်ခွင်၌ အောင်ပွဲဆင်နေချိန်။ ဂျာမနီ အာဏာရှင် ဟစ်တလာ၊ အီတလီဖက်ဆစ် မူဆိုလိုနီနှင့် ဖက်ဆစ်နန်းရင်း ဝန်ကြီး ဂျန်နရယ်တိုကျို စသည်တို့က ဝင်ရိုးသုံးပွင့်ဆိုင်အဖြစ် ကျော်ကြား နေသော အခါသမယလည်း ဖြစ်သည်။

မြန်မာပြည်၌လည်း မြန်မာ့လွတ်လပ်ရေးအတွက် လှုပ်ရှားမှု အမျိုးမျိုး ပြုလုပ်ဆောင်ရွက်နေကြသဖြင့် မသက်သာ လူတန်းစားအသီး သီးအား အင်္ဂလိပ်အစိုးရက ထောင်သွင်းအကျဉ်းချနေချိန်လည်း ဖြစ်၏။

ဝဝဝဝ

❑

ဒေါက်တာဘာမော်နှင့်အတူ မိုးကုတ်ထောင်၌ အကျဉ်းချခြင်းခံရ

သူက မနည်းလှ။ သို့သော် ဒေါက်တာဘာမော်က လျှို့ဝှက်မြေအောက်ပုဂ္ဂိုလ်

များ၏ အကူအညီဖြင့် မိုးကုတ်ထောင်မှ ရုပ်ဖျက်ကာ ထွက်ပြေးနိုင်ခဲ့၏။

အင်္ဂလိပ်အစိုးရမှ ဒေါက်တာဘာမော်အား တွေ့ရာနေရာ၌ သုတ်

သင်ရှင်းလင်းရန် အမိန့်ထုတ်ထား၏။

ဒေါက်တာဘာမော် ကံကောင်းသည်က အင်္ဂလိပ်ကလည်း အပြေး

မြန်၊ ဂျပန်ကလည်း အရောက်စောသဖြင့် ဒေါက်တာဘာမော် အသက်

ချမ်းသာရခဲ့ခြင်းဖြစ်သည်။

[ ၁ ]

❑

၁၉၄၃ ခုနှစ်မှ ၁၉၄၅ ခုနှစ်အထိ (ဂျပန်လက်အောက်မှ လွတ်မြောက်သည့်အချိန်အထိ) ဂျပန်ခေတ်တွင် ဒေါက်တာဘမော်သည် အုပ်ချုပ်ရေး အကြီးအကဲတစ်ဦးအဖြစ် ဆောင်ရွက်ခဲ့ရ၏။

အဓိပတိ၊ အရှင်မင်းကြီး၊ ဝန်ကြီးချုပ်၊ စစ်သေနာပတိချုပ် စသည်ဖြင့် ဂျပန်ခေတ်၌ ဆောင်ရွက်ခဲ့ရသည်။ ထိုခေတ် ထိုအခါက အဓိပတိ၊ အရှင်မင်းကြီးသည် အခမ်းအနားနှင့် ထွက်တော်မူသည့်အခါ . . .

"ရွှေဘုန်းတော် တိုးပါလို့၊ ရွှေမိုးတွေရွာ"

စသည့် ဘုန်းတော်ဘွဲ့သီချင်း သီဆိုပြီး စည်ဗျောကြီးများတီး၍ ချီးမြှောက်ပင့်ကြကြောင်း အမှတ်အသားရှိ၏။

ဒေါက်တာဘမော်သည် ဂျပန်စစ်အုပ်ချုပ်ရေးအောက်၌ အောက်ပါပုဂ္ဂိုလ်များနှင့် အစိုးရအဖွဲ့အား ဖွဲ့စည်းခဲ့၏။

ယင်းပုဂ္ဂိုလ်တို့မှာ -

၁။ ဒေါက်တာဘမော် (အဓိပတိ၊ အရှင်မင်းကြီး၊ ဝန်ကြီးချုပ်၊ စစ်သေနာပတိချုပ်)

| | | |
|---|---|---|
| ၂။ | သခင်မြ | (ဒုတိယဝန်ကြီးချုပ်) |
| ၃။ | ဗိုလ်ချုပ်အောင်ဆန်း | (ကာကွယ်ရေးဝန်ကြီး) |
| ၄။ | သခင်နု (ဦးနု) | (နိုင်ငံခြားရေးဝန်ကြီး) |
| ၅။ | ဦးဘဝင်း | (ပြည်ထဲရေးဝန်ကြီး |
| ၆။ | ဒေါက်တာသိန်းမောင် | (ဘဏ္ဍာရေးဝန်ကြီး) |
| ၇။ | ဦးဒေး | (အခွန်တော်ဌာနဝန်ကြီး) |
| ၈။ | ဦးသိမ်းမောင် | (တရားရေးဝန်ကြီး) |
| ၉။ | ဦးလှဖေ | (သစ်တောနှင့် သတ္တုတွင်းဌာနဝန်ကြီး) |
| ၁၀။ | ဦးလှမင်း | (ပညာ၊ ကျန်းမာ၊ စည်ပင်သာယာရေးဌာနဝန်ကြီး) |
| ၁၁။ | ဦးမြ (ပျော်ဘွယ်) | (ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုလက်မှုဝန်ကြီး) |
| ၁၂။ | ဦးစိန်(ဝန္နလ) | ဝါဒဖြန့်ချိရေး၊ သာသနာရေး၊ မဟာဗဟာနှင့် ဗမာ့ဝန်ထမ်းဌာန ဝန်ကြီး |
| ၁၃။ | ကိုထွန်းအောင် | (ပူးပေါင်းဆောင်ရွက်ရေးဌာန ဝန်ကြီး) |
| ၁၄။ | သခင်လွန်းဘော် | (လမ်းပန်းနှင့် ပြန်လည်ထူ ထောင် ရေးဌာနဝန်ကြီး) |
| ၁၅။ | သခင်သန်းထွန်း | (မြေနှင့် လယ်ယာစိုက်ပျိုးရေး ဌာနဝန်ကြီး) |
| ၁၆။ | သခင်လေးမောင် | (လမ်းပန်းဆက်သွယ်ရေးနှင့် ဆည်မြောင်းဌာနဝန်ကြီး) |

ထို့အတူ အတိုင်ပင်ခံလွှတ်တော်အဖွဲ့အားလည်း ဖွဲ့စည်းခဲ့သည်။ ယင်းအဖွဲ့တွင် အောက်ပါပုဂ္ဂိုလ်များ ပါဝင်၏။

| | | |
|---|---|---|
| ၁။ | သခင်ကိုယ်တော်မှိုင်း | (ဗမာပြည်လွတ်လပ်ရေးစီစဉ်မှု အဖွဲ့ဝင်) |
| ၂။ | ဗိုလ်ချုပ်အောင်ဆန်း... | |

၁။ သခင်ကိုယ်တော်မှိုင်း (ဗမာပြည်လွတ်လပ်ရေးစီစဉ်မှု အဖွဲ့ဝင်)

၂။ ဆာဦးသွင် "

၃။ ဦးချစ်လှိုင် "

၄။ ဒေါက်တာစံစိုး "

၅။ ဦးထွန်းဖေ

၆။ ဒေါက်တာဆက်

၇။ ဦးမြ (ဟင်္သာတ) (ဗမာပြည်လွတ်လပ်ရေးစီစဉ်မှု အဖွဲ့ဝင်)

၈။ ဦးကျော် "

၉။ ဦးအေးမောင် "

၁၀။ ဦးမောင်မောင်ဂျီး ( အထက်လွှတ်တော် အမတ်ဟောင်း)

၁၁။ ဦးကြီးမြင့် "

၁၂။ ဦးဘိုးခ (ကျောက်ဆည်စရိုင်ဝန်)

၁၃။ ဦးဘလှိုင် (အလုပ်သမားဌာနခွဲ ညွှန်ကြားရေးဝန်)

၁၄။ ဦးခင်မောင်ပု (မြူနီစီပယ်လူကြီး၊ ကုန်သည်)

၁၅။ ဦးဘချို (ဒီးဒုတ်) (ဒီးဒုတ်ဂျာနယ်တိုက်ပိုင်ရှင်၊ ကုန်သည်)

၁၆။ ဦးတင် (မြန်မာ့အလင်းသတင်းစာ တိုက်ပိုင်ရှင်၊ ကုန်သည်)

၁၇။ ဦးစိန်ဝင်း (ပဲခူး) (အောက်လွှတ်တော် အမတ်ဟောင်း)

၁၈။ ဦးဘသိ (မုံရွာလေး) "

၁၉။ ဦးမှို (မြင်းခြံ)

စိတ်ကူးသစ်စာပေ

၂၀။ သခင်သာဒင်(ဦးသာဒင်)(ပဲခူးအမျိုးသားကျောင်းအုပ်ကြီးဟောင်း)

ဒေါက်တာဘမော်သည် မြန်မာကိုယ်စားလှယ်တော်များဖြစ်ကြသော သခင်မြ၊ ဗိုလ်ချုပ်အောင်ဆန်း၊ ဒေါက်တာသိန်းမောင်တို့နှင့် ဂျပန်ဧကရာဇ်မင်းမြတ်ချီးမြှင့်သည့် တက်နေဝန်းတံဆိပ်(ORDER OF RISING SUN) တစ်ခုစီ ချီးမြှင့်ခံခဲ့ရသည်။

၁၉၄၅ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့တွင် ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသည့်အခါ မော်လမြိုင်ဘက်သို့ စစ်ပြေးရင်း အင်ဒိုချိုင်းနားဘက်မှ မြန်မာပြည်သို့ ပြန်ရောက်ခဲ့သည်။

ဒေါက်တာဘမော်အား ပုဂ္ဂိုလ်တစ်ဦးအနေနှင့် ဖော်ပြရလျှင် သူသည် ဥပဓိရုပ်ကောင်းသူ၊ အပြောအဆိုကောင်းသူ၊ ဟန်ပန်ကောင်းသူ ဖြစ်၏။

ပြီးတော့ သူက လိမ္မာပါးနပ်ပြီး နိုင်ငံခြားခေါင်းဆောင်များကဲ့သို့ ပေမိုသူ၊ ဘာသာစကား (၆) မျိုး ကျွမ်းကျင်သူဖြစ်သည်။

ဒေါက်တာဘမော်သည် ဇနီးမယားကိုလည်း တန်ဘိုးထားချစ်တတ်သူ။ သူ၏ဇနီးမှာ ဒေါ်ခင်မမမော်ဖြစ်ပြီး သူတို့တွင် သား (၃) ဦးနှင့် သမီး (၄) ယောက် ထွန်းကားခဲ့သည်။

ဒေါက်တာဘမော်က ၁၉၇၇ ခုနှစ်၊ မေလ ၂၉ ရက်၊ အသက် (၈၅) နှစ်အရွယ်တွင် လူကြီးရောဂါနှင့် ရန်ကုန်မြို့ရှိ အိမ်၌ ကွယ်လွန်အနိစ္စရောက်ခဲ့သည်။

⁂

တကိုး -

- မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်
  ၁၉၇၈ ခုနှစ်
- မြန်မာ့လွတ်လပ်ရေး သမိုင်းများပေါင်းချုပ်
  လူထုဦးလှ - ၁၉၆၈

စိတ်ကူးသစ်စာပေ



ဂဠုန်ဆရာစံ

(သို့မဟုတ်)

နယ်ချဲ့ကိုတော်လှန် အညံ့မခံခဲ့သူ

စိတ်ကူးသစ်စာပေ

[ ၁ ]

❑

နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်မြောက်ရေးသမိုင်းတွင် ဂဠုန်ဆရာစံသည် အထင်ကရဖြစ်သည်။ နယ်ချဲ့ဆန့်ကျင်ရေးနှင့် လက်နက်ကိုင်တော်လှန်ရေးလမ်းစဉ် ကန့်လန့်ကာအား ပထမဆုံးဖွင့်လှစ်ပြလိုက်သူဆိုလျှင်လည်း မမှားပါ။

သူက တောင်သူလယ်သမားအရေးတော်ပုံခေါင်းဆောင် ဆရာစံဖြစ်၏။ သူက " သုဝဏ္ဏဂဠုန်ရာဇာ" ဘွဲ့ခံ ဆရာစံဖြစ်၏။ "ဂဠုန်ဆရာစံ" ဟုလည်း အသိများ၏။

ဆရာစံအား ရွှေဘိုခရိုင်၊ ဒီပဲယင်းမြို့နယ်၊ သရက်ကန်အရှေ့ရွာသား၊ အဖ တောင်သူလယ်သမားကြီး ဦးကျေး၊ အမိ ဒေါ်မယ်တို့မှ ၁၂၃၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၈)ရက် အင်္ဂါနေ့တွင် ဖွားမြင်ခဲ့သည်။ ဆရာစံ၏ ငယ်အမည်မှာ မောင်စံရှားဖြစ်သည်။

သို့သော် ဆရာစံ၏အမည်များနှင့် ပတ်သက်၍ သာယာဝတီ သူပုန်မှုနှင့်စပ်လျဉ်း၍ အမှုတွဲမှတ်တမ်း၌ "စံကျော်" ဟူ၍

လည်းကောင်း၊ "ဆရာမြိုင်" ဟူ၍လည်းကောင်း၊ "ဦးဉာဏ" ဟူ၍လည်းကောင်း စသဖြင့် "ဆရာစံ" အမည်နှင့် တွဲဖက်ဖော်ပြထားသည်ကို တွေ့ရှိမှတ်သားရသည်။

ဆရာစံသည် မွေးချင်း (၅) ယောက်ရှိသည့်အနက် အငယ်ဆုံးသားဖြစ်သည်။ ဆရာစံငယ်စဉ်က သရက်ကန်အရှေ့ရွာနှင့် အနောက်ရွာကြားတွင်ရှိသည့် ဦးသုရိယဘုတ်ကျောင်း၌ ပညာသင်ယူခဲ့သည်။

ဆရာစံသည် အသက် ၂၀ အရွယ်၌ အလုပ်အကိုင်ရှာရင်း မြူးမြို့နယ်၊ ငါးပေါင်းအင်းရွာသို့ ရောက်ခဲ့သည်။ ထိုရွာ၌ နေထိုင်စဉ် အညာဒေသဘာဉ်ခြင်းရွာမှ ရောက်ရှိလာသည့် ဒေါ်ခေနှင့် အကြောင်းပါပြီး သားသမီးနှစ်ဦး ထွန်းကားခဲ့သည်။

သမီးအမည်မှာ မစိန်ဖြစ်ပြီး သားအမည်မှာ မောင်ဘိုးသင်ဖြစ်သည်။

ထို့နောက် ဆရာစံသည် အောက်မြို့ကျေးရွာသို့ ပြောင်းရွှေ့ခဲ့ပြီး ဒေါ်လမြိုင်မြို့၊ ဘီလူးကျွန်းမြို့နယ်၊ ကမာမိုရွာ၌ မြန်မာဆေးဆရာအဖြစ် အသက်မွေးနေထိုင်လေသည်။

ဆရာစံသည် ဆေးဆရာဘဝက "လက္ခဏာဗုဒ္ဓကျမ်း" လုပ်ရပ်များအား ပြဆိုသည့် ဝိဇ္ဇာသိပ္ပံအဝိုဇ္ဇာရကျမ်းများအား ပြုစုခဲ့သည်။

ထိုစဉ်က ဆရာစံသည် ဘီလူးကျွန်း၊ ကညော်တလိုင်းဆရာတော်ထံ၌လည်း ဗေဒင်ပညာအား သင်ကြားခဲ့၏။ ဆရာစံ ဗေဒင်တတ်မြောက်သည့်အခါ သင်္ကြန်စာအား ဆရာစံအမည်နှင့် ပုံနှိပ်ထုတ်ဝေခဲ့ဖူးကြောင်း အမှတ်အသားရှိသည်။

၄၀၀၀၄

[ ၂ ]

❑

အင်္ဂလိပ်သက္ကရာဇ် ၁၉၂၀ ပြည့်နှစ်မှစ၍ မြန်မာနိုင်ငံရေးတွင် ဂျီစီဘီအေဟူသည့် နိုင်ငံရေးအဖွဲ့အစည်းတစ်ခု ပေါ်ပေါက်ခဲ့၏။

သည်အခါ ဆရာစံသည် မျိုးချစ်စိတ်ဓာတ်၊ ဓာတ်စံရှိသူဖြစ်သဖြင့် ဂျီစီဘီအေအသင်း၏ လုပ်ငန်းများအား စိတ်ပါလက်ပါ ဆောင်ရွက်ခဲ့၏။

ဆရာစံသည် မိမိနေထိုင်ရာ ကမာမိုကျေးရွာ ဂျီစီဘီအေအသင်း၌လည်းကောင်း၊ ဘီလူးကျွန်းမြို့နယ် ဂျီစီဘီအေအသင်း၌လည်းကောင်း၊ မော်လမြိုင် ဂျီစီဘီအေ၌လည်းကောင်း ဥက္ကဋ္ဌအဖြစ် ပါဝင်ဆောင်ရွက်ခဲ့သူတည်း။

ထို့နောက် ဆရာစံသည် ၁၂၈၇ ခုနှစ် (၁၉၂၅ ခုနှစ်) တွင် ဦးချစ်လှိုင် (ဂျီစီဘီအေ) နှင့် ဦးစိုးသိန်း(ဂျီစီဘီအေ)တို့နှင့် ဆက်သွယ်ခဲ့သည်။

ဆရာစံသည် ဦးစိုးသိန်းဂျီစီဘီအေ၌ အမှုဆောင်လူကြီးတစ်ဦး ဖြစ်လာခဲ့သည်။

ဆရာစံသည် ဂျီစီဘီအေအသင်းချုပ်ကြီး နှစ်ပတ်လည်ညီလာခံ ၁၉၂၆ ခုနှစ် ပေါင်းတည်၌ ကျင်းပသည့် နှစ်ပတ်လည်ညီလာခံ၌ အခွန်တော်နှင့် ပတ်သက်သည့်ကိစ္စများအား ဆွေးနွေးခဲ့သည်။

လူခွန်တော်နှင့် သဿမေဓအခွန်တော်ကိစ္စအတွက် အမှုတင် များက အမှုနှိပ်စက်သည်ကို စုံစမ်းရန်အလို့ငှာ ဂျီစီဘီအေအသင်းကြီးမှ စုံစမ်းစစ်ဆေးရေးအဖွဲ့အား ဖွဲ့စည်းခဲ့သည်။

ထိုအဖွဲ့၌ ဆရာစံသည် အဖွဲ့ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံခဲ့ရ၏။

ထိုစဉ်က ဗြိတိသျှလက်အောက်ခံ မြန်မာနိုင်ငံတွင် စပါးဈေးကျ ဆင်းနေသည်။ တိုင်းသူပြည်သားတို့ စီးပွားရေးကြပ်တည်းမှုနှင့် ရင်ဆိုင်နေ ရသည်။

တိုင်းသူပြည်သားတို့ကလည်း လူခွန်တော်နှင့် သဿမေဓအခွန် တော်များအား အစိုးရမှ ကောက်ခံခြင်းမှာ တရားမျှတသည်ဟု မယူဆကြ ပေ။

ထိုအခါက လူခွန်တော်အဖြစ် လူပျိုတစ်ဦး ၂ ကျပ် ၈ ပဲ၊ အိမ်ထောင် သည် ၅ ကျပ် ကောက်ခံခဲ့၏။ ထို့ကြောင့် အခွန်တော် မပေးဆောင်ရေးမှာ ထိုခေတ်ထိုအခါ၏ နိုင်ငံရေးလမ်းစဉ်တစ်ခု ဖြစ်လာခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံအား အိန္ဒိယမှခွဲထုတ်ရန် ပြဿနာပေါ် ပေါက်ခဲ့၏။

ယင်းကြောင့် ၁၉၂၁ ခုနှစ်တွင် တောင်ငူမြို့၌ ကျင်းပသည့် ဂျီစီ ဘီအေ အစည်းအဝေးတွင် ဂျီစီဘီအေအသင်းချုပ်ကြီးက ဆုံးဖြတ်ချက် တစ်ခု ချမှတ်ခဲ့သည်။

ယင်းဆုံးဖြတ်ချက်မှာ -

"တိုင်းသူပြည်သားတို့၏ ဆန္ဒနှင့် ဆန့်ကျင်၍ အိန္ဒိယ ပြည်မှ မြန်မာပြည်အား ခွဲထုတ်ခဲ့လျှင် အခွန်မပေးရေးနှင့် အာဏာဖီဆန်ရေးအား စတင်လုပ်ဆောင်မည်။

ဟူသည့် ဆုံးဖြတ်ချက်ဖြစ်သည်။

---

စိတ်ကူးသစ်စာပေ

ထိုအစည်းအဝေး၌ ဆရာစံသည် ယင်းအဆိုနှင့်ပတ်သက်၍ အဆိုအောင်မြင်စေရန် အထူးကြိုးပမ်းခဲ့သည်။ နိုင်ငံ့ဝန်ထမ်းအဖွဲ့များ ဖွဲ့စည်းရန် အဆိုတင်သွင်းရန်လည်း တိုက်တွန်းခဲ့၏။

ထိုအခါ ဆရာတော်အချို့တို့က နိုင်ငံ့ဝန်ထမ်းအဖွဲ့များ ဖွဲ့စည်းမည်ဟူသောအဆိုမှာ အစိုးရအား ပုန်ကန်ရန် အဆိုဖြစ်သည်ဟုဆကာ ဆရာစံ ပါဝင်သော ဦးစိုးသိန်းဂျီစီဘီအေအား မထောက်ခံကြဘဲ ဦးစုအား ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခဲ့သည်။

ယင်းမှသည် ဦးစိုးသိန်းဂျီစီဘီအေနှင့် ဦးပုဂျီစီဘီအေဟူ၍ နှစ်ခြမ်းကွဲသွားခဲ့သည်။

သည်အခါ ဆရာစံသည် ဦးစိုးသိန်းဂျီစီဘီအေအသင်းမှ ထွက်ကာ လူစွန်တော် ၈ ကျပ်ကောက်ခံခဲ့သည်ကို ဆန့်ကျင်ရန်အလို့ငှာ လျှို့ဝှက်သော အသင်းတစ်သင်းအား ထူထောင်ခဲ့၏။

ထိုအသင်းသည် "ဂဠုန်အသင်း" ဖြစ်သည်။

❧

## [၃]

❑

ဆရာစံသည် နယ်ချဲ့ဗြိတိသျှ၏ မတရားပြုမှုများအား မခံနိုင်သဖြင့် တော်လှန်ပုန်ကန်ရန် ဆန္ဒရှိသူဖြစ်သည်နှင့်အညီ ၁၉၃၀ ပြည့်နှစ်၊ ဒီဇင်ဘာ ၂၂ ရက်နေ့ညအချိန်တွင် သာယာဝတီနယ် ရေတိုက်ရွာမှ အစပြု၍ "သုပဏ္ဏကဂဠုန်ရာဇာ" ဘွဲ့အား ခံယူလိုက်သည်။

ဆရာစံဦးဆောင်ပြီး သူ၏ဂဠုန်တပ်သားများသည် ဓားကိုယ်စီဆွဲကိုင်၍ နယ်ချဲ့ဗြိတိသျှတို့နှင့် အင်အားမမျှမှန်း သိသော်လည်း တော်လှန်ပုန်ကန်ခြင်းအား စခဲ့သည်။

ဆရာစံ တော်လှန်ရေးစသည်နှင့် ရေတိုက်ရွာနှင့် ပတ်ဝန်းကျင်ရှိရွာများမှ ထကြွပုန်ကန်ခြင်းကို စခဲ့ကြသည်။

ထိုကျေးရွာမှ တော်လှန်ရေးသမားတို့သည် သာယာဝတီမြို့တွင်းသို့ ဝင်ရန် လူစု (၄)စုခွဲ၍ ချီတက်ခဲ့သည်။

ဒီဇင်ဘာလ ၁၃ ရက်နေ့ ၌ သာယာဝတီမြို့မြောက်ဘက်ရှိ အင်းရွာဘူတာသို့ဝင်စီး၍ ကြေးနန်းရုံးအား ဖျက်ဆီးလိုက်ကြသည်။

နောက်တစ်နေ့တွင်မူ ဝဲရှာရှိ ခရိုင်သစ်တောဝန် မစ္စတာဖီးကလစ်ဘားသစ်ဖြစ်ပြီး ဒီဇင်ဘာ ၂၅ ရက်နေ့၌ ဖားရွှေကျော်ရွာတွင် လူပေါင်း (၅၀) ပါဝင်သော အစိုးရ၏ စစ်ပုလိပ်အဖွဲ့နှင့် ရင်ဆိုင်တိုက်ပွဲဖြစ်ခဲ့သည်။

ထိုရက်များအတွင်း ဂဠုန်တပ်သားဦးရေမှာ ၂၀၀၀ မှ ၃၀၀၀ ထိ တိုးတက်လာခဲ့၏။ လက်နက်များကမူ ၃၀ ကျော်မျှသာ စုဆောင်းရသေး၏။

ထိုစဉ် အစိုးရတပ်သည် သာယာဝတီမြို့ အရှေ့ဘက် ၁၂ မိုင် အကွာအရပ်၌ ဆရာစံတပ်သားများ တပ်စွဲထားသည်ဟု သတင်းရ၏။ ထို့ကြောင့် ယင်းဒေသအား ဘားမားရိုင်ဖယ်တပ်နှင့် ချီ၍ ဖြိုခွင်းရ၏။

ဆရာစံသည် အခြေအနေမကျသဖြင့် အရပ်တစ်ပါးသို့ ဆုတ်ခွာရှောင်တိမ်းရင်း အခြားမြို့များ၊ ဒေသများ၌ ပုန်ကန်မှုများဖြစ်ရလေအောင် စည်းရုံးစီမံခန့်ခွဲခဲ့၏။

ထိုကဲ့သို့ပင် ဆရာစံသည် ၁၉၃၁ ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်နေ့တွင် ရမည်းသင်းခရိုင်တွင်လည်းကောင်း၊ ဇန်နဝါရီ (၇)ရက်နေ့တွင် ဖျာပုံခရိုင်၊ ဒေးဒရဲမြို့တွင်လည်းကောင်း၊ ဖေဖော်ဝါရီ ၂၁ ရက်နေ့၌ ဟင်္သာတခရိုင်၊ အင်္ဂပူမြို့နှင့် မြန်အောင်မြို့နယ်၌လည်းကောင်း၊ ဆရာစံ၏ စည်းရုံးမှုကြောင့် ထကြွပုန်ကန်မှုများ ပေါ်ပေါက်ခဲ့သည်။

ဤသို့ဖြင့် တော်လှန်ရေးသမားတို့နယ်မြေသည် ကျယ်ဝန်းလာခဲ့၏။

ထိုစဉ် ဆရာစံ၏အကြောင်းအား သူတစ်မျိုး၊ ငါတစ်ဖုံ ပြောကြ၏။ မြန်မာပြည်ကိုချစ်သည့် မြန်မာအမျိုးသားက ဆရာစံအား ချီးကျူးကြသော်လည်း နယ်ချဲ့နှင့် အလိုတော်ရိလက်ပါးစေတို့က ရှုတ်ချအပြစ်တင်ခဲ့ကြ၏။

# [၄]

❑

ယင်းသို့ ဆရာစံ၏တော်လှန်ရေးနယ် ကျယ်လာသည်နှင့်အမျှ ဗြိတိသျှအစိုးရ အာဏာပိုင်တို့သည် အင်းစိန်ခရိုင်သို့ တော်လှန်ရေးအင်အား မိးမပွားစေရန်အလို့ငှာ တော်လှန်ရေးသမားများထကြွရာ စတုရန်းမိုင် (၈၀၀) ကျော်မျှသော ဒေသအတွင်း နယ်ပေါင်း (၁၆)နယ်ခွဲ၍ အင်္ဂလိပ်လူမျိုးများကိုယ်တိုင် စီမံအုပ်ချုပ်လေတော့သည်။

လက်နက်ကိုင်တပ်အနေနှင့်လည်း မြို့ပြဆိုင်ရာ ပုလိပ်အဖွဲ့နှင့် စစ်ဘက်ဆိုင်ရာ ပုလိပ်အဖွဲ့နှစ်ဖွဲ့အား ပူးပေါင်းလိုက်သည်။

ထို့နောက် တော်လှန်ရေးနယ်မြေများအတွင်းသို့ လက်နက်အင်အား၊ လူအင်အားအပြည့်နှင့် ဖိ၍ တိုက်ကြလေသည်။

၁၉၃၁ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့တွင် အင်းစိန်ခရိုင်၊ ခင်ပတီကင်းဂါတ်၌ အစိုးရတပ်နှင့် တော်လှန်ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့၏။

သို့နှယ်ပင် အစိုးရတပ်သည် ဂျွန်တပ်စခန်း၏ နေရာအတိအကျအား စောစောကပင် ကြိုတင်သတင်းရထားသဖြင့် ထိုစခန်းအား အစိုးရတပ်မှ ဖြိုခွင်းနိုင်ခဲ့သည်။

တော်လှန်ရေးသမားတို့ ကစဥ့်ကလျား ထွက်ပြေးကြရ၏။

သို့သော် နေရာအနှံ့အပြား၌ တော်လှန်ရေးတပ်သားများက ထကြွဆဲပင်။

ထိုအတောအတွင်း၌ ဆရာစံသတင်းသည် ပျောက်နေ၏။ သို့တစေ အစိုးရ၏ကြေညာချက်ဖြစ်သည့် ဆရာစံအားမိလျှင် ဆုငွေ (၅၀၀၀) ဟူသည်သတင်းနှင့် ဓာတ်ပုံက ပြန့်နှံ့နေပြီ။

သစ်ပင်များ၌လည်းကောင်း၊ အဆောက်အဦများ၌လည်းကောင်း ကြေညာစာရွက်များက ပြည့်နေ၏။ အစိုးရတပ်ဖွဲ့ဝင်များကလည်း ဆရာစံသတင်းကို လိုက်နေဆဲ။ ဆရာစံ ရှမ်းပြည်၌ရှိသည်ဆိုသဖြင့် သတင်းအစအနအား လိုက်နေဆဲ။

၁၂၉၄ ခုနှစ်၊ ဒုတိယဝါဆိုလဆုတ် (၄) ရက်နေ့ (၁၉၃၁ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့ ညနေ (၃) နာရီ)။

ထိုအချိန်၌ ရှမ်းပြည်၊ သုံးဆယ်နယ်၊ ကုလားပွဲဒိုင်၊ ဟိုနိုနောင်ကွမ်းရွာအနီး တောတွင်း၌ ဆရာစံမိုအောင်းနေစဉ် ဦးဖိုးကာဆိုသည့် လမ်းပြ၏ သစ္စာဖောက်မှုကြောင့် ဗြိတိသျှအစိုးရ အာဏာပိုင်တို့က ဆရာစံအား ဝိုင်းဝန်းဖမ်းဆီးလိုက်နိုင်သည်။

ဆရာစံ၏အမှုအား ၁၉၃၁ ခုနှစ်၊ ဩဂုတ်လ (၁၅)ရက်နေ့တွင် သာယာဝတီတော်လှန်ရေးသမားများ စစ်ဆေးရေးတရားသူကြီးအဖွဲ့က စစ်ဆေးခြင်းစပြီး ဩဂုတ်လ (၂၈) ရက်နေ့တွင် ဗြိတိသျှအစိုးရအား လက်နက်စွဲကိုင် တော်လှန်ပုန်ကန်မှုဖြင့် လည်ပင်းကြိုးတပ်၍ မသေမချင်းသတ်စေရန် အမိန့်ချမှတ်၏။

ရှေ့ခနေရှေ့ရပ်များက ဆရာစံအတွက် အယူခံဝင်ကြ၏။ သို့သော် မအောင်မြင်ခဲ့။ ပယ်ချခြင်း ခံခဲ့ရ၏။

၁၉၃၁ ခုနှစ်၊ နိုဝင်ဘာ (၂၈)ရက် စနေနေ့ နံနက်အချိန်၌ ဆရာစံအား သာယာဝတီထောင်အတွင်း ကြိုးစင်တွင် လည်ပင်းကြိုးတပ်သတ်ခဲ့၏။

ဆရာစံက ကြိုးစင်သို့တက်ခါနီး ...

"တိုင်းပြည်အတွက်ဖြစ်ရတာကို သုခလို့မှတ်ပါတယ်"

ဟု ပြော၏။

ဘေးမှ ကူသူများအားလည်း ...

"ဖယ်ပေး ... ငါ့ဟာငါ တက်မယ်"

ဟုပြောကာ အတွဲမခံဘဲ ကြိုးစင်ပေါ်သို့ တက်သွားခဲ့ကြောင်း၊ ကြိုးစင်ပေါ်သို့ရောက်လျှင် အနီးပတ်ဝန်းကျင်ရှိ လူများအား လက်ပြနှုတ်ဆက်ပြီး ...

"ဖြစ်လေရာဘဝမှာ နယ်ချဲ့အင်္ဂလိပ်တွေကို နိုင်ရတဲ့ကိုယ် ဖြစ်ပါစေ"

ဟု ဆိုပြီး တစ်ချက်မှ မတုန်လှုပ်ဘဲ ကြိုးဒဏ်ခံသွားသည့် အကြောင်းအား ဆရာစံကြိုးပေးစဉ် အစအဆုံး အနီးတွင်ရှိသည့် ထောင်ပိုင်၏ ဦးစိန်၏ မှတ်တမ်းများအရ သိရသည်။

ဆရာစံတော်လှန်ရေးတွင် မြန်မာလယ်သမားများသည် (၂၀၀၀) မျှ ကျဆုံးခဲ့သည်။ (၅၀၀) ကျော်အား ကြိုးစင်တင် သတ်ခဲ့၏။ တစ်ထောင်ကျော်အား တစ်သက်တစ်ကျွန်း အပြစ်ပေးခဲ့၏။

တော်လှန်ရေးအစိုးရလက်ထက် ၁၉၆၇ ခုနှစ်အတွင်း တစ်သက်တစ်ကျွန်းဒဏ်ခံရသူများ မြန်မာနိုင်ငံသို့ ပြန်လာခွင့်ရသည်။

နယ်ချဲ့အင်္ဂလိပ်တို့သည် ဆရာစံအား မြန်မြန်ဖမ်း၊ မြန်မြန်စစ်၊ မြန်မြန်သတ်နိုင်ရန်အတွက် အလျင်စလို မည်သို့ဆောင်ရွက်သည်ကို ဖြစ်စဉ်များကြည့်လျှင် သိနိုင်သည်။ ဖြစ်စဉ်မှာ –

(၁) ၁၉၃၁ ခုနှစ်၊ ဩဂုတ်လ (၂)ရက်
ဆရာစံအား ရှမ်းပြည်၌ ဖမ်းမိသည်။

(၂) ၁၉၃၁ ခုနှစ်၊ ဩဂုတ်လ (၁၄) ရက်
သာယာဝတီသို့ အရောက်ပို့သည်။

(၃) ၁၉၃၁ ခုနှစ်၊ ဩဂုတ်လ (၁၅) ရက်
ရုံးတင်ပြီး တရားစွဲသည်။

(၄) ၁၉၃၁ ခုနှစ်၊ ဩဂုတ်လ (၂၀) ရက်
အမှုအား စတင်စစ်ဆေးသည်။

(၅) ၁၉၃၁ ခုနှစ်၊ ဩဂုတ်လ (၂၈) ရက်
မသေမချင်း ကြိုးစင်တင်သတ်ရန် အမိန့်ချသည်။

(၆) ၁၉၃၁ ခုနှစ်၊ စက်တင်ဘာလ (၁၈) ရက်
တရားလွှတ်တော်သို့ အယူခံဝင် ကြားနာသည်။

(၇) ၁၉၃၁ ခုနှစ်၊ နိုဝင်ဘာလ (၂၈) ရက်
ဆရာစံအား ကြိုးပေးသတ်လိုက်သည်။

ထဘထ

ကျမ်းကိုး -

(၁) မြန်မာ့စွယ်စုံကျမ်း၊ တွဲ (၄)၊ ပ-ကြိမ် ၁၉၆၀
(၂) တောင်သူလယ်သမားအရေးတော်ပုံ
(သခင်ပြုံးချို) လုပ်သား
(၃) ဆရာစံအား ဖမ်းမိစဉ်က သတင်းစာ ၂-၃-၇၃



သခင်ကိုးလှုကြိုး
(သို့မဟုတ်)
အာဇာဝတ

စိတ်ကူးသစ်စာပေ

# [ ၁ ]

❑

ကိုလိုနီခေတ်တွင် အရေးအခင်းပေါင်းများစွာ ပေါ်ပေါက်ခဲ့သည်။ ထိုအရေးအခင်းများက နယ်ချဲ့ဗြိတိသျှတို့၏ ဖိနှိပ်မှုများအား ပြန်လည်တွန်းလှန်ခြင်းမှ ဖြစ်ပေါ်ခဲ့သည်ချည်းပင်။

ထိုသို့သော အရေးအခင်းများထဲ၌ ၁၂၉၉ ခုနှင့် ၁၃၀၀ ပြည့်နှစ် ရေနံမြေသပိတ်သည်လည်း တစ်ခုအပါအဝင်ပင်။

သူက ရေနံမြေသပိတ်၏ ဦးဆောင်သူတစ်ဦး။ သူ့အမည်မှာ ဖိုးလှကြီးဖြစ်သော်လည်း သူက တို့ဗမာအစည်းအရုံးဝင်တစ်ဦး ဖြစ်သဖြင့် သခင်ဖိုးလှကြီးအဖြစ် ထင်ရှားသလို အာဇာဝက သခင်ဖိုးလှကြီးအဖြစ် ထင်ရှားခဲ့သူလည်းဖြစ်သည်။

သခင်ဖိုးလှကြီးအား မကွေးခရိုင်၊ သရက်လေးပင်ရွာ၌ မွေးဖွားခဲ့၏။ သူ၏သမိုင်းကြောင်းသည် ထင်ရှားခဲ့သော်လည်း သူ၏ မိဘအမည်၊ မွေးသက္ကရာဇ် အတိအကျကိုမူ မသိရ။

မိဘများမှာ သာမန်ဆင်းရဲသားများ ဖြစ်၏။ အချို့က သခင်ဖိုးလှကြီးမွေးသက္ကရာဇ်နှင့် ပတ်သက်၍ ရေနံမြေသပိတ် ဖြစ်ပေါ်သည်မှာ ၁၉၃၈

နှစ်ဖြစ်ပြီး ထိုအရေးအခင်းကာလတွင် သခင်ဖိုးလှကြီးသည် အသက် (၁၀)ဝန်းကျင်ရှိသဖြင့် ၁၉၀၈၊ ၁၉၀၉၊ ၁၉၁၀ ခုနှစ်များလောက်တွင် မွေးဖွားသည်ဟု ခန့်မှန်း၏။

သခင်ဖိုးလှကြီး အသက် (၁၄)နှစ်သားခန့်လောက်ကစ၍ ကိုလိုနီနယ်ချဲ့စနစ်၏ ဖိနှိပ်ချုပ်ချယ်မှုအား စတင်ခံခဲ့ရသည်။ ဇာတိသွေး ဇာတိမာန်ခင်မှာပျိုးထောင်ခဲ့သည်တည်း။

ထိုခေတ်က မြန်မာပြည်အားအုပ်ချုပ်သည့် နယ်ချဲ့ဗြိတိသျှတို့သည် မြေခွန်၊ ယာဉ်ခွန် တောင်း၏။ မပေးနိုင်လျှင် ပစ္စည်းသိမ်း လေလံပစ်၏။

သိမ်းစရာပစ္စည်းမရှိလျှင် လူဖမ်း၍ ထောင်ချ၏။ သခင်ဖိုးလှကြီးခင်သည် အခွန်မဆောင်နိုင်သကဲ့သို့ သိမ်းစရာပစ္စည်းမရှိသဖြင့် လူ အဖမ်းခံခဲ့ရ၏။

ဖိုးလှကြီး (၁၄)နှစ်အရွယ်က ဖခင်အား ဖမ်းသွားသည့်အဖြစ်ကို ကျော်ဝါးထင်ထင် မြင်ခဲ့ရ၏။ မိခင်ဖြစ်သူသည် မျက်ရည်စက်လက်နှင့် ...

"သား ... အဖေက သူတော်ကောင်းပါ။ အခု အဖမ်းခံရတာက မြေနှုန်းမဆောင်နိုင်လို့ပါ"

ဟူ၍ ငိုသံနှင့် မိခင်ပြောစကားကို စွဲမှတ်နေ၏။ ထိုဝေဒနာက မမေ့ပျောက်မရသည့် ဝေဒနာပင်။

ဒါကို ဖိုးလှကြီး မနစ်သက်။ မျက်ရည်စက်လက်နှင့် ငိုယိုတောင်းပန်နေသည့်မိခင်၊ ခွင့်လွှတ်ရကောင်းမှန်းမသိသော၊ အကြင်နာမဲ့သော သူများ။ တကယ်မရှိ၍ မပေးနိုင်သည်ကို ခွင့်လွှတ်ရမည်။

ခုကိစ္စက ရက်စက်လွန်းသည်။ လူမဆန်လွန်းသည်။ ဒါတွေအားလုံးက လွတ်လပ်ရေးဆုံးရှုံးရလို့ တိုင်းတစ်ပါးလက်အောက် ရောက်နေရ၍ကျ နားလည်ရ၏။ နယ်ချဲ့စနစ်နှင့် နယ်ချဲ့အဂ်လိပ်ကို ဖိုးလှကြီး မုန်းခဲ့ပြီ။

[J]

❑

သခင်ဖိုးလှကြီး ငယ်စဉ်က ဘုန်းတော်ကြီးကျောင်း၌ စာသင်ခဲ့ရသည်။ ဆရာဘုန်းတော်ကြီးသည် နယ်ချဲ့အင်္ဂလိပ် မျက်နှာဖြူတို့အား အသက်စွန့်တော်လှန်ခဲ့သည့် ဗိုလ်လရောင်၏တပည့်အရင်း ဖြစ်ခဲ့ဖူးသူ။

ဗိုလ်လရောင်ကျဆုံးပြီး အခြေမလှသဖြင့်သာ သာသနာ့ဘောင် ဝင်ခဲ့သူ။ ဘုန်းတော်ကြီးက နယ်ချဲ့အင်္ဂလိပ် မျက်နှာဖြူတို့၏ ရက်စက်ယုတ်မာပုံ၊ မြန်မာတို့ ဇာတိသွေး၊ ဇာတိမာန် ထက်မြက်ပုံများအား ပြောပြသဖြင့် နယ်ချဲ့စနစ်နှင့် နယ်ချဲ့အင်္ဂလိပ်အား မုန်းတီးပြီး ဇာတိမာန် တက်ကြွခဲ့၏။

သခင်ဖိုးလှကြီးသည် စစ်ကိုလည်း ကြုံခဲ့သူ။ ၁၉၁၄ -၁၉၁၅ ခု ပထမကမ္ဘာစစ်ဖြစ်တော့ အင်္ဂလိပ်တို့က ကမ္ဘာ့စစ်ပွဲအတွက် စစ်သားစု ဆောင်းသောအခါ မြန်မာပြည်မှ များစွာပါဝင်ခဲ့၏။

သခင်ဖိုးလှကြီးသည်လည်း ကျွန်ဖြစ်နေရခြင်းထက် စစ်မှုထမ်းရင်း ကိုယ့်ကိုယ်ကိုယ် အမြတ်ထုတ်ရန် ဆရာတော်ဘုန်းတော်ကြီး၏ တိုက်တွန်းချက်အရ စစ်ထဲဝင်ခဲ့သည်။

သခင်ဖိုးလှကြီး စစ်ထဲဝင်သည့် ရည်ရွယ်ချက်သည် တစ်နေ့ နယ်ချဲ့အင်္ဂလိပ်အား ပြန်ချနိုင်ရန်ဖြစ်သည်။

သခင်ဗိုးလှကြီးသည် မက်ဆိုပိုတေးမီးရားစစ်မြေပြင်တွင် ပါဝင်ခဲ့၏။ စစ်မှုထမ်းစဉ် မျက်နှာဖြူစစ်ဗိုလ်များနှင့် အကြောမတည့်ခဲ့။ အမြဲ မာကျောကျောဆက်ဆံသူ၊ မကြာခဏ အချင်းများခဲ့သူဟု မှတ်သားခဲ့ရ၏။

အင်္ဂလိပ်တပ်ကြပ်မှ ကပ္ပလီစစ်သားအား မတရားလက်ဖဝါးနှင့်ထိုးသဖြင့် သခင်ဗိုးလှကြီး မကျေနပ်ဘဲ မျက်နှာဖြူတပ်ကြပ်နှင့် ထိုးခဲ့သောကြောင့် တစ်ည အချုပ်စံခဲ့ရ၏။

သည့်ထက် စိတ်ဝင်စားဖွယ်အဖြစ်လည်း ရှိသည်။

စစ်မှုထမ်းစဉ်က နယ်ချဲ့အင်္ဂလိပ်တို့သည် ကုလား၊ မြန်မာ၊ ကပ္ပလီစစ်သားများနှင့် အင်္ဂလိပ်စစ်သားတို့အား တန်းတူမထား၊ ခွဲခြားထားသည်။

မျက်နှာဖြူစစ်သားသာ အခွင့်အရေးရသည်။ ရွက်ဖျင်တဲ၌နေ၊ တဲ ရသည်။ မျက်နှာဖြူစစ်သား ကောင်းကောင်းစားပြီး ကျန်စစ်သားတို့က ဒြစ်သလိုစားရသည်။

ဒါကို ဗိုးလှကြီး မကျေနပ်။

တစ်ည ...

ဗိုးလှကြီး ကြမ်းတော့သည်။ မျက်နှာဖြူစစ်သားများသောက်သည့် အရက်ပုလင်းကိုယူကာ စားပွဲ၌ရိုက်ခွဲပြီး ...

"စစ်မြေပြင်မှာတိုက်တော့ အတူတူ၊ ကောင်းပွဲခံတော့ ခွဲခြားတယ်၊ ခင်းတို့အင်္ဂလိပ်တွေ သိပ်လူပါးဝတယ်။ ကုလားလည်း ကျွန်မဟုတ်သလို၊ မြန်မာ၊ ကပ္ပလီဟာလည်း ကျွန်မဟုတ်ဘူး။ မတရားလုပ်တဲ့ အင်္ဂလိပ် ချောက်တွေ သတ္တိရှိ ထွက်ခဲ့"

ဟု စိန်ခေါ်၏။ နယ်ချဲ့မျက်နှာဖြူစစ်သားများ တုပ်တုပ်မျှ မလှုပ်ရဲ၊ ဘုလားစစ်သား သုံးလေးဦးက ဗိုးလှကြီးကို ထောက်ခံကြ၏။

နောက် အရက်အတူသောက်ရန် အင်္ဂလိပ်တို့ လက်ခံရ၏။

ထိုညက ဗိုးလှကြီး ပွဲကြမ်းခဲ့သည်။

သခင်ဗိုးလှကြီး စစ်မြေပြင်တွင် သုံးနှစ်ခန့် တာဝန်ထမ်းဆောင်ခဲ့သည်။ စစ်ပြီး၍ထွက်တော့ အင်္ဂလိပ်က မြေပေးသည့်အခါ ဗိုးလှကြီးမယူခဲ့။

"ဗမာပိုင်မြေကို အင်္ဂလိပ်ကပေးတာ မယူနိုင်ဘူး"

---

စိတ်ကူးသစ်စာပေ

ဟုဆိုပြီး မြေယာမယူခဲ့။

ဖိုးလှကြီးသည် ရေနံမြေ၌ အလုပ်ကြမ်းသမားအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့၏။ လစာနှင့် အလုပ်အကိုင် အနေအထိုင် မမျှမတနေခဲ့ရသည်။

အလွန်ဆင်းရဲခဲ့၏။

လူစဥ်မီအောင် အနိုင်နိုင် အားခဲနေခဲ့ရ၏။

အင်္ဂလိပ်မျက်နှာဖြူနှင့် အင်္ဂလိပ်ကပြားတို့က တိုက်၊ မြံ၊ ကား၊ ရေကူးကန်နှင့် နတ်ဘုံနတ်နန်းပမာ နေရသော်လည်း ရေနံမြေအလုပ်သမားတို့က ခြေပြည်ရောက်နေသလို နေရ၏။

[ ၃ ]

❑

ဖိုးလှကြီးသည် ရေနံမြေအလုပ်ကြမ်းသမားဘဝအား ကိုယ်တိုင်ကြုံခဲ့သော် ရင်နာရသည်။ မျက်နှာဖြူများ၏ မတရားအုပ်ချုပ် သွေးစုပ်မှုအား အလုပ်သမားများသိအောင် ဆော်ဩခဲ့၏။

သတ္တိရှိရန်၊ သွေးစည်းညီညွတ်ရန် စည်းရုံးခဲ့၏။

သခင်ဖိုးလှကြီး၏ဇနီးမှာ ရေနံမြေ ဝတ်စာရေးကြီး ဦးဦးခင်၏သမီး မညွန့်ဖြစ်သည်။ မိဘများသဘောမတူ၍ ခိုးပြေးခဲ့ရ၏။ အမွေဖြတ်ခံရသည်။ ဖိုးလှကြီးတို့ ဇနီးမောင်နှံက တဲအိုပျက်၌ မပြည့်မစုံနေရသော်လည်း စိတ်မညစ်ခဲ့။

၁၉၃၈ ခုနှစ်၌ ရေနံမြေအလုပ်သမားများက တစ်နှစ်တွင် လုပ်ခလျော့ ခွင့်ရက် (၃၀)ပေးရန် တောင်းဆိုသည်။ ယင်းအပြင် လိုလားချက် (၁၂) ချက်ပါ တောင်းဆိုခဲ့၏။

မျက်နှာဖြူကုမ္ပဏီပိုင်ရှင်တို့က လိုက်လျောခြင်းမပြု။

ထို့ကြောင့် ၁၉၃၈ ခု၊ ဇန်နဝါရီလ (၈)ရက် (၁၂၉၉ ခုနှစ်၊ ပြာသိုလဆန်း (၈)ရက်) စနေနေ့ ၌ ရေနံမြေသပိတ် စခဲ့၏။

သပိတ်လုပ်ငန်းများဆောင်ရွက်ရန် သခင်လေးမောင်၊ သခင်မြ၊ သခင်သင်၊ သခင်ခင်၊ သခင်အောင်ဖေ၊ သခင်စ၊ သခင်ဘတင်၊ သခင်လှိုင်၊ ဦးဘလှိုင်၊ သခင်ဖိုးလှကြီးတို့အား ရွေးချယ်ခံခဲ့ရ၏။

သပိတ်တပ် ရန်ကုန်သို့စေလွှတ်ရန် ခေါင်းဆောင်သူမှာ သခင်ဖိုးလှကြီးဖြစ်သည်။

မကွေး၌ အင်္ဂလိပ်လက်ပါးစေတို့က ဖမ်း၏။ ဒီဇင်ဘာ (၂၄)ရက် သပိတ်တပ် နတ်သလင်းသို့ အရောက်တွင် သခင်ဖိုးလှကြီး ပြန်လွတ်လာသည်။

သခင်ဖိုးလှကြီးနှင့် သပိတ်တပ် ထပ်မံတွေ့သည့်အခါ ခေါင်းဆောင်ပြန်လုပ်သည်။ သပိတ်တပ်က သခင်ဖိုးလှကြီးအား အားရဝမ်းသာ "အာဋာဝက" ဟု အမည်တပ် ဂုဏ်ပြု၏။

ဤသို့ဖြင့် အာဋာဝက သခင်ဖိုးလှကြီးဟု တွင်ခဲ့၏။

အာဋာဝက သခင်ဖိုးလှကြီး သပိတ်တပ် ရန်ကုန်ရောက်သောအခါ သပိတ်စခန်းချပြီး ဓနိတော B.O.C တွင် B.O.C စက်ရုံများမှ အလုပ်သမားတို့၏အရေးအား ဆောင်ရွက်ပေးခဲ့၏။

အခွင့်အရေးများလည်း တောင်းပေးခဲ့သည်။

နယ်ချဲ့အင်္ဂလိပ်တို့သည် သပိတ်ခေါင်းဆောင်အချို့အား ဖမ်း၏။

အချို့အား အပြစ်ပေး၍ ထောင်ချသည်။

ခေါင်းဆောင်စာရင်း ပေးသည့်အခါ အာဋာဝက သခင်ဖိုးလှကြီး အမည်အား ပယ်ချလိုက်သည်။ ဦးနှောက်မကောင်း၊ ရူးနေသည်ဟု အကြောင်းပြ၏။ အရူးထောင်သို့ ပို့၏။

---

စည်းလုံးညီညွတ်နေသော သပိတ်တပ်အား ဖြိုခွဲလိုက်သည်။

သခင်ဖိုးလှကြီး အရှးထောင်မှ ပြန်လာသည့်အခါ သပိတ်တပ်သားများက (၂၀၀) ခန့်သာ ကျန်တော့သည်။

ခေါင်းဆောင်အချို့က အခွင့်အရေးယူသွားကြပြီ။

အားနည်း ကွဲပြားအောင် နယ်ချဲ့အင်္ဂလိပ်တို့က အမျိုးမျိုးလုပ်ခဲ့၏။ ဖန်တီးခဲ့၏။

သခင်ဖိုးလှကြီးက စိတ်ပျက်သွားသဖြင့် ကိုရင်ကြီးဝတ်သွား၏။ ကိုရင်ဝတ်နှင့် သပိတ်စစ်ပွဲစာအုပ်ကို ရေးခဲ့သည်။

ရသောငွေအား ရန်ပုံငွေအဖြစ် သုံးခဲ့သည်။

သခင်ဖိုးလှကြီးက စိတ်မပျက်ခဲ့။ လူဝတ်လဲကာ လက်ကျန်သပိတ်တပ်သား (၂၀၀) ဖြင့် ရွှေတိဂုံဘုရားသို့ ချီတက်၏။ ရှေ့ဆက်လှမ်းတိုး၏။

သပိတ်စခန်းအား ရွှေတိဂုံဘုရား၌ထား၏။ ထိုမှတစ်ဆင့် (၆) ထပ်ကြီးဘုရား၊ (၉)ထပ်ကြီးဘုရားသို့ အဆင့်ဆင့်တက်ကာ အဓိဋ္ဌာန်ပြု၏။ သခင်ဖိုးလှကြီးသည် သံမဏိတပ်သား (၂၀၀) အား မိမိကိုယ်မိမိ သရဏဂုံတင်ရန် တိုက်တွန်း၏။ အသုဘဖိတ်စာ (၁၀၀၀) ရိုက်၍ ဝေငှ၏။ အစာတော်ခံ ဆန္ဒပြ၏။

ထိုစဉ်က (၉) ထပ်ကြီးဘုရား သပိတ်စခန်း၌ ကြည့်ရှုသူ လွန်စွာများသည်ဟု အမှတ်အသားရှိ၏။ ဆေးလိပ်၊ ကွမ်း၊ သရေစာ လှူဒါန်းသူများစွာရှိ၏။

ထိုစဉ်က ဦးပုသည် နန်းရင်းဝန်ဖြစ်၏။ သပိတ်သားများ ခသွားမြေမကျအောင် ကြိုးစားခဲ့၏။ အလုပ်ပြန်ဝင်လျှင် စပေါ်ငွေ (၁၀)ကျပ်၊ ထမင်းဖိုး (၃) ကျပ်ပေးမည်ဟု ဖျောင်းဖျ၏။

⊂၊၀၀⊃



သခင်ဗိုးလှကြီး

[၄]

❑

သခင်ဖိုးလှကြီး၏ ရေနံမြေသပိတ်စခန်းသို့ ဆရာကြီးသခင်ကိုယ်တော်မှိုင်းကိုယ်တိုင် လာတွေ့၏။

ဆရာကြီးသခင်ကိုယ်တော်မှိုင်းသည် ရေနံမြေသပိတ်သားတို့အား ကရုဏာဖြင့် ကြည့်ကာ ...

"တပည့်တွေ ... ဘာမဟုတ်တဲ့ ပုရွက်ဆိတ်နဲ့ နပန်းလုံးပြီး အခေါမခံနဲ့ဦး။ ရှေ့မှာ ကျားနဲ့လုံးဖို့ ရှိသေးတယ်"

ဟု ဆုံးမခဲ့၏။

ယင်းသို့ ဆရာကြီးသခင်ကိုယ်တော်မှိုင်း ဆုံးဖြတ်သည်ကို သခင်ဖိုးလှကြီးတို့ နာခံပြီး အစာပြန်စားရန် ဆုံးဖြတ်သည်။

ရေနံမြေသို့ ပြန်သွားသည်။

ရေနံမြေပြန်ရောက်သော် သခင်ဖိုးလှကြီးသည် အလုပ် ပြန်မဝင်

ခတော့၊ အလုပ်သမားအစည်းအရုံး၌ အချိန်ပြည့်ထိုင်သည်။ အလုပ်သမား အကျိုးဆောင်ရွက်သည်။

၁၉၄၁ ခုနှစ်၌ ရေနံမြေစခန်းထ၌ အာဇာဝကသခင်ဗိုးလှကြီးနှင့် သခင်တစ်စု ကြိုးစားကြပြန်၏။ လုပ်သားထုလွှတ်တော်ကျင်းပရန် စီစဉ်သည်၊ ကြံစည်သည်။

အစည်းအဝေးလုပ်ရန် နစ်ရက်အလို၌ သခင်ဗိုးလှကြီးနှင့် အပေါင်းအပါသခင်များဖြစ်သည့် သခင်တင်၊ သခင်ဘိုးသာ၊ သခင်မာတို့ အား ဖမ်းခဲ့၏။

သခင်ဗိုးလှကြီးနှင့် ခေါင်းဆောင်အချို့အား မြစ်ကြီးနားခရိုင်သို့ နယ်နှင်ဒဏ်ပေးလိုက်သည်။ သခင်တို့ မြစ်ကြီးနား၌ ဥမကွဲ၊ သိုက်မပျက် နေ ကြ၏။

ဒုတိယကမ္ဘာစစ် နီးကပ်လာသည့်အခါ နယ်ချဲ့အစိုးရက အာဇာ ဝက သခင်ဗိုးလှကြီးအား ဝန်းမော်ထောင်သို့ ပို့သည်။

ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သည့် ရဲဘော်သုံးကျိပ်၏ ဘီအိုင် အေတပ်နှင့် ဂျပန်တပ်တို့ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာသည့် အခါ ဝမှုတပ်မတော်မှ သခင်ဗိုးလှကြီးအား ဝန်းမော်ထောင်မှ ထုတ်ပေး သည်။ အခြားခေါင်းဆောင်တို့အားလည်း ထောင်မှလွှတ်ပေးပြီး အသီးသီး နေထိုင်ရာသို့ ပြန်ပို့ပေးသည်။

အာဇာဝက သခင်ဗိုးလှကြီးအား ဝန်းမော်မြို့အုပ်ချုပ်ရေးမှူးအဖြစ် တာဝန်ယူအုပ်ချုပ်စေခဲ့သည်။

ဂျပန်တို့ ရေနံမြေပြန်စသည့်အခါ သခင်ဗိုးလှကြီး ဝန်းမော်အုပ် ချုပ်ရေးမှူးရာထူးအား ပြန်အပ်ပြီး ရေနံမြေသို့ ပြန်ခဲ့သည်။ သခင်မြ၏ စီစဉ် ပေးမှုဖြင့် ချောက်မြို့အုပ်ချုပ်ရေးမှူးတာဝန်ယူရ၏။

---

စိတ်ကူးသစ်စာပေ

ဂျပန်ခေတ်၌ သခင်ဖိုးလှကြီး အစာအိမ်ရောဂါဖြစ်၍ သခင်မြ
သခင်ကျော်စိန်တို့က ရန်ကုန်ဆေးရုံကြီးသို့ ပို့၍ ကုသသော်လည်း မရ
ကွယ်လွန်အနိစ္စရောက်ခဲ့သည်။

တကိုး -

(၁) မြန်မာ့စွယ်စုံကျမ်း၊ တွဲ (၁)၊ ပ-ကြိမ် ၁၉၇၃
(၂) မောင်သစ်လွင် (လူထု)၊ ၁၃၀၀ ပြည့် အရေးတော်ပုံ
(၃) သခင်ဖိုးလှကြီး၊ သပိတ်စစ်ပွဲ



သခင်အောင်ဆန်း (ဗိုလ်ချုပ်အောင်ဆန်း)
(သို့မဟုတ်)
နိုင်ငံသစ်မွေးဖွားပေးခဲ့သူ

[၁]

**အောင်ဆန်း (သို့) လမ်းပြဦးဆောင်သူ**

ဗိုလ်ချုပ်အောင်ဆန်းသည် နယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်မှုစနစ်နှင့် သပ်လျှိုသွေးခွဲမှုအား ကောင်းစွာသဘောပေါက် နားလည်သူဖြစ်၏။

နယ်ချဲ့၏လောင်းရိပ်အောက်တွင် ယစ်မူးနေသမျှ မြန်မာတိုင်းရင်းသားတို့ ကျွန်သက်ရှည်နေမည်ကို သိခဲ့ပြီ။

နယ်ချဲ့တို့ကလည်း ကိုလိုနီအင်ပါယာ အမွန့်ရှည်ရေးအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်မှု မရရှိစေရန် ကိုလိုနီပညာရေး၊ ကိုလိုနီအုပ်ချုပ်ရေးအား တွင်ကျယ်စေရန် စီစဉ်ခဲ့၏။

ထို့ကြောင့် မြန်မာပြည် တနံတလျားတွင် စည်းလုံးညီညွတ်ရေးသည် ပျက်ပြားနေ၏။


သွေးခွဲအုပ်ချုပ်မှုကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကထင်းအစည်းပြေသလို ပြေနေပြီ။ ထို့ကြောင့် တိုင်းရင်းသားတို့သည် ငါတို့သည် တစ်ရေတည်းနေ၊ တစ်ရေတည်းသောက်များ ဖြစ်ကြသည်။ ငါတို့ လက်တွဲရမည်။ ငါတို့ ပူးပေါင်းရမည်ဆိုသည့်အချက်အား နားမလည်ခဲ့။

နယ်ချဲ့၏ သွေးခွဲမှိုင်းတိုက်မှုအောက်တွင် သာယာနေ၏။

ဤသို့ဖြင့် မြန်မာနိုင်ငံသူ နိုင်ငံသားတို့ ကျွန်သက်ရှည်ခဲ့ရသလို နယ်ချဲ့တို့က မြန်မာနိုင်ငံ၏ သယံဇာတတို့အား လိုသလောက် နှိုက်ယူသုံးစွဲခွင့် ရခဲ့၏။

ယင်းကြောင့် ကျွန်သက်ရှည်ခဲ့သလို၊ မြန်မာ့သယံဇာတပစ္စည်းများစွာ ဆုံးရှုံးခဲ့သည်ကို သမိုင်းကိုကြည့်လျှင် သိနိုင်၏။

မြန်မာတိုင်းရင်းသားတို့သည် မသိခဲ့သလော၊ သို့မဟုတ် နယ်ချဲ့တို့၏ လှည့်ကွက်အောက်တွင် မိန်းမောနေကြသလော။



❑

မြန်မာနိုင်ငံအတွက်မူ ဗိုလ်ချုပ်အောင်ဆန်းသည် ထူးခြားသည့် ပုဂ္ဂိုလ်တစ်ဦးဖြစ်သကဲ့သို့ သမိုင်းလိုအပ်ချက်အရ ပေါ်ပေါက်လာသည့် ခေါင်းဆောင်ဟုဆိုသောစကားအား ငြင်းဆိုဖွယ်မရှိချေ။

မြန်မာတိုင်းရင်းသားများ ကျွန်သက်မရှည်ရေး၊ မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး လိုအပ်ကြောင်းနှင့် ဦးဆောင်မည့်ခေါင်းဆောင်ကောင်း လိုအပ်သည်ကို ဗိုလ်ချုပ်အောင်ဆန်း သိခဲ့သည်ဟု ဆိုရမည်တည်း။

ဗိုလ်ချုပ်အောင်ဆန်းသည် ဗြိတိသျှနယ်ချဲ့တို့အား တော်လှန်ခဲ့သည်။ သူ့ကျွန်ဖြစ်ရခြင်းထက် သေရသည်ကမြတ်သည်ဟု ခံယူချက်နှင့် အသက်စွန့်သွားခဲ့သည့် မြို့လုလင်သူရဲကောင်း ဗိုလ်မင်းရောင် (ဗိုလ်လရောင်)၏ မြေးပီပီ ကျွန်ဘဝဖြင့် မနေလိုသူ၊ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးနှင့် လွတ်လပ်ရေးအတွက် ငယ်စဉ်တောင်ကျောင်းသားဘဝမှစ၍ ဦးဆောင်တော်လှန်စွမ်းဆောင်ရန် စိတ်အားသန်သည်။

"ကျွန်ုပ် တန်ခိုးရှင်သာ ဖြစ်မည်ဆိုပါက၊ ပြဒါးရှင်လုံးသာ ရရှိပါက ထိုထိုသောတန်ခိုး၊ ပြဒါးရှင်လုံးအစွမ်းဖြင့် မြန်မာတို့အား ကျွန်ဘဝမှကယ်တင်ပြီး လွတ်လပ်ရေးရအောင် စွမ်းဆောင်ပြုလုပ်လိုက်မည်"

ဟု ငယ်စဉ်ကပင် တွေးတောစဉ်းစားခဲ့သူဖြစ်၏။



ဗိုလ်ချုပ်အောင်ဆန်း



ဗိုလ်ချုပ်အောင်ဆန်းနှင့် ဒေါ်ခင်ကြည်

ထို့အတူ ဗိုလ်ချုပ်အောင်ဆန်းသည် ဗမာတစ်မျိုးသားလုံး ကျွန်ဖြစ်နေရခြင်း၊ တိုင်းပြည်လွတ်လပ်ရေး ဆုံးရှုံးနေရခြင်းအတွက် အိပ်မက်ဆိုးများနှင့် အိပ်မပျော်နိုင်ခဲ့သူလည်း ဖြစ်သတည်း။

မြန်မာနိုင်ငံ လွတ်လပ်ရေးနှင့် လူမျိုး ကျွန်ဘဝမှ လွတ်မြောက်ရေးအတွက် အဖြေရှာနေသူဆိုလည်း မမှားပေ။

လိုလျှင်ကြံဆ နည်းလမ်းရမည်မှာ ဓမ္မတာပင်။

မြန်မာတို့ ကျွန်သက်မရှည်ရေးနှင့် မြန်မာနိုင်ငံလွတ်လပ်ရေး၊ အမျိုးသားလွတ်မြောက်ရေးအတွက် တိုက်ပွဲဝင်ရမည်။

နယ်ချဲ့စနစ် ချုပ်ငြိမ်းရေးအတွက် နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားတိုက်ပွဲဝင်ရာတွင် အောင်နိုင်ရေးအတွက် တစ်ဦးကောင်းတစ်ယောက်ကောင်းနှင့် တိုက်ပွဲဝင်၍ မရ။

တစ်ဦးကောင်းတစ်ယောက်ကောင်းနှင့် ဟိုတစ်စ၊ သည်တစ်စ တွန်းလှန်တိုက်ပွဲဝင်ခြင်းဖြင့် အောင်မြင်မှုမရနိုင်သည်ကိုလည်း သုံးသပ်ပြီးခဲ့ပြီ။

ဟိုတစ်စ၊ သည်တစ်စ တွန်းလှန်တိုက်ပွဲဝင်ခြင်းဖြင့် အောင်မြင်မှုမရနိုင်ရုံမက မျိုးချစ်သူရဲကောင်းများ အမှည့်ခြွေ၊ အခြွေခံရမည်။ မျိုးချစ်သူရဲကောင်းတို့ ဆုံးရှုံးရမည်။

မြန်မာနိုင်ငံလွတ်လပ်ရေး၊ မြန်မာတိုင်းရင်းသားလူမျိုးတို့ ကျွန်ဘဝမှ လွတ်မြောက်ရေးတို့အတွက် နယ်ချဲ့ဖြိုတိသျှတို့အား စုပေါင်းညီညွတ်ခြင်းဖြင့်သာ တိုက်ခိုက်အနိုင်ယူနိုင်မည်။

ထို့ကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် လိုအပ်၏။

ယခုအခါတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် နယ်ချဲ့တို့၏ သွေးခွဲစည်းရုံးထားမှုကြောင့် စည်းလုံးညီညွတ်မှုသည် ထင်းအစည်းအစည်းပြေသလို ပြေနေပြီမဟုတ်လော။

ဥဿဿ



ဗိုလ်ချုပ်နှင့် အစည်းအဝေးမြင်ကွင်း



ဗိုလ်ချုပ်နှင့် ရဲဘော်များ

❑

မြန်မာ့သမိုင်းစဉ်အား ပြန်ကြည့်လျှင် အနော်ရထာမင်း၏ စည်းရုံးမှုစွမ်းအားကြောင့် ပထမမြန်မာနိုင်ငံအား တည်ထောင်နိုင်ခဲ့၏။

ထို့အတူ ဘုရင့်နောင်ကျော်ထင်အနော်ရထာ၏ စည်းရုံးရေးစွမ်းအားကြောင့် ဒုတိယမြန်မာနိုင်ငံအား ထူထောင်နိုင်ခဲ့၏။

ထို့အတူ အလောင်းမင်းတရား ဦးအောင်ဇေယျ၏ စည်းရုံးရေးစွမ်းအားကြောင့် ထူထောင်နိုင်ခဲ့၏။

ယင်းကဲ့သို့ပင် အနော်ရထာ၊ ကျန်စစ်သား၊ ဘုရင့်နောင်၊ ဦးအောင်ဇေယျ စသည်တို့သည် တိုင်းရင်းသားချစ်ကြည်ရေးအား တည်ဆောက်နိုင်သူများလည်း ဖြစ်၏။

ထိုမင်းတို့၏ ခေါင်းဆောင်မှုစွမ်းရည်ကြောင့် ထင်းအစည်းပြေသလို ပြေနေသည့် တိုင်းရင်းသားများအား စည်းလုံးညီညွတ်လာစေခဲ့၏။

ဝင်စစ် တိုင်းရင်းသားလူမျိုးတို့သည် အကြောင်းကြောင်းကြောင့် စည်းလုံးညီညွတ်ခြင်း၏ အနှစ်သာရအား မေ့လျော့နေသလို ရှိနေကြသော်လည်း စည်းရုံးစွမ်းဆောင်ရည်ပြည့်သည့် ခေါင်းဆောင်ကောင်းကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု အနှစ်သာရအား နားလည်လာနိုင်၏။

ဗိုလ်ချုပ်အောင်ဆန်းသည် သမိုင်းအမြင် ကြည်လင်သူဖြစ်သဖြင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးအတွက် ဦးဆောင်စည်းရုံးနိုင်စေရန် ကြိုးစားမည်ဟု သန္နိဋ္ဌာန်ချခဲ့သည်။

---

စိတ်ကူးသစ်စာပေ



ဗိုလ်ချုပ် လွတ်လပ်ရေးအတွက် အင်္ဂလန်သို့ ရောက်ရှိစဉ်

စိတ်ကူးသစ်စာပေ

မြန်မာနိုင်ငံ၏ သမိုင်းသစ်အဖြစ် လွတ်လပ်ရေးအတွက် ခွန်အား ဆောင်ရွက်သူဖြစ်၏။ ဗိုလ်ချုပ်သည် ငယ်စဉ်တောင်ကျေး ကလေးဘဝမှ စ၍ နှလုံးသားတွင် လွတ်လပ်ရေးသန္နိဋ္ဌာန်တည်ခဲ့သူဖြစ်၏။

အစဉ်အမြဲ လွတ်လပ်ရေးအတွက် မည်သို့စွမ်းဆောင်ရမည်၊ မည်သို့ကြိုးပမ်းရမည်၊ မည်သို့ဦးဆောင်ရမည်ကို စဉ်းစားတွေးတောနေသူဖြစ်၏။

မြန်မာလူမျိုးစုများ ကျွန်ဘဝမှ လွတ်မြောက်ရေး၊ မြန်မာနိုင်ငံ လွတ်လပ်သော နိုင်ငံတစ်နိုင်ငံ ဖြစ်တည်လာရေးအတွက် တိုင်းရင်းသား စည်းလုံးညီညွတ်မှုသည် လိုအပ်၏။

တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲနေသဖြင့် နယ်ချဲ့ဗြိတိသျှတို့က မြန်မာနိုင်ငံအား ကိုလိုနီကျွန်ပြုနိုင်ခဲ့ခြင်းဖြစ်သည်။

တိုင်းရင်းသားစည်းလုံးညီညွတ်မှု ကင်းမဲ့ခဲ့သဖြင့် နယ်ချဲ့တို့ မြန်မာနိုင်ငံအား အလွယ်တကူသိမ်းပိုက်နိုင်ခဲ့ခြင်းဖြစ်သည်။

"ရေကြောင့်ဖြစ်သည့် ရွှံ့နှင့် အညစ်အကြေးအား ရေနှင့်ပင် ပြန်လည်ဆေးကြောသန့်စင်နိုင်သည်"

ဟု ဓမ္မပဒတွင် ပြဆိုခဲ့သလို၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ကင်းမဲ့ခဲ့သဖြင့် နယ်ချဲ့ဗြိတိသျှတို့က မြန်မာနိုင်ငံအား ကျွန်ပြုနိုင်ခဲ့သလို ယင်းသို့ကျွန်ပြုသည့် နယ်ချဲ့ဗြိတိသျှတို့အား တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့်သာ ပြန်လည်တွန်းလှန်တိုက်ခိုက် အနိုင်ယူနိုင်သည်ဟု ယုံကြည်သည်။

ယင်းသို့ တိုက်ပွဲဝင်နိုင်ရန်အတွက် ဖရိုဖရဲနှင့် ချစ်ကြည်မှုပြိုကွဲနေသည့် တိုင်းရင်းသားများ ပြန်လည်စည်းလုံးညီညွတ်လာစေရန် ခေါင်းဆောင်မှုစွမ်းရည်နှင့် စည်းရုံးရမည်ဖြစ်၏။

---

စိတ်ကူးသစ်စာပေ

"ငါ့နိုင်ငံနဲ့လူမျိုး လွတ်လပ်ရေးအတွက် ကြိုးစားစွမ်းဆောင်မယ်"

ဟု ဗိုလ်ချုပ် ဆုံးဖြတ်ခဲ့၏။

ယင်းသို့ ဆုံးဖြတ်ခဲ့သဖြင့်လည်း ဗိုလ်ချုပ်သည် စွမ်းဆောင်ကြိုးပမ်းနိုင်သည့် ခေါင်းဆောင်ကောင်း ကျင့်စဉ်၊ ကျင့်ဝတ်အား ကြိုးစားစွမ်းဆောင်ယူခဲ့၏။

စင်စစ် ဗမာနှင့် တိုင်းရင်းသားလူမျိုးစုများ ယုံကြည်လက်ခံသည့် ခေါင်းဆောင်တစ်ဦးဖြစ်ရန် လွယ်ကူလှသည် မဟုတ်။ သာမန်အရည်အချင်းနှင့် မရနိုင်။

ကိုယ်ကျိုးစွန့်ရမည်။ ဖွဲ၊ သတ္တိရှိရမည်။ ကိုယ်ကျိုးရှာသူ မဖြစ်စေရ။ ယင်းအတွက် ကိုယ်ကျင့်တရားသည် အရေးကြီးသည်။ ကိုယ်ကျင့်သိက္ခာပြည့်စုံရန် လို၏။

ကြောက်စိတ်မရှိစေရ။

ယုံကြည်မှု၊ ယုံကြည်ချက် ပြည့်စုံရမည်။

မှန်ရာကို ပြောဆိုရဲသည့်သတ္တိရှိရမည်။

ဗိုလ်ချုပ်သမိုင်းအား ပြန်ကြည့်လျှင် ဗိုလ်ချုပ်သည် ငယ်စဉ်ဘောင်ကျေး ကလေးဘဝကတည်းက သူများနှင့်မတူ တစ်မူထူးခြားသည့် အမှုအကျင့်ရှိသူဖြစ်ကြောင်း တွေ့ရမည်ဖြစ်သည်။

ဗိုလ်ချုပ်သည် ကလေးဘဝကပင် လိမ်ညာသည်ကို နှစ်သက်သူမဟုတ်။ လိမ်ညာပြောသည်ကိုလည်း နှစ်သက်လက်ခံသူမဟုတ်။

✻✻✻

## [၂]

❑

ဗိုလ်ချုပ်နှင့်ပတ်သက်၍ ဆရာတက္ကသိုလ်နေဝင်း (ဗိုလ်ထွန်းလှ၊ ဗိုလ်ချုပ်အပါးတော်မြဲ) က ပြောဖူး၏။

"ဗိုလ်ချုပ်ဟာ ငါ့ဆရာမို့လို့ ပြောတာမဟုတ်ဘူး။ ဗိုလ်ချုပ်ဟာ လိမ်ညာပြောတာ မကြိုက်ဘူး။ ပြောရရင် မုသားမပါ လက်သမရှောဆိုတဲ့ စကားကိုတောင် လက်ခံသူမဟုတ်ဘူးကွ"

ဟု ပြောဖူး၏။

မှန်သည်။

ဗိုလ်ချုပ်သည် ငယ်စဉ်တောင်ကျေး ကလေးဘဝကတည်းက လိမ်ညာမပြောခဲ့။ မုသားစကား မဆိုခဲ့။ မုသားပြောခြင်း၊ လိမ်ညာခြင်းကို မကြိုက်ခဲ့ချေ။

ငယ်စဉ်က မိခင်ဖြစ်သူ စကားမှား၍ မုသားပြောသလို ဖြစ်ခဲ့သည်ကိုပင် လက်မခံခဲ့။


"အမေက လိမ်တာကိုး"

ဟု ရဲရဲတင်းတင်း ပြန်ခဲ့သူဖြစ်၏။



ဖခင်ဦးအောင်ဆန်းနှင့် မိခင်ဒေါ်ခင်ကြည်တို့မှ
သားဦး အောင်ဆန်းဦးဖွားမြင်ပြီးနောက် တွေ့ရစဉ်

စိတ်ကူးသစ်စာပေ



သမီးအောင်ဆန်းစုကြည်အား ဖွားမြင်ပြီးနောက်
ဗိုလ်ချုပ်အောင်ဆန်းအား မိသားစုနှင့်အတူ တွေ့ရစဉ်

စိတ်ကူးသစ်စာပေ



တက္ကသိုလ်ကျောင်းသားသမဂ္ဂဥက္ကဋ္ဌဘဝ အောင်ဆန်း

ဗိုလ်ချုပ်သည် သူ့ဘဝတစ်လျှောက်လုံး ရိုးသားဖြောင့်မတ်ခြင်းနှင့် ရဲရဲဝံ့ဝံ့ပြတ်သားခြင်းအား လက်ကိုင်ထားခဲ့သည်။

"လူတစ်ယောက်မှာ ကိုယ်ကျင့်တရားကောင်းဖို့နဲ့ မှန်ရာကို ရဲရဲဝံ့ဝံ့ပြောရဲဖို့ အလိုအပ်ဆုံးပဲ"

ဟု အစဉ်အမြဲပြောခဲ့သူဖြစ်၏။ သူက ပြောသလိုလည်း ကိုယ်တိုင်ကျင့်သုံးခဲ့သူဖြစ်၏။

ပြီးတော့ ဗိုလ်ချုပ်သည် ဘယ်အရာကိုမျှလည်း ရည်ရွယ်ချက်မဲ့လုပ်သူမဟုတ်။ ဗိုလ်ချုပ်ဘဝတွင် လွတ်လပ်ရေးရရှိရန်အရေးသည် အဓိက အရေးကိစ္စဖြစ်သကဲ့သို့ ကြိုးစားပမ်းစား လုပ်ခဲ့သူဖြစ်၏။ ဖွဲ့၊ လှုံ့ဆော်မလျှော့ခဲ့သူဖြစ်သည်။

ဗိုလ်ချုပ်သည် တိုင်းပြည်နှင့်လူမျိုး လွတ်လပ်ရေးအတွက် ရည်ရွယ်ချက်နှင့် လုပ်သူပီပီ၊ ပညာရေးတွင်လည်း ရည်ရွယ်ချက်နှင့် ကြိုးစားခဲ့သည်။

ထို့ကြောင့် ကျောင်းသားဘဝတွင် အတန်းကျော်တက်ရခြင်း၊ ပညာသင်ဆုများ ရရှိခဲ့ခြင်းသည် သက်သေဖြစ်၏။

"နယ်ချဲ့ဗြိတိသျှတွေကို တွန်းလှန်တိုက်ခိုက်နိုင်ဖို့အတွက် သူတို့ရဲ့စာကို ကျွမ်းကျင်စွာ တတ်မြောက်ဖို့လိုတယ်။ နယ်ချဲ့စာကို ကျွမ်းကျင်ထားခြင်းကြောင့် သူ့စာနှင့် သူ့အကြောင်းကို လေ့လာသိရှိနိုင်တယ်"

ဟု ပြော၏။

ဗိုလ်ချုပ်စကားသည် မမှားပါ။ ဗိုလ်ချုပ်သည် နယ်ချဲ့ဗြိတိသျှတို့အား တိုက်ခိုက်တွန်းလှန်ရန်၊ လွတ်လပ်ရေး အရယူရန် ဆန္ဒစိတ်ဓာတ်ရှိသူဖြစ်သဖြင့် နယ်ချဲ့ဗြိတိသျှတို့သုံးစွဲသည့် အင်္ဂလိပ်စာအား အထူးကျွမ်းကျင်အောင် လေ့လာဆည်းပူးခဲ့သည်။

"ငါတို့ အင်္ဂလိပ်စာနှင့်စကားကို တတ်ကျွမ်းနားလည်ဖို့ လိုတယ်။ ဒါမှ သူတို့ ဘာပြောတယ်၊ ဘာလုပ်တယ်ဆိုတာကို သိနိုင်မယ်။ သူတို့စာ၊

သူတို့စကားတတ်မှ သူတို့ဆဲတာလည်း သိမယ်လေ။ သူတို့လျှို့ဝှက်ချက်လည်း နားလည်နိုင်မယ်"

ဗိုလ်ချုပ်က ဗိုလ်ထွန်းလှအား ပြောခဲ့၏။ ဗိုလ်ချုပ်က အင်္ဂလိပ်စာ၊ စကား ကျွမ်းကျင်သူ။

## ကျောင်းသားခေါင်းဆောင် သခင်အောင်ဆန်း

ဗိုလ်ချုပ်အောင်ဆန်းက အမှန်တရားကို မြတ်နိုးသူ၊ အမှန်တရားအတွက် အရောရာအား ရဲရဲဝံ့ဝံ့ ရင်ဆိုင်ရဲသူဖြစ်၏။

ဗိုလ်ချုပ်အောင်ဆန်းသည် အထက်တန်းကျောင်းသားဘဝက တယူသန်သူတစ်ဦးအဖြစ် ထင်ရှားခဲ့သလို တက္ကသိုလ်ရောက်ပြီး အိုးဝေမဂ္ဂဇင်းအား တာဝန်ခံအယ်ဒီတာအဖြစ် တာဝန်ယူရတော့ ထက်မြက်သူတစ်ဦးအဖြစ် ထင်ပေါ်ခဲ့၏။

ဗိုလ်ချုပ်အောင်ဆန်းသည် အိုးဝေမဂ္ဂဇင်းတွင် အယ်ဒီတာဖြစ်ပြီး အိုးဝေမဂ္ဂဇင်းတွင် ပါဝင်ခဲ့သည့် "ယမမင်း" အမည်နှင့် ရေးသားသည့် "ငရဲခွေးကြီးလွတ်နေပြီ" ဆောင်းပါးအား ထည့်သွင်းဖော်ပြလိုက်သည့်နောက်ပိုင်း ထင်ရှားသူဘဝသို့ စတင်ခဲ့ရသည်။

၁၉၃၆ ခုနှစ်၊ တက္ကသိုလ်ကျောင်းသားသပိတ်သည် အောင်ဆန်း အိုးဝေမဂ္ဂဇင်းအယ်ဒီတာဘဝမှ မျက်နှာဖြူကျောင်းအုပ်ကြီးအား ရဲရဲဝံ့ဝံ့ အယ်ဒီတာကျင့်ဝတ်နှင့်အညီ ပြုလုပ်ခဲ့ခြင်းမှ စခဲ့သည်။

"အောင်ဆန်း... မောင်မင်း "ယမမင်း" ဘယ်သူဆိုတာ ဖော်ထုတ်မပေးဘူးဆိုရင် မောင်မင်းကို ကျောင်းထုတ်ရလိမ့်မယ်"

ဟု ဆိုခဲ့သလို...

"ကျောင်းအုပ်ကြီး ကြိုက်နှစ်သက်သလို ဆောင်ရွက်နိုင်ပါတယ်။

ကျွန်တော်ကတော့ ကျွန်တော့်တာဝန်အတွက် ဘယ်လိုမှ ရှောင်မှာမဟုတ်ပါဘူး"

ဟု တုံ့ပြန်ခဲ့၏။

ထို့ကြောင့် မျက်နှာဖြူကျောင်းအုပ်ကြီး မစ္စတာဆလော့ဒ်သည် တက္ကသိုလ်အာဏာပိုင်များအား ဝေဖန်ခဲ့သည့် ဆောင်းပါးအား ထည့်သွင်းဖော်ပြခြင်း၊ ဆောင်းပါးရှင် မည်သူဆိုသည်ကို ထုတ်ဖော်မပြောခြင်းတို့ကြောင့် အောင်ဆန်းအား ကျောင်းထုတ်ခဲ့သည်။

အောင်ဆန်းအား ကျောင်းထုတ်ခဲ့ခြင်းအတွက် ကျောင်းသားသမဂ္ဂနှင့် ကျောင်းသားထုသည် မခံမရပ်နိုင်ဖြစ်ပြီး ၁၉၃၆ ခုနှစ်၌ သပိတ်မှောက်ခဲ့၏။

၁၉၃၆ ခုနှစ် ကျောင်းသားသပိတ်တွင် အောင်ဆန်းသည် ခေါင်းဆောင်တစ်ဦးဖြစ်ခဲ့သလို ကျောင်းသားများအောင်ပွဲရခဲ့သည်။ တက္ကသိုလ်အာဏာပိုင်အဖွဲ့တို့သည် သပိတ်မီးက အလျှံညီးညီး တောက်လောင်လာသဖြင့် နောက်ဆုံးတွင် တက္ကသိုလ်အာဏာပိုင်တို့ တစ်ထစ်ရှော့ရသည်။

ကျောင်းထုတ်ခံရသည့် အောင်ဆန်းအား ပြန်လည်ကျောင်းတက်ခွင့်ပြုရရုံမက အောင်ဆန်းတောင်းဆိုချက်နှင့် တက္ကသိုလ်ဥပဒေအချို့ကိုပင် ပြန်လည်ပြုပြင်ပေးခဲ့ရသည်။

သို့သော် ထိုအချိန်တွင် အောင်ဆန်းသည် ပညာရေးထက် နိုင်ငံရေးကို စိတ်ဝင်စားမှု ပိုလာ၏။ ကျွန်ပညာရေးအား ဆန့်ကျင်ပြီး မြန်မာနိုင်ငံအား နယ်ချဲ့ကျွန်ပြုခဲ့သည့် ဗြိတိသျှအစိုးရအား ဆန့်ကျင်တော်လှန်ရန် ပို၍ စိတ်သန်ခဲ့သည်။

သည့်အခါ အောင်ဆန်းသည် တို့ဗမာအစည်းအရုံးသို့ ဝင်ခဲ့၏။ သခင်အောင်ဆန်းဟု ခံယူသည်။

တို့ဗမာအစည်းအရုံးမှ မျိုးချစ်စိတ်ဓာတ် ပြင်းထန်ပြီး အလုပ်ကို မနေမနား ကြိုးစားလုပ်သည့်အတွက် အောင်ဆန်းအား တို့ဗမာအစည်းအရုံး၏ အထွေထွေအတွင်းရေးမှူးတာဝန်ပေးခဲ့သည်။

အထွေထွေအတွင်းရေးမှူးတာဝန်အား ယူလိုက်လျှင် မျိုးချစ်စိတ်ဓာတ် ပြင်းထန်ပြီး နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးအာရုံ၌ စူးရလာသဖြင့် မြန်မာပြည်လွတ်လပ်ရေးရပြီး မြန်မာတိုင်းရင်းသားလူမျိုးတို့ ကျွန်ဘဝမှ လွတ်မြောက်ရေးအတွက် အချိန်ပြည့် လုပ်ဆောင်ရန် ကျောင်းသင်ခန်းအား ကျောခိုင်းခဲ့သည်။

တို့ဗမာအစည်းအရုံးတွင် အချိန်ပြည့် အလုပ်လုပ်ခဲ့သည်။



[၃]

❑

အောင်ဆန်းက မြန်မာပြည်၏ ဆုံးရှုံးခဲ့သည့် လွတ်လပ်ရေးအား ပြန်လည်ရယူရန် စိတ်ဓာတ်ပြင်းထန်နေသကဲ့သို့ မြန်မာတိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်မှုနှင့်သာ လွတ်လပ်ရေးအား ရယူနိုင်မည်။

မြန်မာပြည်လွတ်လပ်ရေးအတွက် မြန်မာလူမျိုးတို့၏ စိတ်နှလုံးအတွင်း၌ နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်မြောက်ရေးစိတ်ဓာတ် ပြင်းထန်လာစေရန် စည်းရုံးလှုံ့ဆော်ရေးလုပ်ငန်းအား မနားမနေ လုပ်ခဲ့သည်။

တိုင်းရင်းသားလူမျိုးစုများကိုယ်တိုင်ကလည်း နယ်ချဲ့ဗြိတိသျှတို့အား တော်လှန်ရန် စိတ်ပြင်းထန်နေကြပြီ။

ယင်းသို့ နယ်ချဲ့ဗြိတိသျှတို့အား ထိရောက်စွာ တွန်းလှန်နိုင်ရန် စုစည်းညီညွတ်မှုလိုသည်ဟူသော အသိကြောင့် နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်မြောက်ရေးစိတ်ဓာတ် ပြင်းထန်နေသည့် နိုင်ငံရေးအဖွဲ့အစည်းတို့သည် တစ်ဦးတည်း၊ တစ်ဖွဲ့တည်း ဆန့်ကျင်နေခြင်းထက် အမျိုးသားရေးအသိအပြည့်နှင့် နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်မြောက်

သခင်အောင်ဆန်း(ဗိုလ်ချုပ်အောင်ဆန်း)(သို့မဟုတ်)နိုင်ငံသစ်မွေးဖွားပေးခဲ့သူ ● ၁၃၇

ရေးအတွက် အသင်းအဖွဲ့များ စုပေါင်းကာ မြန်မာ့လွတ်လပ်ရေးအတွက် "ဗမာ့ထွက်ရပ်ဂိုဏ်း" အား ထူထောင်ခဲ့၏။

"ဗမာ့ထွက်ရပ်ဂိုဏ်း" တွင် ဒေါက်တာဘမော်သည် ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခံရပြီး သခင်အောင်ဆန်းသည် အထွေထွေအတွင်းရေးမှူး ဖြစ်ခဲ့သည်။

သည့်အခါတွင်လည်း အောင်ဆန်းသည် နေ့နေ့ညည မြန်မာ့လွတ်လပ်ရေးအတွက် စိတ်အားထက်သန်နေသူဖြစ်သဖြင့် နယ်လှည့်တရားပွဲများနှင့် ပြည်သူလူထုအား စည်းရုံးခဲ့၏။

အောင်ဆန်းက ကျောင်းသားသမဂ္ဂတွင် ထက်မြက်ရဲရင့်သူဖြစ်သကဲ့သို့ သခင်အောင်ဆန်းအဖြစ် နိုင်ငံရေးလောကတွင်းသို့ ခြေချဝင်လိုက်ပြန်တော့လည်း နယ်လှည့်တရားပွဲများ၌ ရဲရဲတောက်မိန့်ခွန်းများနှင့် ပြည်သူလူထုအား စည်းရုံးနိုင်ခဲ့သဖြင့် ထင်ရှားသည့် နိုင်ငံရေးသမားအဖြစ် ရပ်တည်နိုင်ခဲ့၏။



## [၄]

❑

သခင်အောင်ဆန်း၏ ရဲရင့်ထက်မြက်သည့် စည်းရုံးဟောပြောမှုများကြောင့် မြန်မာလူထုသည် နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်မြောက်ရေးစိတ် ပြင်းထန်ခဲ့၏။

မြန်မာလူထုစိတ်ဓာတ် ပြင်းထန်ခဲ့သလို နေရာတကာ လူထုအုံကြွမှုများ ဖြစ်ပေါ်ခဲ့သဖြင့် နယ်ချဲ့ဗြိတိသျှအစိုးရ အကြပ်အတည်းတွေ့ခဲ့ရသည့်နည်းတူ နိုင်ငံရေးလှုပ်ရှားမှုထက်မြက်သည့် အောင်ဆန်းအား နှိပ်ကွပ်ရန် နယ်ချဲ့ဗြိတိသျှတို့ စီစဉ်ရပြီ။

ထိုစဉ် သခင်အောင်ဆန်းက "ဖလွန်မြို့ ဒေါင့်ကြီး" တရားပွဲ၌ နယ်ချဲ့ဗြိတိသျှတို့ တားမြစ်ထားသည့် ချင်းတောင်အကြောင်းအား ဟောပြောကာ စည်းရုံးတရားဟောသဖြင့် ဆုတော်ငွေ (၅) ကျပ်တင်၍ နှိမ်နင်းခဲ့သလို သခင်အောင်ဆန်းအား ဖမ်းဆီးထိန်းသိမ်းရန် မြေလှန်ရှာကြပြီ။

သခင်အောင်ဆန်းသည် နယ်ချဲ့ဗြိတိသျှ စပ်ပုလိပ်များနှင့် ရဲထောက်များ၏ အဖမ်းအဆီးကို မခံရလေအောင် ပုန်းလျှိုးကွယ်လျှိုးနေရသဖြင့် တော်လှန်ရေးလမ်းစဉ် ပြောင်းလဲရန် ဆုံးဖြတ်ခဲ့ပြီ။

ထိုတော်လှန်ရေးလမ်းစဉ်က အခြားမဟုတ်။

ပြည်ပအကူအညီယူ၍ နယ်ချဲ့ဖြိတိသျှတို့အား လက်နက်ကိုင်တော်လှန်ရန်ဖြစ်သတည်း။

လက်နက်ကိုင်တော်လှန်ရေးသမား ဗိုလ်ချုပ်အောင်ဆန်း သို့မဟုတ် လွတ်လပ်ရေးဖိသုကာ ဗိုလ်ချုပ်အောင်ဆန်း

ဗိုလ်ချုပ်အောင်ဆန်း၏ လက်နက်ကိုင်တော်လှန်ရေးဆင်နွှဲရန် ဆုံးဖြတ်ခဲ့ခြင်းနှင့် ပတ်သက်၍ သခင်နုပြောသည့်စကားသည် မှတ်သားဖွယ်ဖြစ်၏။ ထိုစကားက အခြားမဟုတ်။

"အောင်ဆန်းဟာ ရဲရင့်ပြတ်သားသလို ရှေ့ရေးမျှော်တွေးနိုင်စွမ်းသူလည်းဖြစ်တယ်။ အရာရာကို ယထာဘူတကျကျ စဉ်းစားနိုင်သူလည်းဖြစ်တယ်။ အောင်ဆန်းဟာ ဖမ်းဆီးထိန်းသိမ်းခံရခြင်းမှ ရှောင်ရှားနေခဲ့တဲ့အတွက် ကိုယ်တိုင် စဉ်းစားမရဖြစ်ဖူးတယ်"

"အောင်ဆန်းက သူ အဖမ်းမခံချင်တာ၊ ထောင်ကျမခံချင်တာ၊ ထောင်ကျမှာ ကြောက်လို့မဟုတ်ဘူး။ ထောင်ထဲမှာနေရတဲ့အတွက် တန်ဖိုးရှိတဲ့အချိန်တွေ ဆုံးရှုံးမှာစိုးလို့လို့ ပြောတယ်။ ကိုယ်တိုင် အရင်က ဘဝင်မကျဘူး။ ဒါပေမဲ့ ကိုယ်တိုင် ထောင်ထဲမှာနေရမှ အောင်ဆန်းပြောတာ မှန်ကြောင်းသိတယ်။ ပြီးတော့ အောင်ဆန်းသာ လက်နက်ကိုင်တော်လှန်ရေး မဆင်နွှဲဘူးဆိုရင် ရဲဘော်သုံးကျိပ်ဟာ ပေါ်လာနိုင်စရာမရှိသလို နယ်ချဲ့ဆန့်ကျင်ရေး ဖက်ဆစ်ဆန့်ကျင်ရေးအောင်ပွဲတွေလည်း ရလာမှာမဟုတ်ဘူး။ အောင်ဆန်းရဲ့ ရဲရင့်ပြတ်သား အမြော်အမြင်ကြီးမှုတွေကြောင့် ခုလို မြန်မာနိုင်ငံ လွတ်လပ်ရေးရခဲ့တာပဲ"

ဟုဖြစ်သည်။

မှန်သည်။

သခင်အောင်ဆန်းသည် မြန်မာပြည် လွတ်လပ်ရေးအတွက် ပြည်ပအကူအညီရယူကာ လက်နက်ကိုင်တော်လှန်ရေးဆင်နွဲရန် ဆုံးဖြတ်ပြီးသည်နှင့် မြန်မာနိုင်ငံတွင်းမှ ရှဝ်ဖျက်ကာ "ဟိုင်းလီသင်္ဘော" နှင့် ထွက်ခွာခဲ့သည်။

အစပထမရည်ရွယ်ချက်မှာ တရုတ်ပြည် ကွန်မြူနစ်ပါတီဥက္ကဋ္ဌ မော်စီတုံး၏ တရုတ်ပြည်လွတ်မြောက်ရေးတပ်မတော်နှင့် တွေ့ဆုံအကူအညီယူရန် ရည်ရွယ်ချက်ရှိသော်လည်း အကောင်အထည် မဖော်နိုင်ခဲ့။

ဂျပန်တပ်မတော်မှ ကာနယ်ဆူဇူကီးနှင့်တွေ့ပြီး ကာနယ်ဇူစူကီး၏ အကူအညီဖြင့် ဂျပန်တပ်မတော်နှင့် တွေ့ဆုံအကူအညီယူခဲ့၏။ ထို့ကြောင့် ဗိုလ်ချုပ်ကိုယ်တိုင်ဦးစီးပြီး ရဲဘော်သုံးကျိပ်နှင့် ဟိုင်နန်ကျွန်း၌ စစ်ပညာသင်ခွင့်ရခဲ့၏။

ဗမာ့လွတ်လပ်ရေးတပ်မတော်အား ဖွဲ့စည်းနိုင်ခဲ့၏။ ဗိုလ်တေဇအမည် ခံယူခဲ့၏။

ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သည့် "ဗမာ့လွတ်လပ်ရေးတပ်မတော်" သည် ဂျပန်တပ်မတော်နှင့် ပူးပေါင်းပြီး နယ်ချဲ့ဗြိတိသျှတို့အား တော်လှန်အောင်ပွဲဆင်နိုင်ခဲ့၏။

ဗိုလ်ချုပ်အောင်ဆန်းက ဗမာပြည်လွတ်လပ်ရေးအတွက် အာသာပြင်းပြသူဖြစ်သကဲ့သို့ ပြည်သူလူထုအား စာနာထောက်ထားသူဖြစ်သည်။ ပြည်သူ့ဒုက္ခအား ဥပေက္ခာပြုသူမဟုတ်။ ဂျပန်အကူအညီကြောင့် နယ်ချဲ့ဗြိတိသျှတို့အား တော်လှန်အောင်ပွဲစံနိုင်ခဲ့သော်လည်း ဂျပန်တို့သည်၊ မြန်မာနိုင်ငံအား ရွှေရေစိမ်လွတ်လပ်ရေးပေးသူ၊ မြန်မာပြည်သူလူထုအား အမျိုးမျိုး နှိပ်စက်ညှင်းပန်းသူဖြစ်သဖြင့် နောက်ဆုံး ဖက်ဆစ်ဂျပန်တို့အား တော်လှန်ခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ဖက်ဆစ်တော်လှန်ရေးပြီးသည့်နောက် ဖ.ဆ.ပ.လ အဖွဲ့ချုပ်အား ထူထောင်ပြီး လွတ်လပ်ရေးအတွက် အရှိန်မြှင့်အလုပ်လုပ်ရန် တပ်မတော်မှ နုတ်ထွက်ခဲ့သည်။

## [၅]

❑

ဗိုလ်ချုပ်အောင်ဆန်းသည် နိုင်ငံရေးလောကတွင်းသို့ ခြေစုန်ပစ်ဝင်ခဲ့ပြီးနောက် လွတ်လပ်ရေးအတွက် အချိန်ပြည့် အလုပ်လုပ်ခဲ့သည်။ မြန်မာလူမျိုးများ လွတ်လပ်ရေးအတွက် ကြိုးစားဆောင်ရွက်လိုစိတ်၊ ညီညွတ်ပေါင်းစည်းကြိုးစားလိုစိတ် ပြင်းပြလာစေရန် တစ်ဖက်မှ ဗြိတိသျှမဟာမိတ်တို့ နားလည်မှုယူပြီး တစ်ဖက်မှ စည်းရုံးရေး ညီညွတ်ရေးအတွက် မနားတမ်း ကြိုးစားဆောင်ရွက်ခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်း၏ ကြိုးစားမှု၊ စွမ်းဆောင်မှု၊ ပြည်သူတို့ နိုးကြားလာကြသဖြင့် နောက်ဆုံး ဗြိတိသျှအစိုးရမှ လွတ်လပ်ရေးအတွက် ဆွေးနွေးရန် အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့သို့ ဖိတ်ခေါ်ခဲ့ရ၏။

ဗိုလ်ချုပ်သည် လွတ်လပ်ရေးသရဖူအား တစ်နှစ်အတွင်း ဆောင်းနိုင်မည်ဟု ပြည်သူလူထုအား ကတိပေးခဲ့သလို ဗြိတိသျှဝန်ကြီးချုပ် မစ္စတာအက်တလီနှင့်လည်း မြန်မာပြည်လွတ်လပ်ရေးအတွက် ဆွေးနွေးနိုင်ခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်း၏ ကြိုးစားစွမ်းဆောင်မှုသည် အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့တွင် မစ္စတာအက်တလီနှင့် "အောင်ဆန်းအက်တလီ" စာချုပ်အား ချုပ်ဆိုနိုင်ခဲ့ပြီ။

မြန်မာပြည်သူပြည်သားတို့အားလည်း တစ်နှစ်အတွင်း လွတ်လပ်ရေးပေးမည်ဟု ဗိုင်နိုင်စွာ ပြောဆိုနိုင်ခဲ့သည်။ တောင်တန်းဒေသနေ တိုင်းရင်းသားသွေးချင်းများနှင့် သမိုင်းဝင် ပင်လုံစာချုပ်အား ချုပ်ဆိုနိုင်ခဲ့သလို တိုင်းပြုပြည်ပြု လွှတ်တော်အား ခေါ်ဆိုနိုင်ပြီး မြန်မာနိုင်ငံ လွတ်လပ်ရေးအတွက် အရေးပါသည့် တိုင်းရင်းသားချစ်ကြည်ရေးအား ရယူပြီး ဖွဲ့စည်းပုံ အခြေခံဥပဒေအားလည်း ရေးဆွဲနိုင်ခဲ့ပြီဖြစ်သည်။

ပြည်သူလူထုအား ဗိုလ်ချုပ် ကတိပြုခဲ့သလို ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်နေ့တွင် မြန်မာနိုင်ငံသည် အချုပ်အခြာပိုင်သည့် လွတ်လပ်သောနိုင်ငံအဖြစ် ကြေညာနိုင်ခဲ့သည်။

သို့သော် မြန်မာနိုင်ငံ လွတ်လပ်ရေးအတွက် ဘဝနှင့်ရင်းကာ ကြိုးစားခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်းသည် နယ်ချဲ့လက်ပါးစေ မသမာသူတို့၏ လက်ချက်ဖြင့် ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ (၁၉) ရက်နေ့တွင် ကျဆုံးကွယ်လွန်ခဲ့သည်မှာ ဝမ်းနည်းဖွယ်ဖြစ်သကဲ့သို့ မြန်မာနိုင်ငံအတွက်လည်း ကြီးမားသည့် ဆုံးရှုံးမှုတစ်ရပ်ဖြစ်သတည်း။

ကိုး -

၁။ ဗိုလ်ချုပ်အောင်ဆန်း (ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ)

၂။ အမှတ်တရ ဗိုလ်ချုပ်အောင်ဆန်း၊ တက္ကသိုလ်နေဝင်း



ရဲတပ်ဗိုလ်ချုပ်ကြီးဟောင်း ဆာမောင်ကြီး
(သို့မဟုတ်)
တပ်မတော်နိဒါန်းပုံရိုက်ထွင်ခဲ့သူ

[ ၁ ]

❑

ထိုပုဂ္ဂိုလ်ကြီးအား အချို့က ဆရာမောင်ကြီးဟု သိကြသလို၊ အချို့က အမ်အေမောင်ကြီးဟု သိကြသည်။

သူ့ကို မြန်မာသက္ကရာဇ် ၁၂၄၇ ခုနှစ် (၁၈၈၆ ခု) တွင် ပဲခူးခရိုင်၊ ရွှေကျင်မြို့၌ မွေးဖွားသည်။

အသက် (၂၁) နှစ်အရွယ်၌ အမ်အေဘွဲ့ကို ရခဲ့၏။ ဤအချိန်အခါမှစ၍ "အမ်အေမောင်ကြီး" ဟု တွင်ခဲ့သည်။

ဦးမောင်ကြီးက ပညာရေး၌ ထူးချွန်သူ။ ၁၉၁၁ ခုနှစ် သူ၏အသက် (၂၅)နှစ်အရွယ်၌ လန်ဒန်မြို့မှ ဝတ်လုံဘွဲ့ရခဲ့သည်။

ဝိုင်၊ အမ်၊ ဘီ၊ အေ ခေါ် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းတွင်လည်း ဦးဘဖေ (ဘကြီးဘဖေ)၊ ဒေါက်တာ ဘရင်တို့နှင့်အတူ တက်ကြွစွာ ပါဝင်ခဲ့သည့် ပုဂ္ဂိုလ်ကြီးလည်းဖြစ်သည်။

ထို့ကြောင့် သုတေသီတို့က ဆရာမောင်ကြီးသည် မြန်မာပြည်သူပြည်သားများ နိုင်ငံရေးမျက်စိ ပွင့်လာစေရန်၊ မျိုးချစ်စိတ်ဓာတ် တက်ကြွလာစေရန် မျိုးစေ့ချပေးခဲ့သူများထဲတွင် တစ်ဦးအပါအဝင်ဟု မှတ်ချက်ချ၏။

ဆာမောင်ကြီးက လူငယ်များအား မျိုးချစ်စိတ်ဓာတ် ရင့်သန်စေလိုသည်။ နိုးကြားတက်ကြွစေလိုသည်။ ထို့ကြောင့် ၁၉၂၉ ခုနှစ်၌ မြန်မာနိုင်ငံ အပျော်တမ်းရဲတပ်ဖွဲ့အား စတင်တည်ထောင်ခဲ့သည်။

ကိုယ်တိုင် ရဲတပ်ဖွဲ့ဗိုလ်ချုပ်ကြီးအဖြစ် ပါဝင်ခဲ့သူလည်း ဖြစ်သည်။ သူက ဇာတိမာန်နှင့် မျိုးချစ်စိတ်ဓာတ် တက်ကြွလာစေရန် ရှေ့ဆောင်လမ်းပြပြီး ရဲသီချင်းများဖြင့် လူငယ်များအား နိုးဆွပေးခဲ့သူ ရှေ့တန်းခေါင်းဆောင်တစ်ဦးဖြစ်သည်။

❀❀❀

[၂]

❑

ထိုစဉ်က ဆာမောင်ကြီးအား "ရဲတပ်ဗိုလ်ချုပ်" ဟု မသိသူမရှိ။ သူနှင့်နာမည်တူအဖြစ် ထိုအချိန်က မောင်ကြီး (၃)ဦးရှိခဲ့၏။

(၁) ဆာဂျေအေမောင်ကြီး၊

(၂) ဆာမောင်ကြီး (ခေါ်) အမ်အေမောင်ကြီး။

(၃) လယ်တီပဏ္ဍိတဦးမောင်ကြီး
(နောင် အမ်အေမောင်ကြီးဟု ခေါ်ကြသည်)

ဆာဂျေအေမောင်ကြီးသည် မြန်မာပြည် ခေတ္တဘုရင်ခံဖြစ်ခဲ့ပြီး အစိုးရအရာထမ်း၊ အမှုထမ်းများ အသိများသူ၊ ဝန်ထမ်းလောကတွင် ရေပန်းစားသူဖြစ်သည်။

ရဲဝိုလ်ချုပ် ဆာမောင်ကြီး (အမ်အေမောင်ကြီး) ကမူ လူကြီးလူ ငယ်မရွေး သိသူဖြစ်၏။

ဆာမောင်ကြီးက အမျိုးသားစိတ်ဓာတ် ပြင်းထန်သူ၊ အမျိုးသား ရေးအမြင်ရှိသူဖြစ်သဖြင့် ၁၉၂၀ ခုနှစ် ပထမဆုံးတက္ကသိုလ်ကျောင်းသား သပိတ်မှောက်မှု ပေါ်ပေါက်လာသည့်အခါ ဗိုအမ်အီး (ခေါ်) အမျိုးသား ပညာရေး အဖွဲ့ချုပ်ကြီး၌ ဥက္ကဋ္ဌအဖြစ် ပါဝင်ဆောင်ရွက်ခဲ့သည်။

ဝံသာနုလုပ်ငန်းများ၌လည်း စိတ်ပါလက်ပါ အားကြိုးမာန်တက် လုပ်ကိုင်ခဲ့သူဖြစ်သည်။ ရှေ့ဆောင်ဦးရွက် ဆောင်ရွက်ခဲ့သူဖြစ်သည်။

ထို့အတူ ရန်ကုန်တက္ကသိုလ်၏ ဥပဒေကထိကအဖြစ်လည်း ဆောင်ရွက်ခဲ့သူတည်း။

ဆာမောင်ကြီး၏ ဘဝသမိုင်းအား ပြန်ကြည့်လျှင် သူက မင်းတိုင် ပင်အမတ်အဖြစ်လည်းကောင်း၊ ပညာရေးဝန်ကြီးအဖြစ်လည်းကောင်း၊ အထက်လွှတ်တော်ဥက္ကဋ္ဌအဖြစ်လည်း ကျရာတာဝန်အား ကျေပွန်စွာ ဆောင်ရွက်ခဲ့သူဖြစ်၏။

ထို့ပြင် ဆာမောင်ကြီး (အမ်အေမောင်ကြီး) သည် ဘုရင်ခံ၏ အတိုင်ပင်ခံဝန်ကြီးနှင့် တရားလွှတ်တော်ချုပ် တရားဝန်ကြီးအဖြစ်လည်း တာဝန်ယူ ထမ်းဆောင်ခဲ့သည်။

ထို့ကြောင့် သူ "ဆာ" ဘွဲ့ရခဲ့၏။

သို့ဖြစ်၍ ဆာမောင်ကြီးဟု အမည်တွင်ခဲ့သည်။

၀၀၀

## [၃]

❑

ဆာမောင်ကြီးသမိုင်းအား ပြန်ကြည့်လျှင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် ကြိုးပမ်းစဉ် ဆာမောင်ကြီးသည် ဗိုလ်ချုပ်အောင်ဆန်း၏ လွတ်လပ်ရေးကြိုးပမ်းမှု၌ အဓိကကျသည့် အစိတ်အပိုင်းများမှ ပါဝင်ခဲ့၏။

တိုင်းရင်းသား စည်းလုံးညီညွတ်မှုအတွက် စည်းရုံးရာ၌လည်းကောင်း၊ ပင်လုံစာချုပ် ဖြစ်မြောက်ရေးအတွက်လည်း အရေးကြီးသည့် အစိတ်အပိုင်းမှ ပါဝင်ခဲ့သူဖြစ်သည်။ တက်ကြွစွာ ပံ့ပိုးကူညီ ပါဝင်ခဲ့သူဖြစ်သည်။

သူက လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလက ဗိုလ်ချုပ်နှင့် လက်တွဲခဲ့သူဖြစ်သလို လွတ်လပ်ရေးရပြီး ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ချုပ်ကြီးနေဝင်းဦးစီးသည့် တော်လှန်ရေးအစိုးရလက်ထက်၌လည်း ဗြိတိန်ဆိုင်ရာ မဟာမင်းကြီးအဖြစ် တာဝန်ယူခဲ့သည်။

ယင်းနောက် သံအမတ်အဖြစ် ဆက်လက်ခန့်ထားခြင်း ခံရသူ၊ ထို့နောက် ဆာမောင်ကြီးသည် အိန္ဒိယပြည်ဆိုင်ရာ မြန်မာသံအမတ်အဖြစ် ပြောင်းရွှေ့ခန့်ထားခြင်း ခံရသူဖြစ်၏။

"ကျုပ် ကျန်းမာရေးမကောင်းတော့လို့ တာဝန်က အနားယူလိုက်ရတာ။ ကျန်းမာနေရင် ကျုပ်အရိုး ကျုပ်သယ်နိုင်တဲ့အထိ နိုင်ငံတာဝန်ထမ်းဆောင်နေမှာ"

ဟု ဆိုခဲ့သူ။


ဆရာမောင်ကြီးသည် ကျန်းမာရေးအတွက် အနားယူနေသည့်ကြားမှ ဗိုလ်ချုပ်ကြီးနေဝင်း အစိုးရလက်ထက် ၁၉၇၁ ခုနှစ်၌ အမျိုးသားရွေးရတုသဘင်ကြီး ကျင်းပရာ နာယကကြီးအဖြစ် ပါဝင်ခဲ့၏။

၎င်းကား ဆရာမောင်ကြီး၏ နောက်ဆုံးတာဝန်ယူမှုပင်။ ယင်းနှင့် ဇူလိုင်လ (၁၆)ရက်နေ့ ဆရာမောင်ကြီးအသက် (၈၆) နှစ်သို့အရောက် လူကြီးရောဂါဖြင့် မြို့အမှတ် (၁၁၃)၊ ပြည်လမ်း၊ ရန်ကုန်၌ ကွယ်လွန်အနိစ္စ ရောက်ခဲ့သည်။

ꩻ

စာကိုး -

- မြန်မာ့စွယ်စုံကျမ်း၊ တွဲ (၉)၊ ပ - ကြိမ်
- နန်းဌေး(မော်လမြိုင်)၊ နန်းဦးစွယ်စုံကျမ်း



နန်းရင်းဝန်ဟောင်း ဦးပု

(သို့မဟုတ်)

နိုင်ငံရေးမှလွဲ၍

---

စိတ်ကူးသစ်စာပေ

[ ၁ ]

❑

မြန်မာ့နိုင်ငံရေးဇာတ်ခုံတွင် ထုသားပေသားကျအောင် ဇွပ်းဆောင်ခဲ့သူ၊ နိုင်ငံရေးအတွက် စွန့်လွှတ်စွန့်စားသူတစ်ဦးဖြစ်သည်။

သို့နှယ်ပင် နယ်ချဲ့ဖြိုတိသျှတို့၏ ၉၁ ဌာနအုပ်ချုပ်ရေးလက်အောက်၌ နိုင်ငံရေးခေါင်းဆောင်တစ်ဦးအဖြစ် ထင်ရှားခဲ့သူလည်း ဖြစ်သည်။

သူက နန်းရင်းဝန်ဖြစ်ခဲ့ဖူးသူ "နန်းရင်းဝန်ဦးပု"။

ထိုစဉ်အခါက နိုင်ငံရေးလောက၌ ဦးပု (၂) ဦးရှိခဲ့၏။ သာယာဝတီဦးပုနှင့် ရွှေကျင်ဦးပုဖြစ်၏။

ရွှေကျင်ဦးပုမှာ နန်းရင်းဝန်ဦးပုဖြစ်၏။

နန်းရင်းဝန်ဦးပုသည် ပဲခူးခရိုင် (ယခုပဲခူးတိုင်း) ရွှေကျင်မြို့၌ မြန်မာသက္ကရာဇ် ၁၂၄၃ ခုနှစ်၊ နတ်တော်လဆန်း (၁၅)ရက်၊ တနင်္လာနေ့တွင် ဖွားမြင်၏။

ဦးပုအား မွေးဖွားပြီး (၄)နှစ်အကြာ မြန်မာတို့၏ ဦးကင်းဘုရင်သီပေါနှင့်မိဖုရားနှစ်ပါး ပါတော်မူခဲ့သည်။

မြန်မာနိုင်ငံ ထီးကျိုးစည်ပေါက် ပြည်ပျက်ပြီး နိုင်ငံနယ်ချဲ့ဗြိတိသျှလက်အောက် ကျရောက်ခဲ့သည်။ ဦးပု၏မျိုးရိုးကာပင် ကုန်သည်မျိုးရိုးဖြစ်၏။

ဦးပုသည် မွေးရပ်ဌာနေဖြစ်သည့် ရွှေကျင်မြို့ရှိ အစိုးရအလယ်တန်းကျောင်း၌ ပညာရည်နို့ စတင်သောက်စို့ခဲ့သည်။ ဦးပုအသက် (၁၃) နှစ်အရွယ်၌ သတ္တမတန်းအား စကောလားရှစ်ခေါ် ပညာသင်ဆုနှင့် ထူးချွန်စွာ အောင်မြင်ခဲ့သည်။

ရွှေကျင် အစိုးရအထက်တန်းကျောင်းသို့ ပြောင်းရွှေ့ပညာသင်သည်။ ခရစ်နှစ် ၁၈၉၇ ခုနှစ်၌ ဘင်္ဂလားတန်းခေါ် ဆဌတန်းအား ထူးချွန်စွာ အောင်မြင်ခဲ့သည်။

စကောလားရှစ်ခေါ် ပညာသင်ဆုလည်း ရခဲ့သည်။

(၁၀) တန်းစာမေးပွဲအား အောင်မြင်တော့ ဦးပု (မောင်ပု) အသက်သည် (၁၆)နှစ်ရှိပြီ။

မောင်ပုက ကြိုးစားသူဖြစ်သဖြင့် ကလကတ္တားတက္ကသိုလ်မှ ကြီးကြပ်ကွပ်ကဲ၍ စစ်ဆေးသည့် ကောလိပ်ဝင်ခွင့်စာမေးပွဲအားလည်း စကောလားရှစ်နှင့်ပင် ထူးချွန်စွာ အောင်မြင်ခဲ့သည်။

၁၈၉၈ ခုနှစ်၌ ရန်ကုန်ကောလိပ်သို့ တက်ရောက်ပညာသင်ကြားရာ ၁၉၀၂ ခုနှစ်၌ ဘီအေခေါ် ဝိဇ္ဇာတန်းအား အောင်မြင်ခဲ့သည်။

ဦးပုတို့ ဘီအေနောက်ဆုံးနှစ် ဖြေသောအခါ ဖြေဆိုသူအားလုံးပေါင်းမှ မြန်မာတစ်ပြည်လုံး (၃၀) သာရှိခဲ့၏။ အောင်စာရင်းထွက်သောအခါ ဦးပုနှင့် ကျောင်းသား (၃)၊ (၄) ဦးသာ အောင်မြင်ခဲ့၏။

ဦးပုသည် ဘီအေအောင်ပြီး ဝိဇ္ဇာဘွဲ့ရပြီးနောက် ကျောင်းမှထွက်ခါ ရှေ့နေအဖြစ် လုပ်ကိုင်ဆောင်ရွက်ခဲ့သည်။ ဦးပု၏သမိုင်း ဖြတ်သန်းမှုကိုသုံးသပ်လျှင် ဦးပုသည် ရှေ့နေဘဝက ရှေ့နေလိုက်နေစဉ် ရှီနိုးခြင်းကိစ္စ၊ ဘုရားထူးခြင်းကိစ္စ၊ ဖိနပ်ချွတ်ခြင်းကိစ္စ စသည် နိုင်ငံနှင့် ဘာသာ၊ သာသနာအကျိုးကိစ္စများတွင် စေတနာနှင့် လိုက်ပါဆောင်ရွက်ပေးကြောင်း အမှတ်အသားများလည်း ရှိသည်။

⇐ ⇒

## [ ၂ ]

❑

ဦးပုသည် အမြင်ကျယ်သူဖြစ်သည်။ အစဉ်အမြဲ မျက်စိဖွင့်၊ နား ဖွင့်ကာ တိုင်းရေးပြည်ရေး ကိစ္စများအား အစဉ်အမြဲ တစေ့တစောင်း လေ့လာအကဲခတ်နေ၏။

ယင်းသို့ အမြင်ကျယ်သူ၊ မျိုးချစ်စိတ်ပြည့်ဝသူဖြစ်သဖြင့် ဦးဘဖေ၊ ဦးမောင်ကြီး၊ ဒေါက်တာဘရင်၊ ဦးလှဖေတို့ ဦးစီးကာ ဝိုင်အမ်ဘီအေခေါ် ဝုဒ္ဓဘာသာ ကလျာဏယုဝအသင်း ထူထောင်သောအခါအသင်း၌ ပါဝင် ခြင်း မပြုသေးသော်လည်း အစဉ်အမြဲ အားပေးကူညီ၏။

အသင်းသူ၊ အသင်းသားများနှင့်လည်း အကျွမ်းတဝင်ရှိသူ ဖြစ်ခဲ့ သည်။

ဦးပုသည် ၁၉၀၇ ခုနှစ်၌ ဥပဒေပညာသင်ကြားရန် ဘိလပ်သို့ ထွက်ခွာခဲ့သည်။ သူနှင့်အတူ ဘိလပ်၌ ပညာသင်ကြားနေသူများမှာ -

(၁) ဦးမောင်ကြီး၊
(၂) ဦးမေမအောင်၊
(၃) ဒေါက်တာဘရင်၊

စသည့်ပုဂ္ဂိုလ်များဖြစ်သည်။ သူတို့က မထင်မရှား ပုဂ္ဂိုလ်များဖြစ်၏။

ဦးပု အင်္ဂလန်၌ ပညာသင်ကြားနေစဉ် လစ်ဘရယ်ဂိုဏ်း၊ လေဘာဂိုဏ်း စသော နိုင်ငံရေးဂိုဏ်းများနှင့် အဖွဲ့အစည်းများ၊ ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ချက်များအား တွေ့မြင်ခဲ့ရသည်။

မိမိပါတီဘက်သို့ ပြည်သူများ ပါဝင်လာစေရန် စည်းရုံးပုံ၊ ပြည်သူလူထုတို့ အရေးကြီးသည့်ကဏ္ဍမှ ပါဝင်ခဲ့ပုံနှင့် ဘက်စုံအချက်များအား ဦးပု သေချာစွာ လေ့လာနိုင်ခဲ့သလို၊ လေ့လာခဲ့သည်။

ထို့ပြင် ဦးပုသည် ဥရောပနိုင်ငံအသီးသီး၏ နိုင်ငံရေးလှုပ်ရှားမှုများကိုလည်း လေ့လာခဲ့သည့်အပြင် အင်္ဂလန်ရှိ ပါလီမန်များအကြောင်းကိုလည်း လေ့လာခဲ့သည်။

မိမိနိုင်ငံနှင့် ကိုက်ညီသည့် ပုံစံများကိုလည်း စိတ်ကူးနှင့် ပုံဖော်ကြည့်မိ၏။

ထို့နောက် မြန်မာနိုင်ငံသို့ ပြန်ရောက်လျှင် နိုင်ငံရေးကိစ္စများအား ကိုယ်ဇိရင်ဖိ ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့သည်။

သို့ဖြင့် ဦးပုသည် ဥပဒေဘွဲ့ရရှိပြီးနောက် အင်္ဂလန်မှ မြန်မာပြည်သို့ ပြန်ခဲ့သည်။

ထထထ

## [၇]

❑

ဦးပု အင်္ဂလန်မှ မြန်မာပြည်သို့ ပြန်ရောက်သည်နှင့် ပထမဆုံး ဆောင်ရွက်ခဲ့သည်မှာ ဝိုင်အမ်ဘီအေခေါ် ဗုဒ္ဓဘာသာ ကလျာဏယုဝ အသင်းတွင် ဦးဖေအောင်နှင့်အတူ ပါဝင်ဆောင်ရွက်ခဲ့သည်။

ဝိုင်အမ်ဘီအေအသင်းသည်လည်း ခေတ်ပညာတတ် လူငယ်များ စွာ ပါဝင်လာခဲ့သဖြင့် တိုးတက်လာခဲ့သည်။ တစ်စတစ်စ ကျယ်ပြန့်လာပြီး လူသိများလာခဲ့သည်။ ဝိုင်အမ်ဘီအေအသင်းသည် အမျိုးဘာသာ သာသနာနှင့် ပညာရေးကိစ္စများအား ဦးတည်ဆောင်ရွက်သည့်အသင်း ဖြစ်ခဲ့ သည်။

၁၉၁၁ ခုနှစ် နှစ်ဦးပိုင်း၌ အိန္ဒိယဘုရင်ခံချုပ် လော့ဒ်ကာဇင် မြန်မာ ပြည်သို့ ရောက်သောအခါ ရှေးဟောင်းပစ္စည်းများ၊ အဆောက်အအုံများ စောင့်ရှောက်ရေး ဥပဒေကြမ်းအား တင်သွင်းခဲ့သည်။

ထိုဥပဒေကြမ်းအား ဝိုင်အမ်ဘီအေ၏ ခေါင်းဆောင်တစ်ဦးဖြစ် သည့် ဦးဘဖေ (ဘကြီးဘဖေ) က သဘောတူ ထောက်ခံခဲ့၏။

မော်လမြိုင်သူဌေး ဦးသာညွှန်းက ကန့်ကွက်ခဲ့၏။

ဦးသာညွှန်း။

သူက မော်လမြိုင်မှ သာသနာ့ဓရ အသင်းခေါင်းဆောင်တစ်ဦး ဖြစ်သည့်အပြင် မြို့မျက်နှာဖုံးပုဂ္ဂိုလ်ကြီးတစ်ဦးလည်း ဖြစ်၏။ နိုင်ငံရေးတွင် ထင်ရှားသည့် ဦးချစ်လှိုင် (သမ္မတ) ၏ ဖခင်လည်း ဖြစ်သည်။

ယင်းသမို့ ဦးဘဖေက သူရိယသတင်းစာမှ –

"ရှေးဟောင်းအဆောက်အအုံနှင့် ပစ္စည်းများအား ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး အက်ဥပဒေအား ကန့်ကွက်ကြသော သာသနာ့ဓရ အသင်းလူကြီးများသည် သင်ပုန်းကြီးမှ နားလည်ကြရဲ့လား"

ဟု ရေးသားဖော်ပြခဲ့၏။

ယင်းသို့ ဦးဘဖေက ရေးသားသဖြင့် သူဌေးဦးသာညွှန်းက "အသရေဖျက်မှု ပုဒ်မ ၅၀၀ ဖြင့် ဦးဘဖေအား တရားစွဲရာ ဦးပုကိုယ်တိုင် ရှေ့နေအဖြစ် ဦးဘဖေဘက်မှ လိုက်ပါဆောင်ရွက်ခဲ့သည်"

ဝတ်လုံတော်ရ ဦးပုမှ သူဌေးဦးသာညွှန်းအား "ကောဒေဝပုတ္တ" တပိုဒ်အား ရေးခိုင်းရာ ဦးသာညွှန်း ရေးသော်လည်း သင်ပုန်းကြီးပါအတိုင်း မဟုတ်။ သတ်ပုံသတ်ညွှန်း မမှန်ဘဲ ကဘောက်တိကဘောက်ချာ ရေးထားသည်ကို တွေ့ရ၏။

ဦးပုသည် ဤအချက်အား အခွင့်ကောင်းယူကာ ရုံးတော်၌ လျှောက်လွှဲချက်ပေးပြီး အနိုင်ယူခဲ့၏။

ထိုအမှု၌ ဝတ်လုံအဖြစ် လိုက်ပါခဲ့သော်လည်း အခကြေးငွေအဖြစ် တစ်ပြားတစ်ချပ်မှ မယူခဲ့ချေ။

၁၉၁၂ ခုနှစ်၌ ဝတ်လုံတော်ရ ဦးပုသည် သူရိယသတင်းစာတွင် ရှယ်ယာဝင်ခဲ့ပြီး ဒါရိုက်တာလူကြီး (၅)ဦးအနက် ဥပဒေအကြံပေးပုဂ္ဂိုလ် အဖြစ် ပါဝင်ဆောင်ရွက်ခဲ့သည်။

ဒါရိုက်တာလူကြီး (၅)ဦးမှာ –

၁။ ဦးသွင် (ဆောဦးသွင်)

၂။ စပါးပွဲစားကြီး ဦးဘိုအောင်

၃။ ဝတ်လုံတော်ရ ဦးပု

၄။ ဦးလှဖေ

၅။ ဦးဘဖေ (ဘကြီးဘဖေ)

တို့ ဖြစ်ကြသည်။

## [၄]

❑

ဦးပုသည် ဉာဏ်အမြော်အမြင်ကြီးသူဖြစ်သဖြင့် ဝိုင်အမ်ဘီအေ အသင်းမှ နိုင်ငံရေးလှုပ်ရှားမှုများအား တိုင်းပြည်သိအောင် ပြသခဲ့သည်။ ယင်းသို့ ပြသခဲ့သဖြင့်လည်း ပြည်သူတို့ သိပြီး စိတ်ဝင်စားမှု ပိုခဲ့သည်။

ဦးပု၏ ဂုဏ်သတင်းသည်လည်း တစ်နေ့တခြား တိုးတက်လာ၏။

၁၉၁၈ ခုနှစ်၊ ဧပြီလ။

မွန်တေဂူချမ်းစဖို့ အစီရင်ခံစာထွက်ခဲ့ပြီးနောက် ဒုတိယဘုရင်ခံ ကရက်ဒေါက်ဦးစီး၍ မြန်မာနိုင်ငံအား အုပ်ချုပ်စေ၏။

ကရက်ဒေါက်သည် စီမံကိန်းရေးဆွဲ၍ အုပ်ချုပ်သဖြင့် ၁၉၁၉၊ ဩဂုတ်လ၌ လှုထုမခံမရပ်ဖြစ်ကာ အုံကြွလာခဲ့သည်။

ဘိလပ်သို့ ကိုယ်စားလှယ်လွှတ်ရန် ရွေးချယ်ရာ ဦးပု၊ ဦးဘဖေ၊ ဦးထွန်းရှိန်တို့ (၃)ဦးအား ရွေးချယ်ခဲ့၏။ ဦးပုသည် ဘိလပ်သွား ကိုယ်စားလှယ်အဖွဲ့၏ ခေါင်းဆောင်ဖြစ်၏။

ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ "သပြေနုရိုန် ဖေပုရှိန်" လေးချိုး အရေးတသားကြောင့် ဖေ၊ ပု၊ ရှိန် ဟု ထင်ရှားခဲ့ခြင်းဖြစ်သည်။

ဦးပုသည် အများအားဖြင့် ဥရောပဝတ်စုံအား ဝတ်ဆင်လေ့ရှိ၏။

ဘိလပ်သို့သွားရာ အသွားအပြန် (၇)လကြာ၏။ ၁၉၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ (၆) ရက်၌ မြန်မာပြည်သို့ ပြန်ရောက်ခဲ့၏။

❑

နယ်ချဲ့ဗြိတိသျှတို့၏ ပါးနပ်သော အုပ်ချုပ်မှုကြောင့် အဖွဲ့အစည်းများ ဖရိုဖရဲ အကွဲအပြဲဖြစ်ခဲ့ရာ ဦးပုက ဒိုင်အာခီအုပ်ချုပ်ရေးအား လက်ခံသော (၂၁) ဦးတွင် ပါဝင်ဆောင်ရွက်ခဲ့၏။

ဦးပု (၂၁) ဦးပါတီ ဝင်ခဲ့ခြင်းသည် ဒိုင်အာခီပြီးမှ ဟုမ်းမရူးအား ဆက်တောင်းမည်ဟူသော ရည်ရွယ်ချက်ဖြင့် (၂၁) ဦးပါတီတွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

သို့သော် ဦးပုသည် ဒိုင်အာခီမလိုချင်သော ဦးချစ်လှိုင်ဂိုဏ်းဝင် ဆရာတော်ဦးဥတ္တမအား နယ်ချဲ့ဗြိတိသျှက တရားစွဲရာ ဦးပုက ဦးဥတ္တမဘက်မှ ဝတ်လုံဦးအောင်ကြီး၊ ဦးစိန်လှအောင်တို့နှင့် တွဲဖက်၍ လိုက်ခဲ့ခြင်းဖြစ်သည်။

"ဒိုင်အာခီအုပ်ချုပ်ရေး လက်မခံတာကြောင့် သဘောကွဲလွဲခဲ့ပေမဲ့ ကျွန်တော်တို့ဟာ အင်္ဂလိပ်မုန်းတီးရေးမှာတော့ တစ်သဝေ [illegible] တည်းပဲ။ ဒီ

အမှုကို လိုက်ပါဆောင်ရွက်တာ တစ်နည်းပြောရရင် မျိုးချစ်စိတ် ပီသမှုကို ပြလိုက်တာပဲ"

ဦးပုက ပြောသည်။

ဦးပုသည် မျိုးချစ်စိတ်ဓာတ် ပြင်းထန်သူဖြစ်သဖြင့် ၁၉၂၁ ခုနှစ် မြန်မာပြည်သို့ ဝေလမင်းသား တိုင်းခန်းလှည့်လည်ရာတွင် သပိတ်မှောက် ဆန့်ကျင်ခဲ့သူလည်း ဖြစ်သည်။

သို့သော် ၁၉၂၂ ခုနှစ် ဒိုင်အာခီအုပ်ချုပ်ရေး မြန်မာပြည်၌ ပြုလုပ်သောအခါ မင်းတိုင်ပင်အဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရသည်။

ယင်းနောက် ဝန်ကြီးချုပ် (၄) နေရာအနက် သစ်တောရေးရာ ဝန်ကြီးချုပ်အဖြစ် ရွေးချယ်ခံခဲ့ရသည်။ ထိုစဉ်က ဝန်ကြီးချုပ်လစာမှာ (၅၀၀၀) ကျပ်ဖြစ်သည်။

❑

၁၉၂၅ ခုနှစ်တွင် ကျင်းပသည့် ဒုတိယအကြိမ် ရွေးကောက်ပွဲ၌လည်းကောင်း၊ ၁၉၂၈ ခုနှစ်၌ ကျင်းပသည့် တတိယအကြိမ် ရွေးကောက်ပွဲ၌လည်းကောင်း။ ၁၉၃၂ ခုနှစ်တွင် ကျင်းပသည့် စတုတ္ထအကြိမ် ရွေးကောက်ပွဲ၌လည်းကောင်း (၃) ကြိမ်တိုင်တိုင် မင်းတိုင်ပင်အဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရသည်။

ထို့အတူ လွှတ်တော်ဥက္ကဋ္ဌအဖြစ်လည်း တာဝန်ယူဆောင်ရွက်ခဲ့ရ၏။

ဦးပုသည် (၉၁) ဌာနအုပ်ချုပ်ရေးကျင်းပသည့် ၁၉၃၆ ခုနှစ်၌ ဒေါက်တာဘမော်ဦးစီးသည့် ညွန့်ပေါင်းအစိုးရလက်ထက်၌ အစွန်တော် ဌာနဝန်ကြီးအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၃၆ ခုနှစ် ဒေါက်တာဘမော်အစိုးရ ပြုတ်ကျသည့်အခါ ညွန့်ပေါင်းအစိုးရအား ဦးပုခေါင်းဆောင်ခဲ့ရသည်။

နန်းရင်းဝန်ရာထူးအား လက်စံဆောင်ရွက်ခဲ့ရ၏။

ဤသို့ဖြင့် ဦးပုသည် မြန်မာပြည်မလွတ်လပ်မီ သက်တမ်းတစ်လျှောက်လုံး အစိုးရအဖွဲ့နှင့် လွှတ်တော်၊ လွှတ်တော်နှင့် အစိုးရအဖွဲ့အတွင်း ကျက်စားခဲ့သူဖြစ်သည်။

ဤသို့ဖြင့် နိုင်ငံရေးသံသရာ၌ ကျင်လည်ပြီး နန်းရင်းဝန်အဖြစ် ထင်ရှားခဲ့သည်။ ဦးပုသည် အသက် (၉၄) နှစ်သို့အရောက် ၁၉၇၁ ခုနှစ်၊ ဖေဖော်ဝါရီ (၂၈) ရက်နေ့တွင် ဗဟ္တုလစ်ရိပ်သာလမ်းအိမ်၌ ကွယ်လွန်သည်။

တကိုး -

- မြန်မာ့နိုင်ငံရေးကို ကိုင်လှုပ်သူ ထိုသုံးဦး။
- (လှကွန့်) ပ-ကြိမ် ၁၉၇၆။



ဂျူနီဦးစော

(သို့မဟုတ်)

ယုံစားခြင်းနှင့် ယုံမှားခဲ့သူ

စိတ်ကူးသစ်စာပေ

# [၁]

❑

ဂျွန်ဦးစောသည် မြန်မာနိုင်ငံရေး သမိုင်းစဉ်တွင် သမိုင်းမလှပသူဖြစ်၏။ သို့သော် သူက အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် …

"ကိုစောဟာ တကယ့်လူတော်တစ်ယောက်ပါ။ သူမှာ ဖွဲ့လုံ့လနဲ့ စွမ်းဆောင်ကြိုးစားနိုင်စွမ်း အပြည့်ရှိတယ်။ အင်္ဂလိပ်စကားပြောကောင်းပြီး သာမန်အောက်တန်းရှေ့နေဘဝက နန်းရင်းဝန်အဖြစ်ရောက်ခဲ့တဲ့ လူတော်တစ်ဦးပါ"

ဟု ချီးမွမ်းခံရသူဖြစ်သည်။ သူ့ဘဝသမိုင်းကို ဆန်းစစ်ကြည့်လျှင် သူသည် ဖွဲ့လုံ့လနှင့် စွမ်းဆောင်ရေး မြင့်မားသူလည်းဖြစ်သည်။

❧၀၀၀☙

## [၂]

❑

ဂျွန်ဦးစော ...

အဘယ်ကြောင့် ဂျွန်ဦးစောအမည် တွင်ခဲ့သည်ကို အထောက်အထား ခိုင်ခိုင်မာမာ မတွေ့ရ။

နယ်ချဲ့အင်္ဂလိပ် အုပ်စိုးစဉ် မြန်မာနိုင်ငံတွင် အထင်ကရ အရေးတော်ပုံဖြစ်သည့် တောင်သူလယ်သမားအရေးတော်ပုံခေါင်းဆောင် ဂျွန်ဆရာစံ၏ ဂျွန်တပ်ဖွဲ့ဝင်တို့အား တရားစွဲဆိုရာ ဦးစော၊ ဂျွန်တပ်သားတို့ဘက်မှ ရှေ့နေလိုက်ခဲ့သဖြင့် ဂျွန်ဦးစောဟု မည်စွဲပြုသည်ဟု ဆိုသော်လည်း မှတ်တမ်းခိုင်ခိုင်မာမာ မတွေ့ရ။

ဂျွန်ဆရာစံ၏ ထင်ပေါ်မှုအရိပ်ခိုကာ ဂျွန်ဦးစောဟု မည်စွဲပြုခဲ့သည်လားမသိ။

ဂျွန်ဦးစောသည် မြန်မာနိုင်ငံရေးသမိုင်းစဉ်တွင်မှု အမည်ဆိုးနှင့် ထင်ရှားရှင်သန်ခဲ့သူဖြစ်၏။

ဂျွန်ဦးစောသည် ကြို့ပင်ကောက်အပိုင်တွင်ရှိပြီး လူဆိုးလူမိုက်ပေါသည်ဟု နာမည်ကြီးလျက်ရှိသည့် ကိုင်စုရွာသားဇာတိဖြစ်၏။

ဦးစောသည် ဘွဲ့ဒီဂရီရသူမဟုတ်။ အတန်းပညာကိုမူ ခုနစ်တန်း အောင်ရုံသာ သင်ခဲ့ရသူဖြစ်၏။

သို့သော် ဦးစောက အင်္ဂလိပ်စာတော်သူ၊ အင်္ဂလိပ်စကားပြော ကောင်းသူ။

အသက်မွေးဝမ်းကျောင်းအလုပ်အဖြစ် ဒေါက်တန်းရှေ့နေ အလုပ်ဖြင့် အသက်မွေးခဲ့သူ။

ဂျွန်ဦးစော၏ ဘဝမှတ်တမ်းအဖြစ် နိုင်ငံရေးသုတေသီတို့က …

ဂျွန်ဦးစောသည် ငယ်စဉ်တောင်ကျေး ကလေးဘဝကတည်းက ရည်မှန်းချက်ကြီးသူဖြစ်သည်။ ဇွဲ၊ လုံ့လ၊ ဝီရိယရှိသူဖြစ်သည်။ နိုင်ငံရေး ဝါသနာထုံ၏။ ငယ်စဉ်ကျောင်းသားဘဝက တစ်ဦးတည်း နေလေ့ရှိသူ၊ စာဖတ်သူ။

အားလပ်ချိန်၌ စကားပြော၊ တရားဟော လေ့ကျင့်နေသူ။

အင်္ဂလိပ်စကားပြောကောင်း၍ ဒေါက်တာဘမော်လိုပုဂ္ဂိုလ်နှင့် ရင်ဆိုင်ပြောနိုင်သူဖြစ်သည်။

ဟု မှတ်တမ်းပြုထားသည်ကို ဖတ်ရှုရဖူး၏။

ဦးစောသည် ရည်မှန်းချက်ကြီးသူ၊ အမြော်အမြင်ကြီးမားသူ၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု အပြည့်အဝရှိသူတည်း။

ဦးစောက ရည်မှန်းချက် အောင်မြင်ရေးအတွက် ယုံကြည်မှု၊ ဇွဲ၊ လုံ့လနှင့် တည်ဆောက်ခဲ့သည်ဟုပြောလျှင် မမှားနိုင်။

ပညာရေးတွင် ဘွဲ့မရသော်လည်း ရှိသည့်ပညာနှင့် ဘဝကို ပုံဖော် နိုင်သူပင်။

ဩဇာ၊ အာဏာနှင့် ဘဝကို ထူထောင်ရမည်ဟု ခံယူပုံရ၏။ ဦးစော သည် အသက်မွေးဝမ်းကျောင်းမှုအတွက် ဒေါက်တန်းရှေ့နေအလုပ်အား ရွေးချယ်ခဲ့သော်လည်း ရှေ့နေအဖြစ် ရုန်းကန်လှုပ်ရှားရင်း ဩဇာအတွက် အင်အားလိုသည်ဟု သုံးသပ်မိပုံရ၏။



တရားခွင်ပေါ်မှ နိုင်ငံတော်လုပ်ကြံမှု တရားခံ (၁)
ဂျွန်ဦးစော



ဂျွန်ဦးစော၏အပေါင်းပါ နိုင်ငံတော်လုပ်ကြံမှု တရားခံများ

ရှေ့နေဘဝတွင် ကျင်လည်ရင်းမှ နိုင်ငံရေးသမားများနှင့် ဆုံဆည်းခဲ့ရပြီး နိုင်ငံရေးလောကသို့ တိုးဝင်ရန် ဆုံးဖြတ်ခဲ့၏။

နိုင်ငံရေးလောကသို့ ရောက်လျှင် နိုင်ငံရေးအာဏာထူထောင်နိုင်ရန် အင်အားလိုကြောင်း သိခဲ့၏။

ရှေ့နေဘဝဖြင့် လူဆိုးလူမိုက်တို့အမှုများအား လိုက်ပါဆောင်ရွက်ရင်း အင်အားစုစည်းခဲ့၏။ လူဆိုးလူမိုက်တို့သည် မိမိအမှုအား လိုက်ပါကူညီသော ဦးစောအား ကျေးဇူးရှင်အဖြစ် သတ်မှတ်ပြီး တပည့်ခံသူအဖြစ် ရပ်တည်ခဲ့၏။

ဦးစောက အကြံရှိသူဖြစ်သဖြင့် ထိုသူများအား စည်းရုံးသိမ်းသွင်းခဲ့၏။

သို့နှင့် တပည့်တပန်းများ လာသည့်အခါ ဝါးရင်းတုတ်တပ်ဖွဲ့တစ်ခု ထူထောင်ခဲ့၏။

ဝါးရင်းတုတ်အဖွဲ့၏ တပ်ဖွဲ့ဝင်များသည် လူဆိုးလူမိုက်များဖြစ်သဖြင့် အသိဉာဏ်နည်းပါးကြ၏။ ပြဿနာတစ်ခုဖြစ်လျှင် ဦးစောက မားမားမတ်မတ် ရပ်တည်ပေးသဖြင့် လေးစားကြည်ညိုလာကြပြီ။

ဦးစောနိုင်းလျှင် မငြင်းသူ များလာ၏။ ဦးစောအတွက် အသက်စွန့်ရန် ဝန်မလေးသူတွေ ဒုနဲ့ဒေး။

သည့်အခါ မူလကတည်းက အကြံကြီးသောဦးစောသည် ဝါးရင်းတုတ်တပ်ဖွဲ့အား တိုးချဲ့ခဲ့၏။ ကျေးလက်တောရွာမှ မြို့သို့ ခြေဆန့်ရန် စီစဉ်ခဲ့၏။



ပြည်သူချစ်တဲ့ဗိုလ်ချုပ်



ဗိုလ်ချုပ်နှင့် ခေါင်းဆောင်များ
လုပ်ကြံခံရသည့် အစည်းအဝေးခန်းမ

စိတ်ကူးသစ်စာပေ

# [၃]

❑

ဦးစောသည် အမြော်အမြင်ရှိသလို ရည်ရွယ်ချက်ကြီးမားသူဖြစ်သဖြင့် အချိန်ကောင်း မျက်ခြည်မပြတ် အကဲခတ်နေ၏။

ထိုအချိန်က နယ်ချဲ့အင်္ဂလိပ်အား ပုန်ကန်ရန် နိုင်ငံရေးသမားတို့ လှုပ်ရှားမှုအရှိန် မြင့်မားနေချိန်ဖြစ်၏။ ပရိယာယ်ကြွယ်ပြီး ကောက်ကျစ်သည့်အကြံရှိသည့် နယ်ချဲ့အင်္ဂလိပ်တို့ကိုယ်တိုင် လက်ကိုင်တုတ်ကောင်းအား ရှာဖွေနေချိန်ဖြစ်၏။

ယင်းအချိန်တွင် ဦးစောသည် နိုင်ငံရေးလောကတွင်းသို့ ခြေစုန်ပစ်ဝင်ပြီး ကျေးလက်မှ မြို့ပြသို့ ခြေတစ်လှမ်းတိုးဝင်နေပြီ။

နယ်ချဲ့အင်္ဂလိပ်တို့၏ အသိုင်းအဝိုင်းသို့ ဝင်ဆန့်အောင် ကြိုးစားခဲ့သည်။ နယ်ချဲ့တို့ မျက်စိကျနိုင်သည့် လုပ်ကွက်များအား ဝါးရင်းတုတ်ကိုင်တစ်ဖွဲ့အကူအညီဖြင့် နယ်ချဲ့အင်္ဂလိပ်တို့ မျက်စိကျအောင် လုပ်ပြခဲ့၏။

ထို့ကြောင့် နယ်ချဲ့အင်္ဂလိပ်အစိုးရဦးစောအား မျက်စိကျခဲ့ပြီ။

တစ်နေ့ . . .

အင်္ဂလိပ်အစိုးရအာဏာပိုင်တို့နှင့် ဦးစော တွေ့ခဲ့သည်။

"ဒီကာနေ့ ရန်ကုန်မှာ လွှတ်ရှားကျက်စားနေတဲ့ နိုင်ငံရေးသမားတွေကို မောင်မင်းကိုယ်တိုင် နှိမ်နင်းခွင့်ရမယ်ဆိုရင် မောင်မင်း ဘာလုပ်မလဲ"

ပရိယာယ်နှင့်မေးလာသည့် မေးခွန်း။

ဦးစောက တည်ငြိမ်စွာ ပြုံးလိုက်သည်။

"သခင်ကြီးတို့ရဲ့ တာဝန်ပေးမှုအပေါ်မှာ မူတည်ပါတယ်"

"ကောင်းပြီ . . . မောင်မင်း၊ အင်္ဂလိပ်အင်ပါယာအရှင်ကို ထိပါးစော်ကားနေတဲ့ မြန်မာနိုင်ငံရေးသမားတွေကို ရှင်းလင်းဖို့ ကျွန်ုပ်တို့ မောင်မင်း ကို တာဝန်ပေးမယ်"

"စိတ်ချပါ . . . သခင်ကြီး၊ ကျွန်တော်မျိုး တာဝန်ယူပါတယ်။ အင်ပါယာရှင်ကို ထိပါးစော်ကားနေတဲ့ နိုင်ငံရေးသမားတွေ ကျွန်ုပ်ရဲ့ ဝါးရင်းတုတ်တပ်ဖွဲ့နဲ့ ကျူပင်ခုတ် ကျူငုတ်မကျန် ရှင်းလင်းဖို့ တာဝန်ယူပါတယ်"

ထို့နောက် ရေငတ်သူနှင့် ရေဆာသူတို့ ပလဲနံမ သင့်သွားလေပြီ။

အစကတည်းက အင်္ဂလိပ်အစိုးရ၏ အကူအညီဖြင့် မိမိကိုယ်မိမိ အင်အားထူထောင်ရန် အစီအစဉ်ရှိသူ၊ မိမိအား တာဝန်ပေးလျှင် တာဝန်ကျေပွန်စွာ ထမ်းဆောင်ရန် အကြံအစည်ရှိသူဖြစ်သဖြင့် နယ်ချဲ့အင်္ဂလိပ်အစိုးရမှ ထိုတာဝန်ပေးလျှင် တာဝန်အား ဦးလည်မသုန် ထမ်းရွက်ခဲ့သည်။

ဦးစော၏ စွမ်းဆောင်ချက်ကြောင့် ရန်ကုန်တွင် အင်္ဂလိပ်အစိုးရအား ပုန်ကန်ထိပါးနေသည့် နိုင်ငံရေးသမား အတော်များများ ကျဆုံးခဲ့သည်။

ဦးစောက အင်္ဂလိပ်အစိုးရ၏ သစ္စာခံလက်ပါးစေဖြစ်သကဲ့သို့ ဦးစော၏ ခါးပိုက်ဆောင်တပ်ဖြစ်သည့် ဝါးရင်းတုတ်တပ်ဖွဲ့တို့ကလည်း ဦးစောစိတ်တိုင်းကျ မျိုးချစ်နိုင်ငံရေးသမားတို့အား သုတ်သင်နှိမ်နင်းနိုင်ခဲ့သည်။

သို့ဖြင့် ဂျွန်ဦးစောသည် အင်္ဂလိပ်တို့၏ လက်ပါးစေဖြစ်ခဲ့သည်။ နယ်ချဲ့အင်္ဂလိပ်အစိုးရ၏ လက်ကိုင်တုတ်ဖြစ်ခဲ့သည်။ မြန်မာနိုင်ငံအား နယ်ချဲ့ကျွန်ပြုသည့် အင်္ဂလိပ်အစိုးရ အကျိုးဆောင်သူဘဝနှင့် ရစ်တည်နိုင်ရုံမက အင်္ဂလိပ်အစိုးရအလိုကျ မိမိလူမျိုး တော်လှန်ရေးသမားတို့အား နှိမ်နင်းသုတ်သင်ရင်း အင်္ဂလိပ်အစိုးရမှ ရှိုးမြှင့်မြှောက်စားခံခဲ့ရ၏။

အင်္ဂလိပ်အစိုးရကို အလိုလိုက် အကျိုးဆောင်ရင်း အင်္ဂလိပ်နယ်ချဲ့အစိုးရ၏ သူကောင်းပြုခံခဲ့သည့် နန်းရင်းဝန်ရာထူးအား လက်ခံခဲ့ရပြီ။

000

## [၄]

❑

မိမိအကျိုးစီးပွားအတွက်ဆိုလျှင် မိမိ၏ ပါဝါအာဏာထူထောင်နိုင်ဖို့အတွက်ဆိုလျှင် မည်သူ့ကိုမဆို နှိမ်နင်းသုတ်သင်ရန် ဝန်မလေးသည့် ဂျွန်ဦးစောသည် အစဉ်အမြဲ အင်္ဂလိပ်အစိုးရအလိုကျ အကြိုက်ဆောင်ရန် စိုင်းပြင်းနေ၏။

အင်ပါယာအရှင် အင်္ဂလိပ်အစိုးရ၏ အကြိုက်ဆောင် အလိုကျပြုနိုင်သဖြင့် မိမိဘဝ ဖွံ့ဖြိုးတိုးတက်နိုင်သည်ဟု ယုံကြည်ခဲ့သည်။ ဦးစောသည် အင်္ဂလိပ်အစိုးရအား ပုန်ကန်ခြားနားသူများအား သုတ်သင်ရှင်းလင်းရန် အမြဲတမ်း မျက်စိဖွင့် နားစွင့်ထား၏။

ထိုအတူ မိမိခါးပိုက်ဆောင် ဝါးရင်းတုတ်တပ်ဖွဲ့အားလည်း နေရာဒေသအသီးသီးတွင် ဖြန့်ကျက်ကာ နိုင်မာစွာတည်ဆောက်ထားခဲ့သည်။

ဦးစော ခါးပိုက်ဆောင်ဝါးရင်းတုတ်တပ်ဖွဲ့ကလည်း ဦးစောအလိုကျ အကြိုက်ဆောင်ရန် အင်အားကြီးမားစွာ ရပ်တည်နေပြီ။

ထိုအချိန်တွင် ဂျွန်ဦးစောနှင့် နန်းရင်းဝန်ပေါင်း ဒေါက်တာဘမော်တို့ ရင်ဆိုင်တွေ့ခဲ့ကြ၏။

ဂျွန်ဦးစောနှင့် ဒေါက်တာဘမော်တို့ ရင်ဆိုင်တွေ့ကြသည့်ပွဲက ဖဟန်းရပ်ကွက် တရားပွဲဖြစ်သည်။

အမြော်အမြင်ကြီးသူ၊ မိမိလုပ်ကိုင်ရသည့် အလုပ်အပေါ်တွင် တာဝန်ကျေသူ၊ နိုင်ငံရေးတွင်လုံးများနှင့် တန်ဆာဆင် လှုပ်ရှားတတ်သဖြင့် နန်းရင်းဝန်ဖြစ်ခဲ့သည့် ဒေါက်တာဘမော်သည် နယ်ချဲ့အင်္ဂလိပ်အစိုးရ အတွက် ဂုဏ်တင့်စွာ တာဝန်ယူခဲ့၏။

သို့သော် ဒေါက်တာဘမော်က မျိုးချစ်စိတ်ဓာတ် အပြည့်အဝရှိသူ ဖြစ်သည်။

ဒေါက်တာဘမော်သည် မိမိကိုယ်မိမိ ကြီးကျယ်မြင့်မားအောင် စီ စဉ်နေထိုင်ခြင်း၊ ပါဝါအာဏာထူထောင်ခြင်းများ ပြုလုပ်ခဲ့၍ အင်အားရယူခဲ့ သူဖြစ်သော်လည်း မျိုးချစ်စိတ်ဓာတ်ကမူ ပျက်သုဉ်းမသွားခဲ့။

ထို့ကြောင့် အင်္ဂလိပ်အစိုးရ၏ နန်းရင်းဝန်ဘဝမှ ပြုတ်သွားခဲ့သော် လည်း နိုင်ငံရေးအထီးကျန်သူ၊ နိုင်ငံရေးအကျည်းတန်သူ မဖြစ်ခဲ့။

မြန်မာနိုင်ငံရေးလောက၌ ဝံသာနုဆင်းရဲသားပါတီခေါင်းဆောင် အဖြစ် ထင်ရှားခဲ့သည်။

နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်မြောက်ရေးအတွက် စွမ်း စွမ်းတမံ ပြန်လည်ထမ်းဆောင်နိုင်ခဲ့သည်။

မြန်မာနိုင်ငံရေးအဖွဲ့အသီးသီးမှ နယ်ချဲ့အင်္ဂလိပ်တို့အား ပူးပေါင်း တော်လှန်ရန် နိုင်ငံရေးအဖွဲ့အသီးသီး ပူးပေါင်းရန် ဆုံးဖြတ်ခဲ့သည်။

"ဗမာ့ထွက်ရပ်ဂိုဏ်း" အား တည်ထောင်နိုင်ခဲ့သည်။

မြန်မာမျိုးချစ်နိုင်ငံရေးအဖွဲ့အသီးသီး၏ ပူးပေါင်းမှုအသီးအပွင့်ဖြစ် သည့် "ဗမာ့ထွက်ရပ်ဂိုဏ်း" တွင် ဒေါက်တာဘမော်သည် ဥက္ကဋ္ဌအဖြစ် ရွေး ချယ်တင်မြှောက်ခံရပြီး သခင်အောင်ဆန်း (ဗိုလ်ချုပ်အောင်ဆန်း) က အထွေထွေအတွင်းရေးမှူးအဖြစ် တာဝန်ယူရ၏။

ဒေါက်တာဘမော်က မျိုးချစ်စိတ်ပြင်းထန်သူဖြစ်သဖြင့် နယ်ချဲ့ ဆန့်ကျင်ရေး လှုပ်ရှားတရားပွဲများအား စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့၏။

ထို့ကြောင့် နယ်ချဲ့အင်္ဂလိပ်အစိုးရအတွက် ဒေါက်တာဘမော်သည် ခလုတ်ကန်သင်းတစ်ခုဖြစ်၏။ ဒေါက်တာဘမော်၏ စည်းရုံးရေးနှင့် ဆန့်ကျင်ရေးကြောင့် နယ်ချဲ့အင်္ဂလိပ်တို့၏ အုပ်ချုပ်ရေးတည်ငြိမ်မှု မရှိတော့။

သည်အခါ နန်းရင်းဝန်အဖြစ် တာဝန်ယူနေသည့် ဂျွန်ဦးစောသည် အင်ပါယာအရှင်တို့၏ အုပ်ချုပ်မှုယန္တရား မြင့်မားလာစေရန် ဒေါက်တာဘမော်အား ရှင်းလင်းရန် တာဝန်ယူဖြစ်နေပြီ။

ဒေါက်တာဘမော်အား ရှင်းလင်းလိုက်ခြင်းသည် အင်ပါယာအရှင် နယ်ချဲ့အင်္ဂလိပ်တို့၏ အုပ်ချုပ်ယန္တရား ခိုင်မာရေးဖြစ်သလို၊ မိမိအကျိုးအတွက်လည်း အရေးပါသဖြင့် ဗဟန်းရပ်ကွက် တရားပွဲ၌ ဒေါက်တာဘမော်အား ဝါးရင်းတုတ်အကူအညီဖြင့် ဖမ်းဆီးလိုက်ပြီ။

အစဉ်အမြဲ အကောက်ဉာဏ်ကြွယ်သည့် နန်းရင်းဝန် ဂျွန်ဦးစောသည် ဒေါက်တာဘမော်ကို ဖမ်းဆီးပြီး ထောင်ချခဲ့ရာတွင် ဒေါက်တာဘမော်အား ရန်ကုန်ထောင်၌ထားလျှင် နယ်ချဲ့ဆန့်ကျင်ရေး မျိုးချစ်နိုင်ငံရေးသမားတို့နှင့် အလွယ်တကူ ဆက်သွယ်နိုင်သည်ကို ကြိုတင်သိသဖြင့် ရန်ကုန်ထောင်တွင် ထိန်းသိမ်းထားခြင်း မပြုခဲ့။

ချက်ချင်း မိုးကုတ်ထောင်သို့ ပို့ခဲ့သည်။

နယ်ချဲ့အင်္ဂလိပ်တို့က ဒေါက်တာဘမော်သည် နယ်ချဲ့အင်္ဂလိပ်အစိုးရ၏ အုပ်ချုပ်မှုအတွင်းစည်းအား သိသဖြင့် နုတ်ပိတ်ကွပ်မျက်ရန် လျှို့ဝှက်အမိန့်ပေးခဲ့သည်။

သို့သော် ဒေါက်တာဘမော်သည် လျှို့ဝှက်မြေအောက်ဂိုဏ်းသားများအကူအညီဖြင့် လွတ်မြောက်သွားခဲ့သည်တည်း။

꧁꧂

## [ ၅ ]

❑

ဂျွန်ဦးစော၏ ဝါးရင်းတုတ်ကြွေးကြော်သံသည် ပျံ့လွင့်နေပြီ။

ဝါးရင်းတုတ်၏ နှိမ်နင်းမှုကြောင့် မျိုးချစ်နိုင်ငံရေးသမား အတော်များများသည်လည်း ဖမ်းဆီးခံနေရ၏။ ဦးစော နန်းရင်းဝန်ဖြစ်လျှင် ဝါးရင်းတုတ်တပ်သည် မျိုးချစ်နိုင်ငံရေးသမားတို့အား နှိမ်နင်းရာတွင် အထင်ရှားဆုံး အဖွဲ့အစည်းတစ်ခုအဖြစ် ရပ်တည်နိုင်မှာခဲ့ပြီ။

တစ်နေ့ ပုသိမ်မြို့မှ ဝါးရင်းတုတ်တပ်ဖွဲ့ဝင်တို့က ဗမာ့ထွက်ရပ်ဂိုဏ်းမှ ဒို့ဗမာအစည်းအရုံးဝင် ဆရာကြီး သခင်ကိုယ်တော်မှိုင်း၊ သခင်လှဘော်ကြီး (ဗိုလ်လက်ျာ)၊ သခင်လှဖေတို့ ရွာစဉ်လှည့်ကာ နယ်ချဲ့ဆန့်ကျင်ရေးတရားများ ဟောပြောနေကြောင်း ဂျွန်ဦးစောအား သတင်းပို့၏။

ဂျွန်ဦးစောလည်း အချိန်မဆွဲခဲ့။

"အင်ပါယာအရှင်တို့အတွက် ဒီကိစ္စကို အမြန်ဆုံးရှင်းကြ"

ဟု တစ်ချက်လွှတ် အမိန့်ထုတ်၏။

ထို့ကြောင့် ပုသိမ်မြို့ရှိ ဝါးရင်းတုတ်တပ်ဖွဲ့ဝင်တို့သည် ပုသိမ်ရွာစဉ်တစ်လျှောက် နယ်ချဲ့ဆန့်ကျင်ရေး နိုင်ငံရေးတရားများ ဟောကြားနေသည့်

ဆရာကြီး သခင်ကိုယ်တော်မှိုင်း၊ သခင်လှဘော်ကြီး (ဗိုလ်လက်ျာ)၊ သခင်လှဖေတို့အား နှိမ်နင်းရန် စီစဉ်ကြသည်။

သခင်ကိုယ်တော်မှိုင်းဦးဆောင်သည့် ဗိုဟာအစည်းအရုံးဝင်များ ရွာစဉ်တစ်လျှောက် နယ်ချဲ့ဆန့်ကျင်ရေးတရားဟောပြီး ရန်ကုန်သို့ ပြန်ခဲ့သည်။

ပုသိမ်ဘူတာရုံသို့အရောက် ဗိုဟာအစည်းအရုံးဝင် သခင်ကိုယ်တော်မှိုင်းဦးဆောင်သည့် အဖွဲ့အား နန်းရင်းဝန် ဂျွန်ဦးစော၏ ညွှန်ကြားချက်နှင့် နှိမ်နင်းရန် လိုက်နေသည့် ဝါးရင်းတုတ်တပ်ဖွဲ့ဝင်တို့နှင့် ဆုံဆည်းခဲ့သည်။

"အရေးကြီးဆုံးက အင်ပါယာအရှင်ကို နောင့်ယှက်တော်လှန်နေတဲ့သူတွေကို နှိမ်နင်းနိုင်ဖို့ပဲ။ နောက်ပိုင်းတာဝန် ငါယူမယ်"

ဟု ညွှန်ကြားခဲ့သည့်အတိုင်း ဝါးရင်းတုတ်တပ်ဖွဲ့မှ တပ်သားအဆင့်ရှိ အောင်ခင်သည် ဂါရဝတရားနှင့် မျိုးချစ်စိတ်ကင်းမဲ့စွာ နယ်ချဲ့အင်္ဂလိပ်အစိုးရ၏ လက်ကိုင်တုတ်များပီပီ ဆရာကြီး သခင်ကိုယ်တော်မှိုင်းအား ဝါးရင်းတုတ်နှင့် ဝင်ရောက်ရိုက်နှက်ခဲ့သည်။

ပုသိမ်ဘူတာရုံ၌ ရုတ်ရုတ်သဲသဲဖြစ်သွားပြီး ဆရာကြီး သခင်ကိုယ်တော်မှိုင်းနှင့်အဖွဲ့ အရိုက်ခံခဲ့ရသလို ဘူတာရှိ မျိုးချစ်စိတ်ရှိသူများ မခံမရပ်နိုင်ဖြစ်ခဲ့၏။

တရုတ်ကပြား လူငယ်တစ်ဦးသည် ဆရာကြီး သခင်ကိုယ်တော်မှိုင်းအား ရိုက်သည့် မြင်ကွင်းအား မြင်ရလျှင် မခံမရပ်နိုင်အောင်ဖြစ်ပြီး ဝါးရင်းတုတ်တပ်ဖွဲ့ဝင် တပ်သားအောင်ခင်အား ဝင်ရောက်ထိုးကြိတ်ခဲ့၏။

မျိုးချစ်စိတ်ရှိသူများကလည်း ဝင်ရောက်ထိုးကြိတ် ရိုက်နှက်ပြီး ဖမ်းဆီးရာ ဝါးရင်းတုတ်တပ်ဖွဲ့ဝင် တပ်သားအောင်ခင်အား လက်ရဖမ်းဆီးနိုင်ခဲ့၏။

ယင်းကိစ္စနှင့်ပတ်သက်၍ ပုသိမ်မြို့ရှိ ဗိုဟာအစည်းအရုံးဝင်များက မခံမရပ်နိုင်ဖြစ်ပြီး ဆရာကြီး သခင်ကိုယ်တော်မှိုင်း၊ သခင်လှဘော်ကြီး

(ဗိုလ်လက်ျာ) နှင့် သခင်လှဖေတို့အား လက်ရောက်ကျူးလွန် ရိုက်နှက်စော်ကားသည့် ဝါးရင်းတုတ်တပ်ဖွဲ့မှ တပ်သားအောင်ခင်အား တရားစွဲခဲ့၏။ ဖမ်းဆီးခဲ့၏။

သို့သော် ဆရာကြီး သခင်ကိုယ်တော်မှိုင်းနှင့် သခင်များအား လက်ရောက်ကျူးလွန်ခဲ့သည့် တပ်သားအောင်ခင်သည် တရားစွဲဆိုအပြစ်ပေးခြင်း မခံရ။ ရန်ကုန်မြို့ရှိ ဝါးရင်းတုတ်တပ်ဖွဲ့ခေါင်းဆောင် နန်းရင်းဝန်ဂျွန်ဦးစော၏အမိန့်နှင့် လွှတ်လိုက်ရသည်တည်း။

# [ ၆ ]

❑

ဂျွန်ဦးစောသည် အင်ပါယာအရှင်၏ အုပ်ချုပ်ရေးသက်ရှည်ကြာရေးနှင့် နယ်ချဲ့အင်္ဂလိပ်အစိုးရ၏ အုပ်ချုပ်မှုယန္တရားအဖုအထစ်မရှိရေးအတွက် မျိုးချစ်စိတ်ဓာတ်ကင်းစွာ ပံ့ပိုးကူညီမှုများ ပြုခဲ့သဖြင့် နယ်ချဲ့အင်္ဂလိပ်တို့၏ လူယုံဖြစ်ခဲ့၏။

နယ်ချဲ့အင်္ဂလိပ်တို့၏ လက်သပ်မွေးတပည့် ဖြစ်ခဲ့သည်။

လွတ်လပ်ရေးမရမီ နယ်ချဲ့အင်္ဂလိပ်တို့၏ အုပ်ချုပ်ရေးကာလ၌ လက်ရင်းတပည့်အဖြစ် ရပ်တည်ခဲ့သည်။ နယ်ချဲ့အင်္ဂလိပ်တို့၏ လူယုံဖြစ်

သဖြင့် ဩဇာအာဏာကြွယ်ဝခဲ့သလို ဗိုလ်ချုပ်အောင်ဆန်း လွတ်လပ်ရေး အတွက် အင်္ဂလန်သွား မြန်မာကိုယ်စားလှယ်အဖွဲ့၌လည်း ဘုရင်ခံ၏ လူယုံ အဖြစ် ပါဝင်နိုင်ခဲ့ရုံမက ဗိုလ်ချုပ်၏ "အောင်ဆန်းအက်တလီစာချုပ်" ချုပ် ဆိုရာတွင်လည်း ပြောင်ပြောင်တင်းတင်း ကြောင်းကျိုးမဲ့ ဆန့်ကျင်ခဲ့သူဖြစ် ၏။

ထို့မျှမက "အောင်ဆန်းအက်တလီစာချုပ်" ချုပ်ဆိုပြီး အပြန်တွင် လည်း ကိုယ်စားလှယ်အဖွဲ့နှင့် အတူတကွ မပြန်ဘဲ မြန်မာပြည်သို့ စောစွာ ပြန်ခဲ့ပြီး ဗမာပြည်ဘုရင်ခံနှင့် ပူးပေါင်းကာ တောင်တန်းဒေသအား နယ်ချဲ့ အင်္ဂလိပ်ကွပ်ကဲအုပ်ချုပ်ခြင်းနှင့် သီးခြားကိုယ်ပိုင်အုပ်ချုပ်ခွင့် တောင်းခံရန် ပထမ ပင်လုံကွန်ဖရင့်အား ဆောင်ရွက်ခဲ့၏။

သို့သော် ဗိုလ်ချုပ်အောင်ဆန်း မြန်မာပြည်သို့ ပြန်လည်ရောက်ရှိ ပြီး ပြည်ထောင်စုအသွင် လွတ်လပ်ရေးရယူနိုင်ရန် တိုင်းရင်းသားချစ်ကြည် ရေး၊ ပင်လုံကွန်ဖရင့်အား ကျင်းပခဲ့ရာ ပထမ ပင်လုံကွန်ဖရင့် ဆုံးဖြတ်ချက် များ ပျက်ပြယ်ခဲ့၏။

ဒေါက်တာဘမော်လို ပုဂ္ဂိုလ်မျိုးနှင့် အင်္ဂလိပ်စကား ယှဉ်ပြောနိုင် သူအဖြစ်လည်း ထင်ရှား၏။ "နန်းရင်းဝန်" ဘဝက နယ်ချဲ့အင်္ဂလိပ်တို့ထံ၌ မြန်မာပြည်လွတ်လပ်ရေး တောင်းဆိုခဲ့သဖြင့် ယူဂန္ဒာတွင် (၂) နှစ် အကျယ် ချုပ် ထိန်းသိမ်းခံခဲ့ရ၏။

သို့သော် ဂျွန်ဦးစောက နယ်ချဲ့အင်္ဂလိပ်အစိုးရ၏ ယုံကြည်မှုရခဲ့ သူ။ ပထမ ပင်လုံကွန်ဖရင့်တွင် ဘုရင်ခံ ဆာဒေါ်မန်စမစ်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး တောင်တန်းဒေသအား အင်္ဂလိပ်အစိုးရ၏ ကွပ်ကဲမှုအောက် မှ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် ရပ်တည်ရန် စည်းရုံးသိမ်းသွင်းခဲ့သူ။

"အောင်ဆန်းအက်တလီစာချုပ်" တွင် လက်မှတ်ထိုးရန် သခင် ဗစိန်နှင့်အတူ သဘောတူလက်မှတ်ထိုးရန် ငြင်းဆိုခဲ့သူ။ အောင်ဆန်းအက် တလီစာချုပ်အား ဆန့်ကျင်ခဲ့သူ။

ထို့ကြောင့် နိုင်ငံရေး အကဲခတ်သူတွေက . . .

"ဦးစောဟာ နိုင်ငံတော်လုပ်ကြံမှုတရားခံသာ မဖြစ်ခဲ့ဘူးဆိုရင် အတွေးမချော်ဘဲ မှန်မှန်လုပ်ခဲ့မယ်ဆိုရင် အဖိုးတန် နိုင်ငံရေးသမားတစ်ဦး ဖြစ်မှာပါ"

ဟု သုံးသပ်ခဲ့ကြ၏။ သို့သော် ယခုမူ ဂဠုန်ဦးစောက သမိုင်းမလှသည့် နိုင်ငံရေးသမား။ သမိုင်းမလှသည့် နိုင်ငံရေးသမား။

❧❦❧

❑

ထို့အတူ လွတ်လပ်ရေးမရမီ မြန်မာနိုင်ငံသမိုင်းအား ပြန်လည်သုံးသပ်လျှင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဂဠုန်ဦးစောသည် နိုင်ငံရေးအယူအဆ မတူညီကြောင်း တွေ့ရ၏။

နယ်ချဲ့အင်္ဂလိပ်ဆန့်ကျင်သူနှင့် လိုလားသူကြားမှ ပဋိပက္ခအသွင်သဏ္ဍာန်တစ်ခုလေလား။

မည်သို့ဆိုစေ ၁၉၄၇ ခုနှစ်၊ ဇူလိုင် (၁၉) ရက်နေ့၌ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဝန်ကြီးများ လုပ်ကြံခံရသည်။ ဂဠုန်ဦးစောသည် နိုင်ငံတော်လုပ်ကြံမှု (၁) တရားခံ ဖြစ်ခဲ့၏။

ထိုပြစ်မှုကြောင့် ဂဠုန်ဦးစောသည် ၁၉၄၈ ခုနှစ်၊ မေလ (၈) ရက် နံနက် (၇) နာရီအချိန်၌ အင်းစိန်ထောင်၌ ကြိုးပေးကွပ်မျက်ခံခဲ့ရသည်။

❧❦❧



သခင်ဗစိန်

(သို့မဟုတ်)

ယုံကြည်ချက်ပြင်းထန်သူ

❑

သခင်ဗစိန်သည် သမိုင်းစဉ်တွင် ထင်ရှားသည့် ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဂျွန်ဦးစောတို့ကြားမှ ပြဿနာတစ်ခုဟု ဆိုရမည့် "အောင်ဆန်းအက်တလီစာချုပ်" အား လက်မှတ်မထိုးဘဲ ကန့်ကွက်ရာတွင် သခင်ဗစိန်သည် ဂျွန်ဦးစောနှင့်အတူ ယှဉ်တွဲကန့်ကွက်ခဲ့သူဖြစ်၏။

သခင်ဗစိန်က "တို့ဗမာအစည်းအရုံး" တွင် ပထမဆုံး ဥက္ကဋ္ဌဖြစ်ခဲ့သူလည်းဖြစ်ပြီး ၁၉၁၀ ခုနှစ်ဖွား၊ ဟင်္သာတမြို့ဇာတိဖြစ်သည်။ ဟင်္သာတမြို့၌ (၁၀)တန်းအောင်ခဲ့ပြီး ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်ပညာသင်ကြားခဲ့သည်။ ရန်ကုန်တက္ကသိုလ်သို့ရောက်ပြီး တကာသဥက္ကဋ္ဌအဖြစ် အရွေးခံရပြီး ဝိဇ္ဇာဘွဲ့အား ရရှိခဲ့သည်။

၁၉၃၀ ပြည့်နှစ် တက္ကသိုလ်ကျောင်းသားဘဝ၌ပင် မြန်မာနိုင်ငံလုံးဆိုင်ရာ လူငယ်အသင်း ထူထောင်ရာ၌ တစ်ဦးအပါအဝင်ဖြစ်သည်။

ယင်းနှစ်မှာပင် သခင်အဖြစ်ခံယူပြီး "သခင်ဗစိန်" အဖြစ် ပါဝင်ဆောင်ရွက်ခဲ့သည်။

---

စိတ်ကူးသစ်စာပေ

သခင်ဇစိန်နှင့်အတူ ဆောင်ရွက်ခဲ့သည့် အလုပ်အမှုဆောင်များမှာ -

(၁) ဆရာတင့် (မြို့မကျောင်း) ဥက္ကဋ္ဌ၊
(၂) ကိုနု (တက္ကသိုလ်ကျောင်းသား) အတွင်းရေးမှူး၊
(၃) ကိုခန့် (ပန်းတနော်) တွဲဘက်အတွင်းရေးမှူး
(၄) ကိုစံသိန်း (တက္ကသိုလ်ကျောင်းသား) ငွေထိန်း
(၅) ဆရာဟိန်း (မြို့မကျောင်း) ပြန်ကြားရေးမှူး

အမှုဆောင်များ၊

(၁) သခင်ဘသောင်း
(၂) သခင်လေးမောင်
(၃) သခင်ဇစိန်
(၄) ကိုဘတင်
(၅) ကိုအုန်း

စသည်တို့ဖြစ်သည်။

သခင်ဇစိန်သည် ၁၉၃၁ ခုနှစ်တွင် ရေနံချောင်းမြို့၌ သခင်ဘသောင်းနှင့်အတူ ပထမဆုံး "ဒို့ဗမာတရား" အား ဟောခဲ့သူဖြစ်သည်။

၁၉၃၅ ခုနှစ်၊ မတ်လ (၁၀) ရက် (မြန်မာသက္ကရာဇ်) ၁၂၉၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၂) ရက်နေ့တွင် တို့ဗမာအစည်းအရုံး၏ ပထမဆုံး ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရ၏။

ယင်းအစည်းအရုံး၏ ဗဟိုအလုပ်အမှုဆောင်များမှာ -

(၁) သခင်ဇစိန် ဥက္ကဋ္ဌ
(၂) သခင်လေးမောင် ဒု-ဥက္ကဋ္ဌ
(၃) သခင်သိန်းမောင် အတွင်းရေးမှူး

| | | |
|---|---|---|
| (၄) | သခင်ထွန်းအုပ် | တွဲဘက်အတွင်းရေးမှူး |
| (၅) | သခင်ထွန်းခင် | ငွေထိန်း |
| (၆) | သခင်ညီ | ပြန်ကြားရေးမှူး |

အလုပ်အမှုဆောင်များ

(၁) သခင်ဟာန်

(၂) သခင်ထွန်းရွှေ

(၃) သခင်ဗဗ

သခင်ဗစိန်သည် သခင်အမည်ခံပြီးနောက် နိုင်ငံရေးလောက အတွင်း ခြေစုန်ပစ်ဝင်ပြီး နေ့မနား ညမနား လုပ်ကိုင်ခဲ့သည်။ နိုင်ငံရေး အလုပ်အား လုပ်ရင်း "တို့သခင် သတင်းစာစောင်" ကိုပါ ပူးတွဲထုတ်ဝေခဲ့ သည်။

သခင်ဗစိန်သည် ၁၉၃၅ ခုနှစ်၊ ဇွန်လတွင် အိန္ဒိယနိုင်ငံ ကလကတ္တား မြို့သို့ အိန္ဒိယကွန်ကရက်အသင်း လူကြီးများနှင့် နိုင်ငံရေးကိစ္စဆွေးနွေးရန် သွားရောက်ခဲ့သည်။

သခင်ဗစိန်သည် နိုင်ငံရေးစိတ်ဓာတ်ပြင်းထန်ပြီး အနယ်နယ် အရပ်ရပ်သို့ လှည့်လည်ကာ နိုင်ငံရေးတရားများ ဟောပြောခဲ့သဖြင့် ထောင် (၃) ကြိမ် ကျရောက်ခဲ့သည်။

ထိုအချိန်အခါက သခင်ဗစိန်သည် လျှမ်းလျှမ်းတောက် နိုင်ငံရေး သမားတစ်ဦးဖြစ်သည်။

သခင်ဗစိန်က မျိုးချစ်စိတ်ဓာတ် ပြင်းထန်ပြီး မြန်မာနိုင်ငံအား နယ် ချဲ့ဗြိတိသျှလက်အောက်မှ လွတ်မြောက်ရန် လျှို့ဝှက်လုပ်ဆောင်မှုများ ပြု ခဲ့သူတစ်ဦးလည်း ဖြစ်ခဲ့သည်။

သူနည်းသူ့ဟန်ဖြင့် နိုင်ငံခြားအကူအညီ ရရှိရန်လည်း ကြိုးပမ်းဆောင်ရွက်ခဲ့သူ၊ သူ့အဖွဲ့အစည်းမှ နိုင်ငံခြားသို့ လူငယ်များ စစ်ပညာသင်ကြားရန် အကြိမ်ကြိမ် အဖော်များများ ကြိုးပမ်းလုပ်ဆောင်ခဲ့သူလည်း ဖြစ်၏။

၁၉၄၀ ပြည့်နှစ်၌ သခင်ဇစိန်သည် နိုင်ငံကူးလက်မှတ်တုဖြင့် ဂျပန်သို့သွားရန် ကုန်းလမ်းခရီးမှ ကြိုးပမ်းခဲ့ရာ ယိုးဒယားနယ်စပ်အနီး မေယုတောင်တန်းပေါ်တွင် ဖမ်းဆီးခံခဲ့ရသည်။

သူသည် ဂျပန်စစ်အစိုးရလက်ထက်၌ လမ်းပန်းဆက်သွယ်ရေး၊ အလုပ်သမားရေးနှင့် ဆည်မြောင်းတာတမံဌာန ဝန်ကြီးအဖြစ် ဆောင်ရွက်ခဲ့သည်။

ယင်းနောက် သခင်ဇစိန်သည် မန်ချူးကိုး (ကိုရီးယား) သံအမတ်အဖြစ် ခန့်အပ်ခံရပြီး စင်္ကာပူသို့ ပြည်နှင်ဒဏ် ခံခဲ့ရသူလည်းဖြစ်သည်။

ဒုတိယကမ္ဘာစစ် ပြီးဆုံးသည့်အခါ သခင်ဇစိန်သည် ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သည့် ယာယီအစိုးရလက်ထက်၌ ဝန်ကြီးတစ်ဦးအဖြစ် ပါဝင်ဆောင်ရွက်ခဲ့သည်။

၁၉၄၇ ခုနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ (၆)ဦးကိုယ်စားလှယ်အဖြစ် ဘိလပ်သို့ သွားရောက်ခဲ့သည်။

"အောင်ဆန်းအက်တလီစာချုပ်" ချုပ်ဆိုရာတွင် သဘောထားမတိုက်ဆိုင်သဖြင့် ကန့်ကွက်ပြီး မိမိဆန္ဒဖြင့် ဝန်ကြီးအဖြစ်မှ နုတ်ထွက်ခဲ့သည်။

ယင်းနောက် သခင်ဇစိန်သည် နိုင်ငံရေးလောကအား ကျောခိုင်းပြီး စီးပွားရေးလုပ်ငန်းများသာ လုပ်ကိုင်ခဲ့သည်။ တပေဝါသနာအရ ဘားမားဂျာနယ်အား တည်ထောင်ကာ အေးအေးဆေးဆေးနေထိုင်ရင်း ကွယ်လွန်အနိစ္စရောက်ခဲ့သည်။

⊂၀၀၀⊃

## သခင်ဗစိန်နှင့် အောင်ဆန်း–အက်တလီစာချုပ် နောက်ဆက်တွဲပြဿနာ

❏

လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းအား လေ့လာသူတိုင်း လွတ်လပ်ရေးအတွက် အရေးပါသည့် "အောင်ဆန်းအက်တလီစာချုပ်" တွင် သခင်ဗစိန်နှင့် ဂဠုန်ဦးစောတို့နှစ်ဦးက ကန့်ကွက်ကြောင်း၊ သဘောမတူကြောင်း မှတ်ချက်နှင့် အက်တလီ၏ မေတ္တာရပ်ခံချက်ကြောင့် လက်မှတ်ထိုးခဲ့ကြောင်း ဖတ်ရှုသိကြမည်ဖြစ်သည်။

ယင်းသို့ "အောင်ဆန်းအက်တလီစာချုပ်တွင် သခင်ဗစိန်နှင့် ဂဠုန်ဦးစောတို့နှစ်ဦးမှာ ကန့်ကွက်ခဲ့ခြင်းနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းက...

"ဒီလူတွေဟာ အခွင့်အရေးကို ပိုလိုချင်သူတွေ။နယ်ချဲ့အလိုကျ မင်းသားကြီးမလုပ်ရလို့ ပတ်မကြီး ထိုးဖောက်သူတွေပဲ"

ဟု ဝေဖန်ခဲ့သည်။ ယင်းသို့ ဗိုလ်ချုပ်အောင်ဆန်းက ဝေဖန်ခဲ့သဖြင့် သခင်ဗစိန်က တရုတ်သံရုံးမှ ညစာစားပွဲတွင် ဗိုလ်ချုပ်အောင်ဆန်းအား အရက်မူးမူးနှင့် ပုတ်ခတ်ပြောဆိုခဲ့သည်။



**နန်းရင်းဝန်အက်တလီ**

ဗိုလ်ချုပ်လည်း မည်သို့မျှ တုံ့ပြန်ခြင်းမရှိဘဲ သည်းခံခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းက သည်းခံစိတ်ဖြင့် တုံ့ပြန်ရေးပခြင်း မပြုခဲ့သလို၊ ဂျွန်ဦးစောကလည်း ပရိယာယ်ကြွယ်သူပီပီ တည်ငြိမ်စွာနေခဲ့သည်။

တချုပ်ပေါ်တွင်သာ ကန့်ကွက်လက်မှတ်ထိုးခဲ့ပြီး တည်ငြိမ်စွာ နှုတ်ဆိတ်နေခဲ့သည်။ သို့သော် မျိုသိပ်ဟန်ဆောင်နိုင်စွမ်းရှိသူဖြစ်သော်လည်း ရင်ထဲတွင်မူ ကျေနပ်မည်မဟုတ်ချေ။

❑

မည်သို့ဆိုစေ အောင်ဆန်းအက်တလီစာချုပ်၌ ကန့်ကွက်ကြောင်း လက်မှတ်ရေးထိုးသူမှာ သခင်ဗစိန်နှင့် ဂဠုန်ဦးစောဖြစ်သဖြင့် ထိုနှစ်ဦးသည် သဘောတူမျှနေသော တစ်ကြိတ်တည်း၊ တစ်ဉာဏ်တည်းသမားဖြစ်သည်မှာ သိသာ၏။

မကျေနပ်မှုလည်း အတူတူဖြစ်ရေမည်။

ထိုသို့ စာချုပ်တွင် ကန့်ကွက်သည့် သခင်ဗစိန်နှင့် ဂဠုန်ဦးစောအပေါ် ဗိုလ်ချုပ်အောင်ဆန်းဘက်မှ မကျေနပ်မှု ရှိခဲ့သလို၊ သခင်ဗစိန်နှင့်ဂဠုန်ဦးစောဘက်မှလည်း ဗိုလ်ချုပ်အောင်ဆန်းအား ကျေနပ်မည်မဟုတ်။

ထိုအကြောင်းများသည် တစ်ဦးပေါ်တစ်ဦး မကျေနပ်မှုများဖြစ်ပြီး လုပ်ကြံမှုဖြစ်ပေါ်စေရန် မြစ်ဖျားခံသည့်အကြောင်းတစ်ခုဟု ဆိုနိုင်သည်။

ယင်းကဲ့သို့ပင် ကန့်ကွက်ရသည့် အကြောင်းရင်းခံအား လေ့လာစရာအကြောင်းတစ်ခု ဖြစ်ခဲ့သည်။

ဗြိတိသျှဝန်ကြီးချုပ် မစ္စတာအက်တလီ၏ လွတ်လပ်ရေးအတွက် ဆွေးနွေးရန်ဖိတ်ခေါ်ချက်အရ ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် လန်ဒန်သို့ သွားခဲ့၏။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့ နံနက် (၇)နာရီတွင် လန်ဒန်မြို့သို့ လေကြောင်းခရီးဖြင့် သွားခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့တွင် -

| | | |
|---|---|---|
| (၁) | ဗိုလ်ချုပ်အောင်ဆန်း | အဖွဲ့ခေါင်းဆောင် |
| (၂) | ဦးဘဘော | ကူးသန်းရောင်းဝယ်ရေးဝန်ကြီး |
| (၃) | ဦးတင်ထွတ် | ဘဏ္ဍာရေးဝန်ကြီး |
| (၄) | သခင်မြ | ပြည်ထဲရေးဝန်ကြီး |
| (၅) | သခင်ဗစိန် | သယ်ယူပို့ဆောင်ရေးနှင့် လမ်း ပန်း ဆက်သွယ်ရေးဝန်ကြီး |
| (၆) | ဂျွန်ဦးစော | ပညာရေးဝန်ကြီး |
| (၇) | ဦးကျော်ငြိမ်း | ဖ.ဆ.ပ.လ အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး |
| (၈) | သခင်အောင်သန်း (ဗိုလ်စကြာ) | |
| (၉) | ဦးဘရင် (မိတ္ထီလာ) | |
| (၁၀) | ဗိုလ်ထွန်းလှ (ဗိုလ်ချုပ်အပါးတော်မြဲ) | |
| (၁၁) | ဦးရွှေဘော် (အတွင်းဝန်) | |
| (၁၂) | ဦးအောင်ထွန်း (အတွင်းဝန်) | |
| (၁၃) | ဦးဘတူ (ဦးဘဘောအပါးတော်မြဲ) | |
| (၁၄) | သခင်ချစ် (သခင်ဗစိန်အပါးတော်မြဲ) | |
| (၁၅) | ဦးလှမြတ်ဦး (ဦးစောအပါးတော်မြဲ) | |
| (၁၆) | ဦးဘသန်း (လက်ရေးတို) | |

တို့ ပါဝင်ကြသည်။

၁၉၄၇ ခုနှစ်၊ ဇန်နဝါရီ (၉)ရက်နေ့ ၌ (၄) သုတ်ခွဲ ထွက်ခွာသည့် ကိုယ်စားလှယ်အဖွဲ့.စုံညီရောက်ရှိခဲ့သည်။

၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ (၁၃)ရက်နေ့ ၌ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ဗြိတိသျှဝန်ကြီးချုပ် မစ္စတာ

အက်တလီဦးဆောင်သည့် ဗြိတိသျှကိုယ်စားလှယ်များ အမှတ် (၁၀)၊ ဒေါင်းနင်းလမ်းရှိ ဗြိတိသျှဝန်ကြီးချုပ်ဂေဟာ၌ ဆွေးနွေးပွဲ စတင်သည်။

ဆွေးနွေးပွဲသည် ချောမွေ့မှုမရှိ။

ဇန်နဝါရီလ (၂၇) တွင် အကြေအလည် ဆွေးနွေးပြီးနောက် သဘောတူညီချက် ရရှိကြသဖြင့် ဗြိတိသျှဝန်ကြီးချုပ် အက်တလီဦးဆောင် ဗြိတိသျှကိုယ်စားလှယ်များနှင့် ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သည့် မြန်မာ ကိုယ်စားလှယ် အဖွဲ့ဝင်များသည် အချက်ကြီး (၉) ချက်ပါရှိသည့် "အောင်ဆန်းအက်တလီစာချုပ်" ခေါ် "မြန်မာဗြိတိသျှစာချုပ်" အား သဘောတူ လက်မှတ်ရေးထိုးကြသည်။

စာချုပ်ပါ အဓိကအချက်များမှာ -

၁။ ဗိုလ်ချုပ်အောင်ဆန်း ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နေသည့် မြန်မာပြည်ဘုရင်ခံ၏ အလုပ်အမှုဆောင်ကောင်စီသည် ကြားဖြတ် အစိုးရအဖြစ် အသိအမှတ်အပြုခံရသည်။ ထို့ကြောင့် ကြားဖြတ်အစိုးရ အာဏာရှိလာ သည်။

၂။ ကာကွယ်ရေးနှင့် နိုင်ငံရေးဌာနများအား ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သည့် ကြားဖြတ် အစိုးရအဖွဲ့မှ အုပ်ချုပ်ခွင့်ရမည်။

၃။ ဗြိတိသျှလက်နက်ကိုင်တပ်များမှအပ မြန်မာ့ ကာကွယ်ရေးဆိုင်ရာ လက်နက်ကိုင်တပ် များကို ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သည့် ကြားဖြတ်အစိုးရအဖွဲ့မှ အုပ်ချုပ်ခွင့်ရသည်။

၄။ ကိုယ်ပိုင်ဘဏ္ဍာရေးအုပ်ချုပ်ခွင့်ရသည်၊

၅။ မြန်မာကိုယ်စားလှယ်၊ မြန်မာမင်းကြီးတစ်ဦးကို လန်ဒန်၌ ထားခွင့်ရှိသည်၊

၆။ မြန်မာပြည်မနှင့် တောင်တန်းဒေသများကို တစ်ပေါင်းတည်း လွတ်လပ်ရေးပေးရန်အတွက် တောင်တန်းဒေသများ၏ ဆန္ဒရယူရန် သဘောတူသည်၊

၇။ အရွယ်ရောက်သူတိုင်း မဲပေးနိုင်သည့်စနစ်ဖြင့် ရွေးကောက်သော တိုင်းပြုပြည်ပြုလွှတ်တော် ခေါ်ရမည်၊

၈။ တိုင်းပြုပြည်ပြုလွှတ်တော်မှ လွတ်လပ်လာမည့် မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးနှင့် အနာဂါတ်ပုံသဏ္ဌာန်အား ဆုံးဖြတ်ရမည်၊

၉။ ကမ္ဘာ့ကုလသမဂ္ဂတွင် မြန်မာနိုင်ငံအဖွဲ့ဝင်ဖြစ်ရေးအတွက် ဗြိတိသျှအစိုးရက ထောက်ခံကူညီမည်၊

ဤစာချုပ်အား ချုပ်ဆိုနိုင်ခြင်းအားဖြင့် ဗြိတိသျှအစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ စက္ကူဖြူစီမံကိန်းခေါ် စက္ကူဖြူအုပ်ချုပ်ရေးမှာ လုံးဝ ချုပ်ငြိမ်းသွားခဲ့သည်။

သို့သော် အောင်ဆန်းအက်တလီစာချုပ်အား မြန်မာကိုယ်စားလှယ်အဖွဲ့မှ သခင်ဗစိန်နှင့် ဂဠုန်ဦးစောတို့ဘက်မှ လက်မှတ်ရေးထိုးခြင်းမပြုဘဲ ကန့်ကွက်ခဲ့သည်။

ဂဠုန်ဦးစောက သဘောထားမှတ်ချက် သီးခြားစာလွှာ ရေးသားပေးပို့ခြင်း မရှိသော်လည်း သခင်ဗစိန်ကမူ အောင်ဆန်းအက်တလီစာချုပ်အပေါ် မိမိမည်သို့ ခံယူကြောင်း ဗြိတိသျှဝန်ကြီးချုပ် အက်တလီထံသို့ သီးခြားစာလွှာတစ်စောင် ပေးအပ်တင်ပြခဲ့သည်။

---

စိတ်ကူးသစ်စာပေ

ထိုစာနှင့်တစ်ဆက်တည်းပင် မိမိလုပ်ဖော်ကိုင်ဖက်များ ဆောင်ရွက်မှုကို သဘောမတူနိုင်ပါ၍ ဝမ်းနည်းစွာ လမ်းခွဲတော့မည်ဟုလည်း သခင်ဗစိန်က ဖော်ပြပြီး မြန်မာပြည်ဘုရင်ခံ၏ အတိုင်ပင်ခံဝန်ကြီးအဖြစ်မှ နုတ်ထွက်ကြောင်းလည်း ကြေညာသည်။

သခင်ဗစိန်၏စာတွင် ဖော်ပြသည်မှာ -

မြန်မာနိုင်ငံသည် တစ်နှစ်အတွင်း လုံးဝလွတ်လပ်ရေး ကြေညာရန်၊ အချုပ်အခြာအာဏာပိုင်သော တိုင်းပြုပြည်ပြုလွှတ်တော်သည် အဓိကအရေးအကြီးဆုံးဖြစ်သည်။

တိုင်းပြုပြည်ပြုလွှတ်တော်၏ ဆုံးဖြတ်ချက်များကို နိုင်ငံရပ်ခြား တိုင်းတစ်ပါးမှ ဝင်ရောက်စွက်ဖက်မှုမပါဘဲ အလိုအလျောက် ဖြစ်တည်စေရမည်။

ယခုချုပ်ဆိုသည့် အောင်ဆန်းအက်တလီ တချုပ်အရ ဗြိတိသျှတို့က သဘောတူညီသော တိုင်းပြုပြည်ပြုလွှတ်တော်သည် စတ္တုဖြူစာတမ်းပါ အုပ်ချုပ်ရေး ဥပဒေစည်းမျဉ်းကိုလည်း ဗြိတိသျှပါလီမန်မှ အတည်ပြုပေးမှသာ အတည်ဖြစ်သည့် အခြေအနေတွင်ရှိသည်ဟု သခင်ဗစိန်က ယူဆသည်။

သခင်ဗစိန်က တိုင်းပြုပြည်ပြုလွှတ်တော်သည် မြန်မာပြည်သူတို့ကို ကိုယ်စားပြုသော အာဏာပိုင်အဖွဲ့အစည်းတစ်ရပ်ဖြစ်သောကြောင့် ထိုလွှတ်တော်မှ ဆုံးဖြတ်ချက်သည် တစ်ချက်လွှတ်အာဏာ တည်ရမည်ဟု စံယူသည်။

ကြားဖြတ်အစိုးရ၏ အာဏာမှာလည်း မြန်မာကိုယ်စားလှယ်များတောင်းဆိုသည့်အဆင့်သို့မရောက်

> တော့ဘဲ ကာကွယ်ရေး၊ နိုင်ငံခြားရေး၊ ဘဏ္ဍာရေးတို့တွင် ၁၉၃၅ ခုနှစ် အက်ဥပဒေနှင့် ၁၉၄၅ ခုနှစ် ယာယီပြင်ဆင်ချက်များ၏ ဘောင်အတွင်း၌သာရှိသည်ဟု သခင်ဗစိန် ယူဆသည်။
>
> ဤအချက်ကိုကြည့်သော် မြန်မာကိုယ်စားလှယ်အဖွဲ့က တင်သွင်းခဲ့သော လွတ်လပ်ရေးတောင်းဆိုမှုများနှင့် ယခုသဘောတူကြသော အချက်များမှာ များစွာ ကွာဟလျော့နည်းနေခြင်းကို သိမြင်ပါလျက်နှင့် ဤစာချုပ်ကို ကျွန်ုပ်တို့ မည်သို့မျှ လက်ခံသဘောတူ လက်မှတ်ရေးထိုးခြင်းမပြုနိုင်ပါ။
>
> ကျွန်ုပ်၏ ကန့်ကွက်တင်ပြချက်ကို အောင်ဆန်းအက်တလီစာချုပ် လက်မှတ်ရေးထိုးရာတွင် မှတ်တမ်းတင်ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဟု ဖော်ပြပါရှိကြောင်း တွေ့ရသည်။

ဤအချက်များလည်း စဉ်းစားစရာအချက်များဖြစ်သည်ဟုလည်း ဆိုရမည်။ ထို့အတူ မြန်မာကိုယ်စားလှယ်အဖွဲ့၌ ဦးစောပါဝင်လာခဲ့သည်က ဘုရင်ခံသဘောနှင့် ထည့်သွင်းလိုက်ခြင်းဟု သိရသည်။

လန်ဒန်သတင်းစာ ရှင်းလင်းပွဲ၌ သခင်ဗစိန်နှင့် ဦးစောအား ဝေဖန်ခဲ့င်းများရှိခဲ့သလို ဦးစောတို့ဘက်မှ ကျေနပ်မည်မဟုတ်ဟု ဆိုရမည်။

ဦးစောသည် မြန်မာပြည်သို့ ပြန်ရောက်ပြီးနောက် မြန်မာပြည်ဘုရင်ခံ၏ သဘောတူညီချက်ဖြင့် ပင်လုံသို့သွားကာ ရှမ်းစော်ဘွားအချို့နှင့် တွေ့ဆုံ၍ ရှမ်းပြည်သည် သီးခြားကိုယ်ပိုင်အုပ်ချုပ်ရေးနှင့် ဗြိတိသျှကွပ်ကဲဖြင့် ရပ်တည်ရန် စည်းရုံးလက်မှတ်ထိုး ယူခဲ့သည်။

ဂျွန်ဦးစောနှင့် မြန်မာပြည်ဘုရင်ခံတို့ ဦးစီးပြုလုပ်သည့် ပင်လုံ ကွန်ဖရင့်သည် မြန်မာ့သမိုင်းစဉ်တွင် ပထမပင်လုံကွန်ဖရင့်ဟု တွေ့ရှိရပြီး

ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များ ဦးစီးသဘောတူ ပြုလုပ်သည့် ပင်လုံကွန်ဖရင့်သည် ဒုတိယကွန်ဖရင့်ဖြစ်သော်လည်း ထို ဒုတိယပင်လုံကွန်ဖရင့်မှ ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များ ပူးပေါင်းချုပ်ဆိုသည့် ပင်လုံစာချုပ်ကြောင့် ပထမကွန်ဖရင့်မှာ ပျောက်ပြယ်သွားခဲ့သည်။

ဤအကြောင်းအချက်များသည် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဂျွန်ဦးစောအကြားမှာရှိသည့် မပြေနိုင်စွမ်းသည့် ပြဿနာ မကျေလည်မှုများ ဖြစ်သည်ဟု ယူဆရမည်လား။



သခင်ရှုမောင် (ဗိုလ်ချုပ်ကြီးနေဝင်း)
(သို့မဟုတ်)
နိုင်ငံရေးသမားပီသသည့် စစ်ဗိုလ်ချုပ်

စိတ်ကူးသစ်စာပေ

## [ ၁ ]

❑

မြန်မာနိုင်ငံ၏ နိုင်ငံရေးသမိုင်းနှင့် မြန်မာနိုင်ငံ၏ တပ်မတော်သမိုင်းတွင် မည်ကာမတ္တ ပါဝင်ခဲ့သူမဟုတ်။

သူက မြန်မာနိုင်ငံသမိုင်းစဉ်နှင့် ယှဉ်တွဲကာ ခွဲမရသည့် တပ်မတော်သမိုင်းစဉ်တွင် ထဲထဲဝင်ဝင် ပါဝင်ခဲ့သူဖြစ်သည်။

နယ်ချဲ့၏ ဖိနှိပ်ချုပ်ချယ်မှုများကြောင့် ကျွန်ဘဝမှ လွတ်မြောက်စေရန် စွမ်းဆောင်ကြိုးပမ်းခဲ့သည်။ နယ်ချဲ့ဆန့်ကျင်ရေး သမိုင်းစဉ်ထဲ၌ သူသည် တို့ဗမာအစည်းအရုံးဝင်ဖြစ်သည်။ သခင်ဖြစ်သည်။ သူ၏အမည်သည် ရှမောင်ဖြစ်သဖြင့် တို့ဗမာအစည်းအရုံးဝင် သခင်ဖြစ်တော့ သခင်ရှမောင်ဖြစ်ခဲ့သည်။

ထို့နောက် ဗိုလ်ချုပ်အောင်ဆန်း နယ်ချဲ့ဗြိတိသျှအား တိုက်ခိုက်ရန် နိုင်ငံရေးလမ်းစဉ်နှင့်မရ၊ ပြည်ပအကူအညီယူ၍ လက်နက်ကိုင်တော်လှန်ရေး ဆင်နွှဲရန် ဆုံးဖြတ်ခဲ့သည်။ ဗိုလ်ချုပ်ကိုယ်တိုင် ပထမမော်စီတုံး၏ တပ်နီတော် အကူအညီယူရန် ကြံစည်ခဲ့သော်လည်း အထမမြောက်ခဲ့။

နောက်ဆုံး ကာနယ်စုဇူကီး၏ အကူအညီဖြင့် ဂျပန်အစိုးရနှင့် တွေ့ဆုံပြီး သဘောတူညီမှုရခဲ့၏။ ဂျပန်ပြည်၊ ဟိုင်နန်ကျွန်းတွင် စစ်ပညာသင်ရန် ရဲဘောသုံးကျိပ် ဗိုလ်ချုပ်ဖွဲ့စည်းတော့လည်း သူပါသည်။

သခင်ရှုမောင်မှ ဗိုလ်နေဝင်းဖြစ်ခဲ့သည်။

သခင်ရှုမောင်နှင့် သခင်အောင်ဆန်းသည် တို့ဗမာအစည်းအရုံးဝင် သခင်များဖြစ်သော်လည်း သခင်အောင်ဆန်းက သခင်ကိုယ်တော်မှိုင်းဂိုဏ်းမှဖြစ်ပြီး သခင်ရှုမောင်က သခင်ဗစိန်ဂိုဏ်းမှ သခင်ဖြစ်သည်။

သို့သော် သခင်ရှုမောင်နှင့် သခင်အောင်ဆန်းက နိုင်ငံနှင့်လူမျိုး လွတ်လပ်ရေးအတွက် စိတ်တူကိုယ်တူ ရှိသူများဖြစ်သည်။

နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်မြောက်ရေး ကာလတစ်လျှောက်လုံး လက်တွဲညီခဲ့သူများဖြစ်၏။ B.I.A ၊ B.D.A ၏ တပ်မတော်၏ ထိပ်တန်းရာထူးကြီးများအား ရခဲ့သူဖြစ်၏။

တော်လှန်ရေးကာလများ၌ သူသည် ပြည်တွင်းသူပုန်ထကြွရေး အဖွဲ့ခေါင်းဆောင်ဖြစ်သည်။

## [၂]

❑

ဦးနေဝင်းသည် ၁၉၁၁ ခုနှစ်၊ မေလ (၁၄)ရက်ဖွားဖြစ်၏။ ပြည်ခရိုင်၊ ပေါင်းတည်ဇာတိဖြစ်၏။

ဗိုလ်ချုပ်ကြီးနေဝင်းက စစ်သားပီပီ စစ်ဝေ့ ၊ စစ်မာန်ရှိ၏။ လက်အောက်ငယ်သားများအပေါ်ကြင်နာသနားတတ်သူ၊ လုပ်ဖော်ကိုင်ဖက်များအား ကြည့်ရှုစောင့်ရှောက်သူဖြစ်၏။

ဗိုလ်ချုပ်ကြီးနေဝင်းသည် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း မသမာသူများလက်ချက်ဖြင့် ကျဆုံးသွားပြီးသည့်နောက်ပိုင်းပို၍ ထင်ရှားလာသူဖြစ်သည်။

နယ်ချဲ့ဗြိတိသျှတို့သည် မြန်မာနိုင်ငံအား မပေးမဖြစ် ပေးခဲ့ရသော်လည်း နယ်ချဲ့ပီပီ မြန်မာနိုင်ငံလွတ်လပ်ရေး ရရှိခြင်းနှင့်အတူ ပြည်တွင်းသောင်းကျန်းမှုမီးစအား တောက်လောင်စေခဲ့သည်။

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်၌ လွတ်လပ်ရေးရရှိပြီး ၁၉၄၉ ခုနှစ်၌ ပြည်တွင်းသောင်းကျန်းမီးက ဟုန်းဟုန်းထခဲ့သည်။



ကွန်မြူနစ်ပါတီက တောခိုပြီး မြစ်ဝကျွန်းပေါ်အနောက်ခြမ်းနှင့် ရိုးမကို တပ်စွဲသောင်းကျန်းခဲ့သလို၊ K.N.Uက ခဝဲခြံထိ သိမ်းပိုက်အောင်ပွဲခံခဲ့သည်။

သခင်နု၏ ပြည်ထောင်စုအစိုးရက မြန်မာနိုင်ငံ တစ်နိုင်ငံလုံး အာဏာမဖြန့်ကျက်နိုင်ခဲ့။

"ရန်ကုန်အစိုးရ" ဟု ခေါ်ဝေါ်သမုတ်ခြင်း ခံနေရပြီ။

ထိုအချိန်ကာလတွင် ဗိုလ်ချုပ်ကြီးနေဝင်းသည် စစ်ဦးစီးချုပ် သေနာပတိချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ရသည်။ K.N.U ခေါ် ကရင်သောင်းကျန်းသူတို့အား အင်းစိန်၊ ခဝဲခြံမှ နယ်စွန်နယ်ဖျားသို့ ရောက်သွားအောင် ကွပ်ကဲဦးဆောင်ခဲ့သူကလည်း ဗိုလ်ချုပ်ကြီးနေဝင်းပင်။

ဗိုလ်ချုပ်ကြီးနေဝင်းက စစ်သွေးစစ်မာန် ယစ်သူဖြစ်သော်လည်း အမျိုးသားရေးအမြင်၊ အမျိုးသားအကျိုးစီးပွား ရှေ့ရှုသူဖြစ်သည်။

ပြည်တွင်းသောင်းကျန်းမှုအား ဦးစီးနှိမ်နင်းရင်း နိုင်ငံတော်ငြိမ်းချမ်းမှုကို ရယူပေးခဲ့သူ။

ထိုအတူ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီး (၁၀) နှစ်အကြာ ၁၉၅၈ ခုနှစ် -

တပ်မတော်မှ ပြည်တွင်းသောင်းကျန်းမှုအား နှိမ်နင်းအောင်မြင်ခဲ့သော်လည်း နိုင်ငံရေးအာဏာရယူထားသည့် နိုင်ငံရေးသမားတို့သည် နိုင်ငံတော်၏ အုပ်ချုပ်ရေးနှင့် ဖွံ့ဖြိုးရေးအား မည်မည်ရရ မလုပ်နိုင်ခဲ့။

ပါတီအာဏာရရေးနှင့် ဝါဒရေးရာ ယှဉ်ပြိုင်မှုများ ရှိခဲ့သဖြင့် ပါတီအကွဲအပြဲ၊ တောင်တန်းဒေသ ခွဲထွက်ခွင့်ပြဿနာကြုံခဲ့သည်ကို သမိုင်းမှန်လေ့လာသူတိုင်း သိမည်ဖြစ်သည်။

၁၉၅၈ ခုနှစ်၌ နိုင်ငံတော်၏ အမြင့်ဆုံးအာဏာနှင့် ရာထူးရယူထားသည့် ဝန်ကြီးချုပ် သခင်နုသည် ဗိုလ်ချုပ်အောင်ဆန်း ကျစ်လျစ်ခိုင်မာစွာ ဖွဲ့စည်းထားသည့် ဖ.ဆ.ပ.လ အဖွဲ့ချုပ်အတွင်းရှိ ပုဂ္ဂိုလ်များနှင့် အကွဲအပြဲ ဖြစ်ခဲ့၏။



တော်လှန်ရေးကာလ ရှေ့တန်းတစ်နေရာတွင်
ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗိုလ်ချုပ်နေဝင်းအမှတ်တရ



ကိုင်နန်ကျွန်း၌ စစ်ပညာသင်နေစဉ် စစ်ရေးဆွေးနွေးနေသည့်
ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗိုလ်နေဝင်း

စိတ်ကူးသစ်စာပေ

ပြည်နယ်ခွဲထွက်ခွင့် ပြဿနာမီးကလည်း တောက်စပြုပြီ။

သည်အခါ နိုင်ငံတော်ဝန်ကြီးချုပ် သခင်နုကိုယ်တိုင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖြစ်သည့် ဗိုလ်ချုပ်ကြီးနေဝင်းအား အကူအညီတောင်းခဲ့သည်။

မငြိမ်မသက်ရှိနေသည့် နိုင်ငံအား ထိန်းသိမ်းပေးရန် မေတ္တာရပ်ခံခဲ့သဖြင့် အချုပ်အချာအာဏာ တည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စုမပြိုကွဲရေးအတွက် အိမ်စောင့်အစိုးရအဖြစ် တာဝန်ယူပေးခဲ့သည်။

စစ်တပ်သည် နိုင်ငံတော်အာဏာအား လုယူခဲ့ခြင်းမဟုတ်။ ထို့အတူ တပ်မတော်မှ နိုင်ငံတော်အာဏာယူ၍ အုပ်ချုပ်လျှင် ပါတီကဲ့သို့ နိုင်ငံရေးစနစ်မူဝါဒနှင့် အုပ်ချုပ်၍မရ၊ တပ်မတော်သည် ကာကွယ်ရေးအင်အားစုဖြစ်သဖြင့် အုပ်ချုပ်ရေး မကျွမ်းကျင်။

စစ်တပ်ဖြစ်သဖြင့် စစ်ဥပဒေအမိန့်နှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး ဆောင်ရွက်ရသည်။

ဗိုလ်ချုပ်ကြီးနေဝင်းသည် အိမ်စောင့်အစိုးရအဖြစ် နိုင်ငံတော်တာဝန်ယူချိန်တွင် အထင်ကရ ရွှေတိဂုံစေတီတော်နံဘေး သံပုံချိုင့်မှ အလီမူလာရပ်ကွက်မှ ဖိမ်ခန်းများအား အမိန့်နှင့် ဖျက်ဆီးခဲ့သည်။

ရန်ကုန်မြို့တော်၏ စည်ပင်သာယာခြင်းနှင့် မြို့အင်္ဂါများ ပျက်စီးစေသော မှိုလိုပေါက်နေသည့် ကျူးကျော်ရပ်ကွက်များအား ဖျက်ကာ သာကေတ၊ သုဝဏ္ဏ၊ ရန်ကုန်သစ် စသည့်မြို့သစ်များဖော်၍ ပြည်သူတို့ အိုးပိုင်အိမ်ပိုင်ဖြစ်စေရန် အမိန့်နှင့် စီစဉ်ခဲ့သည်။

ဤပြုလုပ်ချက်တို့သည် လူ့အခွင့်အရေးချိုးဖောက်ခြင်း မဟုတ်တန်ရာ၊ အာဏာရှင်လုပ်ရပ်လည်း မဖြစ်နိုင်။ အထူးသဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းစေရန် စီစဉ်ဆောင်ရွက်ပြီး ပါလီမန်ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပပေးခြင်းသည် အာဏာရှင်လုပ်ရပ်ဖြစ်သည်လား။

ထို့အတူ ၁၉၆၂ ခုနှစ်၊ ဗိုလ်ချုပ်ကြီးနေဝင်းဦးဆောင်သည့် "တော်လှန်ရေးကောင်စီ" မှ နိုင်ငံတော်အာဏာ သိမ်းယူခြင်းသည်လည်း အာဏာရှင်လုပ်ရပ် မဟုတ်ပေ။

ထိုစဉ်က နိုင်ငံရေးသမိုင်းကိုလေ့လာလျှင် သန့်ရှင်းတည်မြဲ အကွဲအပြဲရှိနေသလို နိုင်ငံရေးပါတီ အကွဲအပြဲအား အခွင့်ကောင်းယူကာ ရှမ်းပြည်မှ ခွဲထွက်ခွင့်တောင်းခံခဲ့သည်ကို လေ့လာလျှင် သိနိုင်၏။

ထိုအချိန်တွင် တပ်မတော်မှ အာဏာရယူလိုက်ခြင်းမရှိလျှင် ပြည်ထောင်စု ပြိုကွဲသွားလိမ့်မည်။ အချုပ်အချာအာဏာ လက်လွှတ်ဆုံးရှုံးသွားမည် မုချပင်။

ထို့ကြောင့် အာဏာရှင်မှ အာဏာသိမ်းခြင်းမဟုတ်သည်ကို သိနိုင်၏။

## [၃]

❑

ဗိုလ်ချုပ်ကြီးနေဝင်းသည် မျိုးချစ်စိတ်နှင့် အမျိုးသားရေးအမြင်ကြည်လင်သူဖြစ်သဖြင့် နိုင်ငံတော်အနာဂါတ်အား မျှော်တွေးခဲ့သူဖြစ်သည်။

နိုင်ငံတော် မတည်ငြိမ်ဖြစ်ရခြင်းအကြောင်းများကို လေ့လာလျှင် နိုင်ငံရေးသမားတို့၏ အကွဲအပြဲများဖြစ်သည်ကို တွေ့ရ၏။ နိုင်ငံရေးသမားတို့၏ အကွဲအပြဲတို့နှင့် တိုင်းပြည်ကို တပ်မတော်ကချည်း ထိန်းသိမ်းနေရသည်ကို မနှစ်မြို့ခဲ့။

အထူးသဖြင့် နိုင်ငံရေးသမား အတော်များများသည် မျိုးချစ်စိတ်မာတ်ထက် ပါတီအာဏာရရေးကို ရှေးရှုသူများ၏။ နိုင်ငံအချုပ်အခြာအာဏာ တည်မြဲရေးအတွက် မျိုးချစ်နိုင်ငံရေးသမားများ လိုအပ်နေပြီ။

ထို့ကြောင့် ဗိုလ်ချုပ်ကြီးနေဝင်းလက်ထက်၌ နိုင်ငံကာကွယ်ရေးအတွက် ဗိုလ်ချုပ်အောင်ဆန်း ရည်မှန်းချက်အတိုင်း ခေတ်မီတပ်မတော်ဖြစ်ရန် စွမ်းဆောင်ခဲ့သည်။

တပ်မတော်သားများအား စစ်ရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည် စသည့် စွမ်းရည် (၃)ရပ်ပြည့်ဝသည့် တပ်မတော်ဖြစ်ရန် ကြိုးပမ်းခဲ့၏။

ထိုသို့ စေတနာ၊ မေတ္တာစိတ်နှင့် လုပ်ခဲ့သည့် ဗိုလ်ချုပ်ကြီးနေဝင်းအား စစ်ပြန်စစ်မှုထမ်းဟောင်းများ ညီလာခံတွင် "တပ်မတော်ဖခင်" အဖြစ် အဆိုပြုကြ၏။

ဗိုလ်ချုပ်ကြီးနေဝင်းက ...

"ငါဟာ တပ်မတော်ဖခင် မဟုတ်ဘူး။ တပ်မတော်ဖခင်ဟာ ဗိုလ်ချုပ်အောင်ဆန်းပဲ"

ဟုဆိုကာ အဆိုအား ပယ်ချခဲ့သည်။ ထို့အတူ သည်အချိန်က ခေတ်စားသော စနစ်ဖြစ်ပြီး ဗိုလ်ချုပ်ကိုယ်တိုင်ရည်မှန်းခဲ့သည့် ဆိုရှယ်လစ်စနစ်ဖြင့် နိုင်ငံအားအုပ်ချုပ်ရန် စီမံ၏။

"မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ" အား ထူထောင်ခဲ့သည်။ ၁၉၇၄ ခုနှစ် အခြေခံဥပဒေအား အတည်ပြုခဲ့သည်။

၁၉၇၄ ခုနှစ်၌ နိုင်ငံတော်သမ္မတတာဝန် ယူခဲ့သည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအား ထူထောင်ကာ တစ်ပါတီစနစ်ဖြင့် ချီတက်ခဲ့သည်။

ငသသဇ

## [၄]

❑

ဗိုလ်ချုပ်ကြီးနေဝင်းသည် အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံတော်အာဏာအား စစ်တပ်အကြီးအကဲအဖြစ် တာဝန်ယူခဲ့သော်လည်း အာဏာမက်မောသူ အာဏာရှင်မဟုတ်။

ဗိုလ်ချုပ်ကြီးနေဝင်းသည် လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာသည့် တပ်မတော်၏ ခေါင်းဆောင်တစ်ဦးပီပီ အချုပ်အခြာအာဏာ တည်တံ့ နိုင်မြဲရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အဓိကထား ကာကွယ်၏။

ဗမာ့တပ်မတော်သည် အမျိုးသားရေးသစ္စာ မဖောက်သလို၊ အာဏာရှင်မဟုတ်။ နိုင်ငံကာကွယ်ရေးနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုမပြိုကွဲရေး အဓိကထားသည့် အဖွဲ့အစည်းဖြစ်သည်။

တပ်မတော်မှ နိုင်ငံတော်အာဏာရယူပြီးတိုင်း ပါတီစုံရွေးကောက်ပွဲများ ပြုလုပ်ပေးခဲ့သည့် အဖွဲ့အစည်းဖြစ်သည်။

ဗိုလ်ချုပ်ကြီးနေဝင်း အာဏာယူချိန်တွင် အရှေ့အနောက် ချစ်ကြည်ရေးများ ရှိခဲ့သည်။ တစ်ပါတီစနစ်အား ထူထောင်ခဲ့သည်မှာ ပါတီစုံ၏ဆိုးမွေကိုသိသဖြင့် စီစဉ်ခြင်းသာဖြစ်၏။ အာဏာရှင်မဟုတ်။

ဗိုလ်ချုပ်ကြီးနေဝင်းသည် အာဏာရှင်မဟုတ်၊ အစွင့်ထူးခံမဟုတ်၊ စစ်ပြန်စစ်မှုထမ်းဟောင်း ညီလာခံ၌ ဗိုလ်ချုပ်ကြီးနေဝင်းအား တပ်မတော်ဖခင်အဖြစ် အဆိုပြုသည်ကို ငြင်းပယ်ခြင်းက သက်သေဟုဆိုနိုင်၏။

ဗမာပြည်ကွန်မြူနစ်ပါတီဥက္ကဋ္ဌ သခင်သန်းထွန်း ရိုးမ၌ကျဆုံးသွားသောအခါ...

"သခင်သန်းထွန်း ကျဆုံးတာ ဝမ်းသာစရာမဟုတ်ဘူး၊ သူဟာ မြန်မာနိုင်ငံနှင့်လူမျိုး လွတ်လပ်ရေးကြိုးပမ်းမှုမှာ ပါဝင်ခဲ့သူ၊ ဝါဒမတူလို့ လမ်းလွဲခဲ့ပေမယ့် စိတ်မကောင်းစရာအဖြစ်ပဲ"

ဟု ဆိုခဲ့သူ၊ ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် တပ်မှူးများ ညီလာခံအား တစ်ရက်ရပ်ခဲ့သူ၊

လုပ်ဖော်ကိုင်ဖက်များကို နားလည်သူ၊ အမြဲ ကူညီသူ၊ အမျိုးသားပြန်လည်သင့်မြတ်ရေးအား ရှေးရှုသူ၊

ပြည်ပြေးဖြစ်ခဲ့သည့် သခင်နုအား "နာစရာရှိရင် လွမ်းစရာနဲ့ဖြေရမယ်" ဟု ဆိုပြီး ပြန်ခေါ်ခဲ့သူ၊

ဗိုလ်ချုပ်ကြီးနေဝင်းက အနောက်နိုင်ငံများမှ မြန်မာနိုင်ငံရှိ ကိုကိုးကျွန်းအား စစ်စခန်းငှားရာ "မြန်မာနိုင်ငံမှာ ဖျက်လိုဒ်ပြာတွေ မရှိစေချင်ဘူး" ဟု အမျိုးသားရေး အမြင်အသိနှင့် ငြင်းပယ်ခဲ့သူ၊

ထို့ကြောင့် အနောက်အုပ်စု၏ မုန်းတီးမှုခံရပြီး ဗီဒီယာနည်းဖြင့် ပုတ်ခတ်သိက္ခာချခံခဲ့ရသူ၊

ဗိုလ်ချုပ်ကြီးနေဝင်းက ၁၉၆၂ ခုနှစ်က တော်လှန်ရေးကောင်စီဥက္ကဋ္ဌအဖြစ် အာဏာသိမ်းယူတော့ ခွဲထွက်ရေးသမားနှင့် နိုင်ငံရေးကလိမ်ချံများအား "ဓားဓားချင်း၊ တုတ်တုတ်ချင်း" ဟု စိန်ခေါ်ခဲ့သလို (၈၈) အရေးအခင်းကာလက "သေနတ်ဆိုတာ မိုးပေါ်ထောင်ပစ်ရတာ မဟုတ်ဘူး၊ တည့်တည့်ပစ်ရတာ" ဟု ကျည်ဆန်တန်ဖိုးသိ စစ်ဗိုလ်ချုပ်တစ်ဦးပီပီ ဆိုခဲ့သည်၊


အနောက်မီဒီယာတို့၏ ကာလိမ်ဝေ့ခြမ်းဆင် လုပ်ကြံပြောမှုများ အား ခံခဲ့ရသော်လည်း ဂရုမပြုခဲ့၊ အမျိုးသားရေးအမြင်ရှိသူ၊ မျိုးချစ်စိတ်ရှိသူ ဖြစ်သဖြင့် ရဲဝံ့ခဲ့သူဖြစ်သည်။

ကိုယ်တိုင် ပါတီဥက္ကဋ္ဌမှ နုတ်ထွက်ပြီး နိုင်ငံတော်နှင့် ပြည်သူ့ အကျိုးမပြုဟု ယုံကြည်သဖြင့် ကိုယ်တည်ထောင်သည့်ပါတီအား ရဲဝံ့စွာ ဖျက်ခဲ့သည့် နိုင်ငံရေးသမား စစ်ဗိုလ်ချုပ်ဟောင်း။

စွမ်းရည် (၃)ရပ်နှင့်ပြည့်စုံသော တပ်မတော်အဖြစ် တည်ထောင် ခဲ့သည့် ဗိုလ်ချုပ်ကြီးနေဝင်းသည် အသက် (၇၉) နှစ်အရွယ် ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာ (၅)ရက်နေ့တွင် ကွယ်လွန်အနိစ္စရောက်ခဲ့သည်။

တကိုး -

- မြန်မာနိုင်ငံခရီးနှင့် ဗိုလ်ချုပ်ကြီးနေဝင်း
  (ဒေါက်တာမောင်မောင်)
- ကြေးမုံ၊ လုပ်သားသတင်းစာများ။



သမ္မတဦးသိန်းစိန်
(သို့မဟုတ်)
မြန်မာနိုင်ငံ၏ ဒီမိုကရေစီပုံကိုင်ရှင်

စိတ်ကူးသစ်စာပေ

[၁]

❑

၈၈ အရေးအခင်းကြောင့် မြန်မာနိုင်ငံ၏ နိုင်ငံတော်အာဏာအား တပ်မတော်မှ ယူလိုက်ရသည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ စသည်ဖြင့် အမည်ပြောင်းကာ တပ်မတော်၏ အစဉ်အလာအတိုင်း နိုင်ငံတော်အား နိုင်ငံတကာနှင့် တစ်ပြေးညီရှိစေရန် နိုင်ငံတော်သစ်တစ်ခု တည်ထောင်ရန် အဆင့် (၇) ဆင့်နှင့် စီစဉ်ဆောင်ရွက်ခဲ့၏။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးလက်ထက် ဖွဲ့စည်းခဲ့သည်။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ပြောင်းလဲခဲ့သည့်ပါတီသည် -

မြန်မာနိုင်ငံအား စည်းကမ်းရှိ၍ စစ်မှန်သော ဒီမိုကရေစီနိုင်ငံတည်ထောင်ရန်အတွက် ရည်သန်ဖွဲ့စည်းခဲ့သည့် အဖွဲ့အစည်းဖြစ်သည်။

အာဏာရှင်မဟုတ်သော အာဏာမယစ်မူးသော တပ်မတော်သည် အမျိုးသားရေးကို သစ္စာမဖောက်သလို၊ အမျိုးသားအကျိုးစီးပွားအတွက် တပ်မတော်၏ အစဉ်အလာအတိုင်း ၂၀၁၀ ခုနှစ်၌ အထွေထွေရွေးကောက်ပွဲအား ပြုလုပ်ပေးခဲ့၏။

ထို ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် ပါတီတစ်ရပ်အနေနှင့် တည်ဆဲဥပဒေနှင့်အညီ ရွေးကောက်ပွဲဝင်ခဲ့သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် မဲအရေအတွက်အများဆုံးနှင့် အနိုင်ရခဲ့သည်။

ဇမ္ဗူသီရိမြို့မှ ရွေးကောက်ပွဲဝင်ခဲ့သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ ကိုယ်စားလှယ် ဦးသိန်းစိန် အနိုင်ရခဲ့သည်။

အစိုးရဖွဲ့ခွင့်ရသည့်အခါ ဦးသိန်းစိန်သည် အစိုးရသစ်အား ဦးဆောင်သည့် သမ္မတအဖြစ် တာဝန်ယူရသည်။

<၁၀၁>

[ ၂ ]

❑

သမ္မတဦးသိန်းစိန်သည် စစ်ဗိုလ်ချုပ်ကြီးဟောင်းတစ်ဦးဖြစ်ပြီး နိုင်ငံတော်ဝန်ကြီးချုပ်အဖြစ် တာဝန်ယူခဲ့သူဖြစ်၏။

သို့သော် သမ္မတဦးသိန်းစိန်က စစ်သွေးစစ်မာန်ကင်းသူ၊ တိုယ်ကျင့်တရားကောင်းမွန်ပြီး မှန်ရာကို ပြောဝံ့သူပင်။

မှန်သည်၊ သူက တပ်မတော်၏ ကျင့်သုံးမှုစံနှုန်းအတိုင်း ရန်သူကို မီးလိုနေလို ကျင့်၍ ပြည်သူကို ရေလိုလလို ကျင့်သုံးသူတည်း။

ဦးသိန်းစိန်သည် သာမန်ဆင်းရဲသားကျေးလက်မှ လူလားမြောက်ခဲ့သူဖြစ်၏။ ပုသိမ်ခရိုင်၊ ငပုတောမြို့နယ်၊ ကျုံကူးရွာဇာတိဖြစ်သည်။

ကျေးလက်နေပြည်သူများဘဝအား ခံစားတွယ်သူ။ ထို့ကြောင့် သူသည် သမ္မတတာဝန်ယူချိန်တွင် ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေးအား အရင်လုပ်၏။

ပြည်သူများ စားဝတ်နေရေးပြေလည်မှ ငြိမ်းချမ်းသောဘဝအားတည်ဆောက်နိုင်မည်ဟု ခံယူသူ။

ဦးသိန်းစိန်သည် စစ်ရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည် စသည့် စွမ်းရည်သုံးရပ်ထက်မြက်သည့် တပ်မတော်၏ ဗိုလ်ချုပ်ကြီးဟောင်းဖြစ်၏။

သူက စစ်အုပ်ချုပ်ရေးစနစ်မှ ပါလီမန် ဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ်တွင် အရွေ့အပြောင်းတွင် ပထမဆုံးပေါ်ပေါက်လာသည့် အရပ်သားအစိုးရ၏ ခေါင်းဆောင် ပဲ့ကိုင်သူ သမ္မတဖြစ်သည်။


သမ္မတဦးသိန်းစိန်က ငယ်စဉ်က ပုသိမ် အထက်တန်းကျောင်းတွင် ပညာသင်ကြားခဲ့ပြီး စစ်တက္ကသိုလ် အပတ်စဉ် (၉)သို့ တက်ရောက်ပညာသင်ကြားနိုင်ခဲ့သူဖြစ်၏။

ဦးသိန်းစိန်သည် ရိုးသားကြိုးစားပြီး ကိုယ်ကျင့်တရား ကောင်းမွန်၏။ စိတ်ဓာတ်နူးညံ့ပြီး ရည်ရွယ်ချက် မြင့်မား၏။

သမ္မတဦးသိန်းစိန်၏ အဓိကအားသာချက်မှာ သူသည် စာဖတ်အားကောင်းပြီး ဆုံးဖြတ်ချက်ချရာတွင် မှန်ကန်မြန်ဆန်မှု ရှိသူ။

သဘောထား ပျော့ပြောင်းပြီး လိုရာအား ရောက်စေသူဟု ဆိုရမည်။ အထူးခြားဆုံးက သူသည် နိုင်ငံတကာအတွေ့အကြုံပြည့်ဝသူ ဖြစ်နေခြင်းပင်။

တပ်မတော်သားဘဝတွင် ရာထူးတွေ တရိပ်ရိပ်တက်လာပြီး အတွင်းရေးမှူး (၂)၊ အတွင်းရေးမှူး (၁) တာဝန်များရယူခဲ့ပြီး နိုင်ငံတော်ဝန်ကြီးချုပ်တာဝန် ယူခဲ့သည်။



၂၀၁၀ ပြည့်နှစ်၊ ဧပြီလတွင် ဗိုလ်ချုပ်ကြီးရာထူးမှ နုတ်ထွက်ခဲ့ပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌတာဝန်ယူခဲ့သူဖြစ်သည်။

ထိုနှစ် ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလတွင်ကျင်းပသည့် ရွေးကောက်ပွဲ၌ အနိုင်ရခဲ့ပြီး သမ္မတအဖြစ် တာဝန်ယူခဲ့သူဖြစ်သည်။

❧❀❀❀☙

## [၇]

❑

ဦးသိန်းစိန်သည် မြန်မာနိုင်ငံ၏ ဦးဆောင်သူသမ္မတအဖြစ် တာဝန်ယူရတော့ သူ့ဘဝသည် တည်ငြိမ်အေးဆေးခြင်းမရှိ။ တပ်ပျက်၍ ဗိုလ်လုပ်ရသူနှယ်တည်း။

နတ်ပူးသည့်တိုင် ယိုင် ဆိုသည့်စကားနှယ် ဘဝရင်ဆိုင်ခဲ့ရသည်။

မှန်သည်။ သမ္မတဦးသိန်းစိန်သည် စစ်အုပ်ချုပ်ရေးနှင့် ခေါက်ရိုးကျိုးနေသည့် အုပ်စုနှင့် ခေတ်ပြောင်းတော်လှန်ရေးအုပ်စု၊ အရေးမြို့ ဒီမိုကရေစီအုပ်ချုပ်ရေးများကြားတွင် တည်ငြိမ်စွာ လုပ်သင့်သည့်အလုပ်အား လုပ်ခဲ့သူဖြစ်သည်။

သူသည် နိုင်ငံတကာနှင့် တစ်ပြေးညီ လျှောက်လှမ်းနိုင်ရန်အတွက် စစ်မှန်၊ စည်းကမ်းရှိသည့် ဒီမိုကရေစီနိုင်ငံသစ် ထူထောင်နိုင်ရန် ကြိုးစားခဲ့သည်။

သန်း (၆၀) ခေသာ ပြည်သူတို့အား အလုပ်အကျွေးပြုရန် ကြိုးပမ်းခဲ့သူ။

---

စိတ်ကူးသစ်စာပေ

"ခေတ်ဟောင်း၊ စနစ်ဟောင်းက အဖြစ်ဆိုးတွေကို မြေလှန်ပစ်ရမယ်" ဟု ဆိုခဲ့သူ၊

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးအတွက် အမျိုးသားရေးအသိ၊ အမျိုးသားရေးစိတ်ဓာတ်နှင့် တိုင်းကျိုးပြည်ကျိုးပြုနေသည့် တပ်မတော်သားဘဝမှ လာသူဖြစ်သဖြင့် တိုင်းကျိုးပြည်ကျိုးပြု လုပ်ငန်းများအား ရိုးဖြောင့်စွာ လုပ်ခဲ့သူဖြစ်၏၊

သမ္မတဦးသိန်းစိန်သည် ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ အမျိုးသား ပြန်လည်သင့်မြတ်ရေးအတွက် စွမ်းဆောင်ကြိုးပမ်းခဲ့သလို လွတ်လပ်ရေးနှင့်အတူ နယ်ချဲ့ဖြိုခွဲမှုတို့ အဆစ်ထည့်ပေးသွားသည့် ပြည်တွင်းသောင်းကျန်းမှု ချုပ်ငြိမ်းရန် ပြည်တွင်းငြိမ်းချမ်းရေးကို ဖော်ဆောင်ခဲ့သည်၊

သမ္မတဦးသိန်းစိန်က စစ်သားဝိဝိ အတွေ့အကြုံရှိသူ ဆုံးဖြတ်ချက် ခိုင်မာသူဖြစ်သည်၊

သမ္မတဦးသိန်းစိန်က –

"ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် စိန်ခေါ်မှုများစွာကို ရင်ဆိုင်ကြုံတွေ့ခဲ့ရပေမဲ့ ဒီမိုကရေစီခရီးကိုတော့ ကျွန်တော် အရောက်လှမ်းသွားမှာပါ"

ဟု ပြည်ထောင်စုလွှတ်တော်၌ မိန့်ခွန်းမြွက်ကြား၍ ပြည်သူအား အသိပေးခဲ့သည်၊

သမ္မတကြီးဦးသိန်းစိန်ဦးဆောင်သည့် အစိုးရသစ်လက်ထက်၌ ပေါ်လွင်ထင်ရှားမြင်သာသည့် အဖြစ်အပျက်များနှင့် ပြည့်စုံခဲ့ပြီ၊

ဒီမိုကရေစီရေး မြန်မာပြည်သည် အသွင်ပြောင်းခဲ့ပြီ၊ ထင်သာမြင်သာသည့် ပြောင်းလဲမှုများလည်း ရှိခဲ့ပြီ၊ ထိုအတူ နှစ်ပေါင်းများစွာ ဆက်ဆံရေးပြတ်တောက်နေသည့် အမေရိကန် –မြန်မာ ဆက်ဆံရေးအားလည်း ပြန်လည်တည်ဆောက်နိုင်ခဲ့ပြီ၊

စိတ်ကူးသစ်စာပေ

ယခင်က စူပါပါဝါ နိုင်ငံကြီးဖြစ်သည့် အမေရိကန်နိုင်ငံ သမ္မတ အိုဘားမားက "မြန်မာနိုင်ငံ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးအတွက် မိုန်ပျပျ မြင်ရပြီ" ဟု ဆိုခဲ့သော်လည်း ယခုအခါ အမေရိကန်သမ္မတအိုဘားမားက မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုအား အားရကြောင်း၊ အမြဲတမ်း လက်တွဲ အကူအညီပေးမည်ဟု ဆိုခဲ့သည်။

သမ္မတဦးသိန်းစိန်၏ စိတ်ဓာတ်နှင့် လုပ်ရပ်မှန်ကန်မှု၊ နိုင်ငံနှင့် လူမျိုးများအပေါ် ထားရှိသည့်စေတနာ မှန်ကန်မှုကြောင့် ပြည်သူ၏ ထောက်ခံအားပေးမှုကို ရနေပြီး ကြိုဆိုသူပြည်သူတွေက များစွာပင်။

ကျွန်တော်တို့ မြန်မာနိုင်ငံအတွက် ခေါင်းဆောင်ကောင်းသည် သမိုင်းလိုအပ်ချက်အရ ပေါ်ပေါက်ခဲ့၏။

ခေါင်းဆောင်ကောင်းက ကောင်းသောလမ်း ညွှန်နေသလို နောက်လိုက်ကောင်း ဝီသစေရန် တိုင်းကျိုးပြည်ကျိုးအတွက် မိမိဆန္ဒ ရေ့တန်းမတင်ဘဲ သန်း (၆၀) ပြည်သူ့အကျိုးအတွက် သမ္မတကြီးဦးသိန်းစိန်နှင့် လက်တွဲ၍ နိုင်ငံသစ်ထူထောင်ရန် လိုအပ်ပြီဟု ဆိုရမည်ဖြစ်သတည်း။

⁂

တကိုး -

- ပြည်တွင်းထုတ် ဂျာနယ်၊ မဂ္ဂဇင်းများ



**ငြိမ်းချမ်းရေးနိုဗယ်ဆုရှင်**
**ဒေါ်အောင်ဆန်းစုကြည်**
**(သို့မဟုတ်)**
**ဒီမိုကရေစီသူမ**

စိတ်ကူးသစ်စာပေ

[ ၁ ]

❑

သူမက အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် မဟာသီရိသုဓမ္မဒေါ်ခင်ကြည်တို့၏ ချစ်မငြီးသည့် သမီးထွေးဖြစ်သည်။

သူမ လူမမည်အရွယ်တွင် ဖခင်ဖြစ်သူမှာ မသမာသူတို့၏လက်ချက်ဖြင့် ကျဆုံးခဲ့ရသည်။ ကြင်နာခြင်း၊ ယုယမှု တစ်ခြမ်းပဲ့ဘဝဖြင့် ရပ်တည်ခဲ့သူ။

ဖခင်၏ ကြင်နာမှု၊ ဘဝသာယာမှုမှုအပ မပြည့်မစုံနှင့် ဖခင်နောက်သို့လိုက်ပါရင်း ဗိုလ်ချုပ်အောင်ဆန်း၏ သမီးပီပီ ဖွဲ့၊ သတ္တိ ကြိုးစားမှုဖြင့် ဘဝအောင်မြင်မှုကို ရယူခဲ့သူဖြစ်သည်။

ကြင်နာမှုပြည့်ဝသည့် မိခင်ရင်ငွေ့နှင့် လူလားမြောက်ခဲ့သူပီပီ မိသားစုဘဝ၊ မိသားစု အသိုက်အမြုံအား မြတ်နိုးသူ။ ဒေါ်အောင်ဆန်းစုကြည်၏ ဘဝသည် နှစ်ပေါင်းများစွာ နိုင်ငံရပ်ခြား၌ အနေများသူဖြစ်သဖြင့် နိုင်ငံရပ်ခြား တိုင်းတစ်ပါးသားနှင့် အိမ်ထောင်ကျခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်သည် ဗြိတိသျှလူမျိုး "ဒေါက်တာမိုက်ကယ်အဲလစ်"နှင့် အကြောင်းပါခဲ့သဖြင့် အမျိုးသားရေးအမြင်၊ မျိုးချစ်စိတ်ဓာတ်နှင့် ယှဉ်ကြည့်သူများက အပြစ်ဟုမြင်၏။

အဘယ်ကြောင့်ဆိုသော် ဗြိတိသျှတို့၏ နယ်ချဲ့စနစ်ကြောင့် ကျွန်ဖြစ်ခဲ့သည့် မြန်မာနိုင်ငံနှင့် မြန်မာတိုင်းရင်းသားများအတွက် နယ်ချဲ့ဗြိတိသျှအား မုန်းတီးခဲ့၏။



သို့နှယ်ပင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအား ဂဠုန်ဦးစောလုပ်ကြံသည်ဟု ဆိုသော်လည်း ယင်းသို့ ဂဠုန်ဦးစော လုပ်ကြံဖြစ်စေရန် အဘက်ဘက်မှ ပံ့ပိုးကူညီသော နယ်ချဲ့လူမျိုးအား အိမ်ထောင်ဘက်ရွေးချယ်သဖြင့် မျိုးချစ်စိတ်ဓာတ် ပြင်းထန်သူများကြားတွင် ဝေဖန်မှုများ ရှိခဲ့သော်လည်း ပြောင်းလဲနေသည့် ဂလိုဗယ်ခေတ်တွင် ပြဿနာဟု မဆိုသာ။



ယင်းကဲ့သို့ပင် ဒေါ်အောင်ဆန်းစုကြည်၏ ဘဝဖြတ်သန်းမှုအား ပြန်ပြောင်းလေ့လာကြည့်လျှင် သူမသည် မြန်မာ့ယဉ်ကျေးမှု၊ ရိုးရာစဉ်လာတို့အား စွန့်လွှတ်သူ၊ ဥပေက္ခာပြုထားသူ မဟုတ်သည်ကို မိခင်ကြီးနာမကျန်းဖြစ်စဉ် သား (၂)ဦးအား သာသနာ့ဘောင်သို့ သွတ်သွင်းလာခဲ့ခြင်းသည် သက်သေဖြစ်သည်။

ယနေ့တိုင် သူမ၏ နေမှု၊ ထိုင်မှု၊ ဝတ်စားဆင်ယင်မှုကို ကြည့်လျှင် မြန်မာပီသသော၊ ယဉ်ကျေးမှု ထိန်းသိမ်းသောသူအဖြစ် စံပြနေထိုင်ပြခဲ့သည်မှာ သာဓကပြုစရာပင်။

[၂]

❑

သူမနှင့်ပတ်သက်၍ သူမ မြန်မာနိုင်ငံသို့ ရောက်ရှိလာခြင်းသည် နိုင်ငံရေးလုပ်ရန် ပြန်လာခြင်းမဟုတ်ဟု ဆိုခဲ့သလို၊ သူမကိုယ်တိုင်လည်း မိခင်ဖြစ်သူ၏ ကျန်းမာရေးအား ပြုစုရန် သမီးကောင်းပီသစွာ ရောက်လာခြင်းဖြစ်သည်ကို သူမကိုယ်တိုင် ဝန်ခံခဲ့သည်ပင်။

သို့သော် မျိုးရိုးဗီဇစိတ်သည် ဖုံးကွယ်ထား၍မရဟု မြန်မာစကားရှိ၏။ မှန်သည်။ ဒေါ်အောင်ဆန်းစုကြည်သည် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏သမီး ဖြစ်သကဲ့သို့ ဗိုလ်ချုပ်ငယ်စဉ်က မြန်မာတိုင်းရင်းသားတို့ သူ့ကျွန်ဖြစ်၍ လူလုံးမလှသည့်အဖြစ်ကို တွေ့ပြီး အိပ်မပျော်သကဲ့သို့ "၈၈" ကာလတွင် ပြည်သူတို့၏ အခက်အခဲဒုက္ခနှင့် ဖခင်ကြီးနှင့် တိုင်းရင်းသားများ အသက်စွန့်ရယူလာခဲ့သည့် လွတ်လပ်ရေး မဆုံးရှုံးစေရေးကို သူမ တွေးမိလိမ့်မည်။

ဗမာစကားတွင် "နွားကွဲလျှင် ကျားဆွဲသည်" ဟု ရှိ၏။ စည်းလုံးမှုသည် အင်အားဖြစ်သည်။ စည်းလုံးမှု ပြိုကွဲနေမှုအား သူမ ကစားခဲ့သည်လည်း ဖြစ်သည်။

နိုင်ငံရေးသမိုင်းစဉ်အား ပြန်ကြည့်လျှင် "၈၈" ကာလသည် အရိုင်းဆန်သည့် ကာလဖြစ်သည်။ ဦးတည်ချက်မဲ့သောကာလဟု ဆိုရမည်။ သူမ နိုင်ငံရေးစင်မြင့်သို့ ရောက်ပြီးနောက်ပိုင်း ပြည်သူအပေါင်းအား ဒီမိုကရေစီလမ်းတစ်ခု ဖောက်ပေးနိုင်ခဲ့သည်။

မြန်မာနိုင်ငံတွင် ဒီမိုကရေစီ တွင်ကျယ်လာခဲ့သည်မှာ သူမ၏ ဦးဆောင်မှုကြောင့်ဖြစ်သည်မှာ ငြင်းစရာမရှိ။ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအရေးနှင့် သူမ ခွဲမရဟုဆိုလျှင်လည်း မမှားပါ။

ပါတီထူထောင်ခြင်း၊ ရွေးကောက်ပွဲဝင်ခြင်းသည် ဒီမိုကရေစီ၏ အနှစ်သာရဖြစ်သဖြင့် သူမ ပါတီထူထောင်ခြင်း၊ ရွေးကောက်ပွဲဝင်ခြင်းသည် အပြစ်မဟုတ်ပါ။

၁၉၉၀ ပြည့် ရွေးကောက်ပွဲတွင် သူမ၏ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် အောင်မြင်ခဲ့သော်လည်း အစိုးရဖွဲ့ခွင့် မရခဲ့။

ရွေးကောက်ပွဲနောက်ပိုင်း အာဏာဖီဆန်ခြင်းနှင့် ထိပ်တိုက်ရင်ဆိုင်ခြင်းကို ကျင့်သုံးခဲ့သည်။ တစ်ခုရှိသည်က သူမသည် နိုင်ငံရပ်ခြားတွင် နှစ်ပေါင်း (၄၀) ကျော်နေခဲ့သူ ဖြစ်သဖြင့် မြန်မာလူမျိုးတို့၏ အဇ္ဈတ္တနှင့် စိတ်ဓာတ်သဘာဝကို ပိုင်ပိုင်မသိနိုင်။

စင်စစ် မြန်မာတိုင်းရင်းသားများက ခေါင်းဆောင်ကို အားကိုးတတ်ပြီး အမုန်တရားထက် သံသယပွားစိတ်နှင့် ဆန္ဒစောတတ်သည်ကိုသာ သူမ သိလျှင် ဤသို့ ဆန့်ကျင်မှုနှင့် တည်ငြိမ်မှုပျက်ပြားခြင်းကို မက်မောလိမ့်မည် မဟုတ်ဟု ထင်သည်။

## [၃]

❑


သူမဖခင် ဗိုလ်ချုပ်အောင်ဆန်းသည် တန်ဖိုးရှိသည့် အချိန်များအား ထောင်အုတ်စည်းရိုးနောက်တွင် ဖြုန်းတီးလိုစိတ်မရှိသူ၊ နိုင်ငံနှင့်လူမျိုးအတွက် အချိန်ကို တန်ဖိုးရှိစွာ အသုံးချတတ်သူဖြစ်၏။

ဒေါ်အောင်ဆန်းစုကြည်သည်လည်း အမှန်တရားမြတ်နိုး၍ ပွင့်လင်းရိုးသားသူပီပီ နေအိမ်အကျယ်ချုပ်၌ နေရစဉ်က အချိန်မဖြုန်းခဲ့။ အချိန်ကို တန်ဖိုးရှိစွာ အသုံးချခဲ့သည်။ အမှားနှင့်အမှန်၊ အကောင်းနှင့်အဆိုးအား သုံးသပ်ခဲ့သည်။ စာပေလေ့လာခြင်းနှင့် အချိန်ကုန်စေခဲ့သည်။

ရှုပ်ထွေးမှုနှင့် မတည်ငြိမ်မှုသည် ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေးနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ ရှုပ်ထွေး၊ မတည်ငြိမ်မှုသည် ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီရေးအား မဖြစ်ထွန်းနိုင်ဟု ယုံကြည်မိသည့်အတွက် သူမကိုယ်တိုင် ပြုပြင်ပြောင်းလဲမှုကို လုပ်ခဲ့သည်။

အရပ်သားအစိုးရသစ်လက်ထက် သူမ နေအိမ်အကျယ်ချုပ်မှ ထွက်တော့ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေး၌ အလိုအပ်ဆုံးဖြစ်သည့် သမိုင်းဝင်စကား ဆိုခဲ့သည်။

"နောင်ဆို . . . လူထုကြီး လမ်းမပေါ် ထွက်စရာမလိုတော့ပါဘူး"



မြန်မာနိုင်ငံရေး သမိုင်းစဉ်နှင့်
ခေါင်းဆောင်ရှင်တို့အား မှတ်တမ်းတင်ခြင်း

---

စိတ်ကူးသစ်စာပေ

❑

ဒေါ်အောင်ဆန်းစုကြည်က ရိုးသားပွင့်လင်းသူ၊ ဖခင်ဖြစ်သူ ဦးဆောင်ရယူပေးခဲ့သည့် လွတ်လပ်သည့်၊ အချုပ်အချာပိုင်သည့် နိုင်ငံတော်အား ဒီမိုကရေစီနိုင်ငံအဖြစ် ထူထောင်နိုင်ရန် ဆန္ဒပြင်းပြသူပီပီ လုပ်သင့်လုပ်ထိုက်သည့် အလုပ်အား လုပ်ခဲ့သည်။

အရပ်သားအစိုးရ၏ သမ္မတတာဝန်ယူရသည့် သမ္မတဦးသိန်းစိန်က ပြည်သူ့ဆန္ဒ၊ ပြည်သူ့သဘောထားအတိုင်း "မြစ်ဆုံစီမံကိန်း" အား ရပ်နားကြောင်း ကြေညာတော့ ဒေါ်အောင်ဆန်းစုကြည်သည် တိုင်းပြည်အကျိုး၊ လူထုအကျိုး အရှည်မျှော်ကိုးသူပီပီ၊

"ပြည်သူ့ဆန္ဒ၊ ပြည်သူ့သဘောထားကို အလေးထားတဲ့ အစိုးရကို ကြိုဆိုရမယ်"

ဟု ရိုးဖြောင့်စွာ ဆိုခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်နှင့် တရားဝင်တွေ့ဆုံပြီး နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးအား သယ်ပိုးရန် ဆုံးဖြတ်ခဲ့သည်။

သူ့ပါတီအား တရားဝင်မှတ်ပုံတင်ပြီး ကြားဖြတ်ရွေးကောက်ပွဲဝင်ခဲ့သည်က သက်သေပင်။ ဒီမိုကရေစီတွင် တရားဝင်ပါတီမှတ်ပုံတင်ပြီး ရွေးကောက်ပွဲဝင်ကာ လွှတ်တော်တွင်းမှ ပြည်သူ့ကိုယ်စားလှယ်အဖြစ် ပါဝင်ဆောင်ရွက်ခြင်းသည် မှန်ကန်သောလုပ်ရပ်လည်း ဖြစ်သည်မဟုတ်လား။

မှန်သည်။

သူမသည် ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးကို လိုလားသူပီပီ တရားဥပဒေ စိုးမိုးရေးအတွက် ကြိုးပမ်းခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည် လွှတ်တော်အတွင်း ရောက်ရှိပြီးနောက် အမျိုးသားအကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက်၊ စီးပွားဖွံ့ဖြိုးမှုအတွက် အနှောင့်အယှက်ဖြစ်နေသည့် "ဆန်ရှင်" ပယ်ဖျက်ရေးအတွက် ဦးဆောင်ခဲ့သည်။

သူမ၏စေတနာ၊ ကြိုးစားစွမ်းဆောင်မှုကြောင့် ဆန်ရှင်ပယ်ဖျက်ခြင်းအရေးသည် အောင်မြင်ခဲ့ရုံမက နှစ်ပေါင်း (၅၀)အတွင်း သူစိမ်းပြင်ပြင်ဖြစ်နေသည့် အမေရိကန် - မြန်မာ ဆက်ဆံရေး အောင်ပွဲခံနိုင်ခဲ့သည်။

"ပေါင်းစည်းညီညွတ်ခြင်းသည် အောင်ပွဲပင်"။

အမေရိကန်သမ္မတ ဘာရက်အိုဘားမား၏ မြန်မာပြည်ခရီးသည် မြန်မာနိုင်ငံ ဒီမိုကရေစီ ဖွံ့ဖြိုးရေး၏ မီးရှူးတန်ဆောင်လည်း ဖြစ်သည်ဟု ဆိုလျှင် မှားမည်မဟုတ်ပါ။

သမိုင်းဝင်ငြိမ်းချမ်းရေးနိုဗယ်ဆုရှင်၏ မှန်ကန်သော လုပ်ဆောင်ချက်လည်း ဖြစ်သည်တည်း။

# [၄]

❑

ဒေါ်အောင်ဆန်းစုကြည်က ဖခင်အောင်ဆန်းဖွံ့ဖြိုးသမားပီပီ နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးအတွက် သူမပါတီမှ ကွန်ယက်များဖြန့်ကျက်ကာ ပညာရေး၊ ကြိမ်းချမ်းရေး ကွန်ယက်များနှင့် နိုင်ငံတိုးတက်ရေး ဆောင်ရွက်ခဲ့သည်။

ထို့အတူ လွှတ်တော်အတွင်းမှ နိုင်ငံ့အကျိုးအတွက် အစိုးရနှင့် လက်တွဲဆောင်ရွက်နေပြီ။

တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး ကော်မတီဥက္ကဋ္ဌ အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သလို မြန်မာနိုင်ငံတွင် အထင်ကရဖြစ်ခဲ့ သည့် "လက်ပံတောင်းတောင်" ကြေးနီစီမံကိန်း ပဋိပက္ခ စုံစမ်းရေးကော် မတီ၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။

သူမက ဒီမိုကရေစီသမားပီပီ -

"တရားဥပဒေ စိုးမိုးခြင်းဆိုတာ ပြည်သူအကြပ်အတည်းဖြစ် အောင် လုပ်လို့မရဘူး။ အစိုးရအကြပ်အတည်းဖြစ်အောင်လည်း လုပ်လို့ မရဘူး။ ဒါ ဒီမိုကရေစီပဲ"

ဒေါ်အောင်ဆန်းစုကြည်က ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးကို မြတ်နိုး သည်။ ငြိမ်းချမ်းရေး နိုဝယ်ဆုရှင်ပီပီ အမှန်တရားဘက်တွင် မားမားမတ် မတ် ရပ်ခဲ့သည်။

"နိုင်ငံနဲ့လူမျိုးအကျိုးကို ဆောင်ရွက်သူဟာ တစ်ခါတစ်ရံ လူထု အငြိုအငြင်လည်း ခံရတတ်တယ်"

ဟု သူမဆိုခဲ့သည်။



**ဒေါ်အောင်ဆန်းစုကြည်**

စိတ်ကူးသစ်စာပေ

မှန်သည်။

"လက်ပံတောင်းတောင် ကြေးနီစီမံကိန်း" အစီရင်ခံစာသည် သမာသမတ်ကျသော၊ ယထာဘူတကျသော အစီရင်ခံစာ ဖြစ်စေကာမူ အတ္တဆန္ဒလွှမ်းကဲသော၊ သံသယပွားတတ်သော ပုဂ္ဂိုလ်အချို့က ခေါင်းခါခဲ့၏။

နိုင်ငံတော်၏ ရေရှည်အကျိုး၊ တိုင်းရင်းသားပြည်သူတို့၏ ရေရှည်အကျိုးကို ကြည့်သော သူမကို အပြစ်မမြင်သင့်။ ဒီမြေမှာနေ၊ ဒီမြေမှာမွေးပြီး သည်ရေသောက်သောသူတိုင်း တာဝန်ကျေသင့်သည်။ ဆန္ဒတိုင်း အမှန်မဟုတ်သည်ကို ပြည်သူတို့ သိသင့်သည်။

ငြိမ်းချမ်းမှုအတွက် ညှိနှိုင်းရမည်။

အောင်မြင်မှုအတွက် ပူးပေါင်းရမည်။

ဒါကို ပြည်သူတွေ သိသင့်သည်။

လူထုပုံရိပ်ဂျာနယ်တွင် "လူထုရှေ့တွင် ဒေါ်အောင်ဆန်းစုကြည် ပထမဆုံး ဒေါသထွက်" ဟူသည့်ခေါင်းစဉ်ကြီး ဖတ်လိုက်ရတော့ စာရေးသူ စိတ်မကောင်းဖြစ်ရသည်။

တိုင်းကျိုးပြည်ကျိုးအား စိတ်ကောင်းစေတနာနှင့် လုပ်သူကို အထင်မမှားသင့်။ အမှန်တရားအတွက် သံသယပွား၍ မကြည့်သင့်ပါ။

ထို့အတူ ပြည်သူအများ အသိမမှားဖို့ "သီတဂူဆရာတော် ဦးဉာဏိဿရ" ၏ ဩဝါဒ မိန့်စကားကလေး လက်ဆောင်ပါးချင်ပါရဲ့။

"စည်းလုံးညီညွတ်တဲ့ မြန်မာနိုင်ငံဖြစ်ဖို့ လုပ်ဆောင်နေတဲ့ သမ္မတ ဦးသိန်းစိန်နဲ့ ဒေါ်အောင်ဆန်းစုကြည်တို့နှစ်ဦး ကွဲပြီဆိုလျှင် ဆူးခင်းလမ်းကနေ မီးခင်းလမ်းကို လျှောက်ရပါလိမ့်မယ်။ စည်းလုံးမှုမပျက်အောင် ထိန်းထားပါ။ ကိုယ်ကျိုးတွေ စွန့်ကြဖို့၊ မေ့ပစ်ကြဖို့၊ ဝိုင်းဝန်းထိန်းပေးကြဖို့ မှာလိုတယ်"

သီတဂူဆရာတော် ဦးဉာဏိဿရ

(ပြည်တွင်းထုတ်ဂျာနယ်များ ကိုးကားသည်။)

နိဂုံး

သို့မဟုတ်

မြန်မာ့နိုင်ငံရေးသမိုင်းစဉ်နှင့်

ခွမ်းဆောင်ရှင်တို့အား မှတ်တမ်းတင်ခြင်း

[ ၁ ]

❑

နိုင်ငံသမိုင်းသည် နိုင်ငံတိုးတက်ခြင်းအတွက် လိုအပ်ချက်ဖြစ်သည်။ မြန်မာ့သမိုင်းအား ဖန်တီးသူများသည် လူပုဂ္ဂိုလ်များဖြစ်သည်။

ထိုထိုသော လူပုဂ္ဂိုလ်တို့အကြောင်းသည် လူတိုင်း (နိုင်ငံသားတိုင်း) သိသင့်သည့်အကြောင်းဖြစ်သည်။

သိရမည့်နေရာတွင် အမှန်အတိုင်းဖြစ်ရန် လိုသည်။

ပုဂ္ဂိုလ်ရေးကိုးကွယ်မှု၊ ပုဂ္ဂိုလ်ရေး မကျေလည်မှုလည်း သမိုင်းတွင် ပါစရာမလို။

ဒေါက်တာသန်းထွန်းက "သမိုင်းတွင် ဆင်ဆာမရှိ" ဟု မိန့်ကြားခဲ့သည်။

လူ့အကြောင်းရေးလျှင် အကောင်းရှိသလို၊ အဆိုးလည်း ရှိနိုင်၏။ အဆိုးအကောင်းသည် အဓိကမဟုတ်။

မျိုးချစ်စိတ်နှင့် စိတ်စေတနာမှာ အဓိကဖြစ်သည်။ သို့မှသာ သမိုင်း မှန်မည်။

[ ၂ ]

❑

ဤစာအုပ်ပါ ပုဂ္ဂိုလ်များသည် နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသား လွတ်မြောက်ရေး၊ လွတ်လပ်ရေးနှင့် လွတ်လပ်ရေးရပြီးနောက် နိုင်ငံအတွက် စွမ်းဆောင်ကြိုးပမ်းခဲ့သည့် ပုဂ္ဂိုလ်တို့၏ အကြောင်းဖြစ်သည်။

ဤစာအုပ်ပါ ပုဂ္ဂိုလ်များသည် စာဖတ်သူတို့လေးစားသော၊ ကိုးကွယ်နေသော ပုဂ္ဂိုလ်များလည်း ပါနိုင်သလို၊ အဆင်မပြေသော၊ မုန်းတီးသော ပုဂ္ဂိုလ်များလည်း ပါနိုင်သည်။

ဒါလည်း အကြောင်းမဟုတ်ပါ။

ကျွန်တော်တို့သည် ပုဂ္ဂိုလ်ရေး ရှေ့တန်းတင်၍ မရ၊ နိုင်ငံရေး အမျိုးသားရေးကိုသာ ရှေ့တန်းတင်ရမည်။

ကျွန်တော် ဤစာအုပ်အား အရှိတရားအတိုင်း ပြုစုခဲ့ခြင်းဖြစ်သည်။

နိုင်ငံအတွက်၊ လူမျိုးအတွက် စွမ်းဆောင်ခဲ့သူများဖြစ်သဖြင့် ဝက်ယူစွာ မှတ်တမ်းတင်ခဲ့ခြင်းဖြစ်သည်။

[ ၃ ]

❑

ဤစာအုပ်သည် စာဖတ်သူတို့အတွက် အကျိုးတစ်စုံတစ်ရာရှိမည် ဆိုပြားအံ့။

ကျွန်တော်ပြုစုရကျိုး နပ်မည်ဆိုရမည်။


စာဖတ်သူများရဲ့
ဓအာင်မြတ်ဦး
၁-၁၂-၂၀၁၂
၁၈၀ (က)၊ ဘရက်ဂီလမ်း၊
(၁၁)ရပ်ကွက်၊ လှိုင်သာယာမြို့
ဖုန်း - ၀၉၄၂၀၀၉၁၀၇၆

## ကျမ်းကိုးစာရင်း

၁။ မြန်မာ့စွယ်စုံကျမ်းများ

၂။ မြန်မာ့နိုင်ငံရေးခရီးနှင့် ဗိုလ်ချုပ်ကြီးနေဝင်း
(ဒေါက်တာမောင်မောင်)

၃။ တစ်ချိန်က ထင်ရှားခဲ့သည့် ပုဂ္ဂိုလ်ကြီးများ
(ရွှေဥဒေါင်း)

၄။ မြန်မာ့နိုင်ငံရေး ကိုင်လှုပ်ခဲ့သည့် ထိုသုံးဦး
(လှကျွန်)

၅။ တို့ဗမာအစည်းအရုံးသမိုင်း
(စာပေဗိမာန်)

၆။ ဦးလေးမောင်
မြန်မာ့နိုင်ငံရေးသမိုင်း

၇။ ပြည်တွင်းထုတ်ဂျာနယ်များ